www.burmeseclassic.com

အောင်မြင်စာပေ

# ဓဝတ

## ပုန်းဆိုးမြေမှတာရွှေခေါ်သံ



www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ယဇ်ပလ္လင်ဟာ ငါတို့ဝိညာဉ်တွေရဲ့တစ်ခုတည်းသော ဘဝဇာတ်ခုံသာဖြစ်တယ်။ ယဇ်ပလ္လင်ဆီမှသာ နတ်ဘုရားကို မြင်နိုင်တယ်... သင်တို့အားလုံး ကျွန်ုပ်ထံ သွေးနှင့် သစ္စာပြုပါလော့... နတ်ဘုရားကို ဖူးကြလော့...



www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ဒေဝတာ
ဖုန်းဆိုးမြေမှ တစ္ဆေခေါ်သံ/ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၁၆၄ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၁၀၀၆၇၅၁၀၉၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၁၀၀၅၉၉၁၂၀၀
ထုတ်ဝေသူ ဦးအောင်မြင့်၊ အမှတ် (၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။
ဖြန့်ချိရေး အောင်မြင်စာပေ၊ အမှတ် (၁)၊ အောင်သာယာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၀၉၊ ပထမအကြိမ် ၂၀၁၂ ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ (၅၀၀)၊ တန်ဖိုး (၂၀၀) ကျပ်။





# အခန်း (၁)

**တစ်**ညနေလုံး အုံ့ဆိုင်းနေသော မိုးသားတိမ်လိပ်တို့ . . နေဝင်လုလုအချိန်ရောက်မှ နိမ့်ဆင်းအိပြိုကာ ရွာချပစ်လိုက်သည်။ မိုးနှင့်အတူ လေပါ ပါလာသဖြင့် လေဦးလည်ထွက်သွားပြီး လူပါ ယိုင်သွား၍ ဖိုးအောင် လေ့နံတစ်ဖက်ကို လှမ်းကိုင်ကာ ထိန်းလိုက်ရလေသည်။

ခေတ်ကာလက လွတ်လပ်ရေးမရသေးမီ အင်္ဂလိပ်တို့ အုပ်ချုပ်နေသောအချိန် ဖြစ်သည်။

"ဝေါ. . . ဝေါ"

ဇီးကင်းလုံးခန့်ရှိသော မိုးစက်မိုးပေါက်များက လေစီးအရှိန်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လွင့်စဉ်ကာ ဖိုးအောင်ကျောပြင်ကို ရိုက်ခတ်ကြ၍ စပ်ဖျဉ်း တွန့်လိမ့်နေကာ ကမ်းစပ်ဖက်ဆီ လှမ်းကြည့်သည်။ ပုံမှန်တော့ ဒီလို အချိန် အလင်းရောင် ကျန်နေသေးသော်လည်း ဒီညနေစောင်းအဖို့ မိုးမှောင်ကြီး ကျကာ သဲသဲမဲမဲ ရွာနေတော့သဖြင့် ငမိုးရိပ်ချောင်းလို မကျယ်မကျဉ်း ချောင်းရေပြင်ကလေးက ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်လို ဖြစ်ကာနေတော့သည်။

"ခွီးမှပဲကွာ. . . ချမ်းတောင်ချမ်းလာပြီ"

ဒီလိုအချိန်မျိုး ဆန်အရက်တစ်ပိုင်းလောက် မော့ပြီး ဆေးလိပ်တစ်ဖွာနှစ်ဖွာလောက် ဖွာရှိုက်လိုက်ရလျှင် အဘယ်မျှ ကောင်းလေစွဟု တွေးကာ ခံတွင်းစိုလာပြီး ကမ်းဖက်ဆီ လှမ်းကာ ငေးကြည့်ပြန်သည်။

ပိုက်တွေက မြင်သာရွာဘက် ကပ်ကာ ချထားသဖြင့် တိုးကြောင်ကြီးဘက် ပြန်ကပ်လို့တော့ မဖြစ်သေး။ ဒီမိုးဒီလေက တော်တော်နှင့်လည်း စဲမှာမဟုတ်။ ပြီးတော့ အရက်ပုန်းဆိုင်ချင်း အတူတူ မြင်သာဘက်က အရက်က ပိုကောင်းကြောင်း. . . ဖိုးအောင်တို့လို သောက်တတ်သော တိုးကြောင်ကြီးရွာသားအားလုံး သိသဖြင့် ဖိုးအောင် ကမ်းကပ်ဖို့ ဆုံးဖြတ်ပြီး မြင်သာဘက်ခြမ်း လှေဦးလှည့်လိုက်တော့သည်။

မမြင်ရသော်လည်း ဒီငမိုးရိပ်ချောင်းထဲ ပိုက်မျှောပိုက်ချနေသော ဖိုးအောင်အတွက် ကမ်းစပ်ရှိ ခရာချုံအနိမ့်အမြင့်ကို ကြည့်ရုံဖြင့် ဒါ. . စံပြလား၊ မြင်သာလားဆိုတာ ခွဲခြားသိသည်။ လေက ဖိထားသဖြင့် ကမ်းဦးတိုက်အောင် ဆယ်မိနစ်လောက် အားစိုက်ပြီး လှော်ပစ်လိုက်ရသည်။





"ဟူး. . . ရောက်ပြီကွ"

နွံပြင်ပေါ် လှေဦးထိုးမိသည်နှင့် လှေပေါ် အလျားလိုက်တင်ထားသော ထိုးဝါးကို မ,ယူကာ ရေစီးအောက်မှ ပိတ်၍ထိုးကာ စိုက်ချသည်။ ထို့နောက် သူ့ခြေရင်းရှိ ပလတ်စတစ်အထုပ်ကလေးကို ယူ၍ လှေဦးဘက် တက်လာရင်း ကမ်းပေါ် လှမ်းကြည့်သည်။

သူရောက်သောနေရာက မြင်သာရွာဖျားဘက်လောက်ကျနေ၍ အရက်ဆိုင် ရှိသောနေရာသို့ ဆယ်မိနစ် လျှောက်ရမည်ကို စိတ်ပျက်ကာသွားသည်။ အဲ့သလောက် ကြာလို့မရ၊ ပိုက်က မျှောထားသည်။

ထိုအခိုက်မှာပင် ခပ်လှမ်းလှမ်းဆီမှ ရဲခနဲ ရဲခနဲ ဖွာတက်နေသော ဆေးလိပ်မီးရောင်ကို မြင်ရသဖြင့် ဖိုးအောင် အတွေးပြောင်းသွားသည်။ အရက်မသောက်ရလည်း ဆေးလိပ်သောက်ရင်း ခဏမိုးခိုပြီး ပြန်ဆင်းမည်ပေါ့။

ထိုစိတ်ကူးအတွက် ဖိုးအောင် တုံ့ဆိုင်းမနေတော့ဘဲ သစ်သားငုတ်နှင့် တွဲထားသည့်လှေဦးကြိုးကို ဆွဲယူကာ နွံထဲ ဆင်းသွားသည်။ ခပ်တင်းတင်းလေး ဆွဲမိမှ နွံပြင်ထဲ သစ်သားငုတ်ကို စိုက်ထိုးထားခဲ့ကာ ဆေးလိပ်မီးရောင် မြင်နေရသော ကမ်းပါးစောင်းဆီမှန်းကာ တက်လာခဲ့တော့သည်။

မိုးချုပ်လာပြီဖြစ်၍ အမှောင်ထုက ပို၍ဖိစီးလာသည်နှင့် အမျှ လေက ပို၍ထန်လာသဖြင့် ကမ်းပါးစောင်းတစ်လျှောက် အုံ့ရုံကာ ပေါက်နေသော ခရာဆူးချုံနှင့်ကိုင်းတောများ တဝေါဝေါမြည်ကာ ယိမ်းထိုးနေကြသည်။ နွံပြင်ကို လွန်ပြီး ကမ်းပါးစောင်းပေါ် တက်လိုက်သည်နှင့် လေစီးထဲ တဟီးဟီး မြည်ကာ ယိမ်းခါနေသော



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ရပ် ခနိတဲလေးဆီ ရောက်သွားသည်။

ဖိုးအောင်မော့အကြည့် တဲထဲမှ မည်းမည်းသဏ္ဌာန်တစ်ခု ဘွားခနဲ ထွက်ပေါ်လာ၍ ဖိုးအောင် လန့်ကာ နွံပြင်ပေါ် ခြေတစ်ဖက် ပြန်ထောက်မိလေသည်။

"ဘာလဲဟေ့"

"မီးလေးတစ်တို့လောက်ပါ. . . စောနက ဒီမှာ မီးရောင်မြင်ရလို့"

ဝန်ခံရလျှင် ဖိုးအောင် နားအုံနားရင်းတွေ ကားတက်လာအောင် လန့်သွားမိသည်။ သို့သော် မေးထူးပြောဆိုသံကြောင့် သူ အကြောက်ပြေကာ နွံထဲ ကျနေသော ခြေတစ်ဖက်ကို ပြန်မ,တင်လျက် ကုန်းစောင်းပေါ် တက်ကာ ရပ်လိုက်သည်။

ထိုအခိုက်မှာပင် မည်းမည်းသဏ္ဌာန်သာ မြင်ရသော ပုဂ္ဂိုလ်က တဲကလေးထဲ ပြန်ဝင်ကာ ပျောက်ကွယ်သွားပြီး ဆေးလိပ်မီးတဖွားဖွားနှင့် ပြန်ထွက်လာလေသည်။

"ရော့. . ဒီမှာ မီးတို့"

"ဟုတ်. . ဟုတ်ကဲ့"

ဟုတ်ကဲ့ဟု ပြောပြီး သူ၏ပလတ်စတစ်အိတ်လေးထဲက ရွှေဟင်္သာ ပြောင်းဖူးဖက်ဆေးလိပ်ကို နှိုက်ယူကာ ပါးစပ်မှာ တေ့လိုက်သည်။ ပြီးမှ မြင်နေရသော မီးရဲရဲ၏နောက်နားသို့ မှန်းပြီး လှမ်းအယူ. . .

"အား. . အ. . ပူလိုက်တာ"

"မီးကို ကိုင်ရင် ပူမှာပေါ့ကွာ. . . မင်းကလည်း"

"မဟုတ်ဘူး. . . ဦးလေးလက်ကို ကိုင်မိလို့ ပူတာ"





"ဩော်. . . ဒါလား၊ အေး. . . ပူမှာပေါ့ကွာ၊ ငါ့ကို မိုးမရွာခင်လေးကမှ မီးသင်္ဂြိုဟ်ထားတာဆိုတော့"

"ဗျာ. ."

ဖိုးအောင် လိပ်ပြာလွင့်မတတ် လန့်ဖျပ်သွားပြီး သေချာကြည့်မှ သူ့ရှေ့မှာ မီးလာပေးသောလူလည်း မရှိ၊ တဲလည်း မရှိ၊ ဘာမှမရှိသော ကွင်းထီးထီးကြီးဖြစ်နေ၍ သူ သရဲခြောက်ခံရပြီဟု သိကာ တစ်ချိုးတည်း ခုန်ချပြေးဆင်းလေတော့သည်။

"ဗုဒ္ဓေါ. . ဗုဒ္ဓေါ. . ဗုဒ္ဓေ. . သံ. . သံဗုဒ္ဓေ. . သံ. . ဟာ အရေးထဲမှ သံဗုဒ္ဓေအစကို မေ့နေပြန်ပြီ၊ သံ. . . သံဗုဒ္ဓေ"

ဖိုးအောင် ကယောင်ချောက်ချားရေရွတ်ရင်း ခလုပ်ပေါ် ပြေးတက်ကာ ထိုးဝါးနှင့်ပင် အတင်းတွန်းထိုးကာ ထွက်သည်၊ သို့သော် လှေကား မထွက်။

"ဒုက္ခပဲ. . . ငါ့. . ငါ့လှေကို ဆွဲထားပြီဟ. . . ဘုရား ကယ်ပါ. . . အား. . ကယ်ကြပါဗျို့၊ ကျုပ်လှေကို သရဲဆွဲထားတယ်ဗျ"

"ဟကောင်ရ. . . စွတ်အော်မနေနဲ့၊ ငုတ်ရိုက်ထားတဲ့ကြိုးမဖြုတ်ဘဲ မင်းလှေထွက်မလား"

"ဟင်. ."

လှည့်ကြည့်လိုက်တော့ စောစောက မီးသင်္ဂြိုဟ်ခံထားရသော မည်းမည်းသဏ္ဌာန်ကြောင့် ဖိုးအောင်တစ်ကိုယ်လုံး နတ်ကျသလို တုန်ခါသွားကာ ရေထဲ ခုန်ချပစ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"**ဟား**. . ဟား. . ဟား. . ဟား. . ဟား"

ဖိုးအောင်စကားဆုံးသည်နှင့် အင်းစိန် စီအိုင်ဒီရုံးရှေ့. . ကာကာဆိုင်ထဲ ကော်ဖီသောက်နေကြသော အိုင်ပီအုပ်စု ဝါးခနဲ ပွဲကျကုန်ကြသည်။ ဖိုးအောင်သည် စီအိုင်ဒီ စုံထောက်အရာရှိ ဦးအောင်မောင်း၏ တူတော်စပ်ကာ ဦးလေးကို အကြောင်းပြုပြီး. . အင်းစိန် စီအိုင်ဒီရုံးတွင် ရုံးပြာတာအလုပ်ကလေး ဝင်ရောက်လုပ်ကိုင်နေတာပင် (၂)နှစ်ပြည့်တော့မည်ဖြစ်သည်။ ထို့ကြောင့်လည်း အင်းစိန် စီအိုင်ဒီမှ ဆားပုလင်းများ၊ အိုင်ပီများနှင့် ခင်မင်ရင်းနှီးနေလေသည်။



www.burmeseclassic.com

"အဲ့ဒါနဲ့ပဲ ငမိုးရိပ်ချောင်းထဲ ငါးပိုက်ချတဲ့အလုပ်ကို စွန့်ပစ်ပြီး မင်းရဲ့ဦးလေးကို အလုပ်ရှာခိုင်းတော့တာပဲလား"

"မဟုတ်ဘူး အိုင်ပီကြီးရဲ့၊ ကျွန်တော် ချောင်းထဲ မဆင်းတော့ပေမယ့် လယ်ထဲတော့ ဆင်းတယ်ဗျ၊ (၂)နှစ်လောက်ကြာတော့မှ ဦးလေး ရွာကိုရောက်လာပြီး လာခေါ်တာ၊ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်မှာလည်း (၇)တန်းလောက်အထိ တက်ခဲ့ဖူးတာဆိုလို့ ကျွန်တော်ပဲ ရှိတာကိုး၊ အဲ့ဒါ ဦးလေးက အလုပ်လုပ်ရင်း ပညာဆက် သင်ကွာဆိုပြီး ခေါ်လာလို့ ဒီမှာ အလုပ်ဝင်ဖြစ်တာ"

"ဪ. . ဪ. . ဒီလိုကိုး၊ မင်း အခုရော သရဲကြောက်သေးလား"

ဖိုးအောင်က တွေးတွေးဆဆ လေသံနှင့်. . .

"ပြန်စဉ်းစားကြည့်တော့လည်း တစ္ဆေသရဲဆိုတာ တကယ်ရော ရှိရဲ့လား ကြောက်စရာရောကောင်းရဲ့လားလို့ သံသယ ဖြစ်မိတယ်ဗျ"

ထိုအခါ အိုင်ပီဦးသာကျော်က. . .

"အောင်မာ. . . မင်းပဲ သရဲအခြောက်ခံရလို့ ချောင်းထဲ ငါးမဖမ်းရဲတော့ဘူး မဟုတ်လား"

"အင်း. . . အဲ့ဒီတုန်းကတော့ ကြောက်ပြီးပြေးတာပေါ့"

အိုင်ပီဦးသာကျော် မေးခွန်းထုတ်နေ၍ ကျန်တဲ့အရာရှိတွေ ပြုံးကြသည်။ ထိုအခိုက် ဖိုးအောင်၏ဦးလေး ဦးအောင်မောင်း ဝင်လာပြီး ခုံဆွဲထိုင်ရင်း. . .

"တစ္ဆေသရဲ မရှိဘူးလို့တော့ ခံမငြင်းနဲ့ တူမောင်ရေ၊ မင်းဦးလေးက ကန်တော်ကြီးလူသတ်မှုမှာ အတွေ့အကြုံကြီးကြီး ရခဲ့တာကွ"

ထိုလူသတ်မှုနှင့် ပတ်သက်၍ အင်းစိန်စီအိုင်ဒီ စုံထောက်အားလုံးလိုလို သိပြီးသားဖြစ်သော်လည်း ဖိုးအောင် မသိသေး၍. .

"ဘယ်လိုအမှုမျိုးလဲ ဦးလေး"

"ဒီလိုကွ သေဆုံးသူ မောင်လှိုင်ဘွားနဲ့ တရားခံ ဘကျူးက ငယ်သူငယ်ချင်းတွေပဲ၊ နှစ်ယောက်စလုံး ဘီအေတန်းတွေချည်းပဲ၊ မောင်လှိုင်ဘွားက ချမ်းသာတယ်၊ မောင်ဘကျူးက ဆင်းရဲတယ်. .

ဒါပေမယ့် သူတို့ဘီအေတန်းက မပန်းဝေကို အတူတူ ကြိုက်ကြတယ်ကွ၊ မပန်းဝေကလည်း ယောကျ်ားတိုင်း အသက်ရှူမှားအောင် ချောတယ်၊ သူတို့လိုပဲ မပန်းဝေကို ချစ်ကြိုက်ကြသူတွေ အများကြီး ရှိတယ်၊

အဲ့ဒီမှာ ထူးဆန်းတာက မပန်းဝေကို ချစ်ခွင့်ပန်လာတဲ့သူမှန်သမျှ ကန်တော်ကြီးစောင်းမှာ ရင်ဝ ဓါးတန်းလန်းနဲ့ သေကြရတာချည်းပဲကွ၊ အဲ့ဒီကြားထဲက မပန်းဝေကို ရှစ်ယောက်မြောက် ချစ်ခွင့်ပန်တဲ့ မောင်လှိုင်ဘွားလည်း ကန်တော်ကြီးစောင်းမှာ ဓါးတန်းလန်းနဲ့ သေတယ်၊

ဒါပေမယ့် လူသတ်မှုဖြစ်လို့ ဒီက စုံထောက်တွေ အဲ့ဒီကို သွားကြတဲ့အချိန်မှာ အိုင်ပီဦးသာကျော်က အလောင်းရှိတဲ့နေရာကို အရင်ဆုံး ရောက်သွားတယ်၊ အလောင်းကို စစ်ဆေးတော့ ခန္ဓာကိုယ်မှာ ဓါးမြှောင်နဲ့ ထိုးသွင်းဒဏ်ရာ ဆယ့်နှစ်ချက်၊ လည်ပင်းတည့်တည့် ထိုးသွင်းဒဏ်ရာနှစ်ချက်နဲ့ ငယ်ထိပ်တည့်တည့်ကို ဓါးမြှောင်စိုက်ရိုက်သလို ရိုက်သွင်းထားတဲ့ဒဏ်ရာနဲ့ သက်သေခံဓါးကိုပါ ဓါးရိုးပေါ်ရုံပဲ တွေ့ရတယ်"




အောင်မြင်စာပေ

www.burmeseclassic.com



"ဟာ. . . ရက်စက်လှချည်သား ဦးလေးရာ"

"အေး. . . မှူခင်းဆရာဝန်တွေရဲ့စစ်ချက်အရ ည(၈)နာရီလောက်ကတည်းက အသတ်ခံထားခဲ့ရတာလို့ ဆိုတယ်၊ ဒါပေမယ့် ဦးသာကျော် ရောက်သွားတဲ့အချိန်မှာ အလောင်းကောင်ကြီးက ထထိုင်ပါလေရောလား"

"ဗျာ. ."

ဖိုးအောင် နားထောင်ရင်းက ကြက်သီးမွေးညင်းတွေ ဖျင်းခနဲ ထောင်ကာထသွားသည်။

"မ. . မသေဘူးလား"

"သေတာပေါ့ကွာ. . . ထထိုင်တာ သေဆုံးသူ မောင်လှိုင်ဘွားရဲ့ ဝိညာဉ်ကြောင့် မဟုတ်ဘူး၊ မောင်လှိုင်ဘွားအရင် အသတ်ခံခဲ့ရတဲ့(၇)ယောက်ရဲ့ ဝိညာဉ်တွေက ဝင်ပူးပြီး ထထိုင်တာ၊ ဘယ်လောက်ထူးဆန်းသလဲဆိုရင် တစ်ယောက်ပြီးတစ်ယောက် ဝင်ပူးပြီး တိုင်ကြတာ၊ ငါတို့ရောက်သွားတဲ့အချိန်မှာ လေးယောက်မြောက် ဝင်ပူးပြီး ပြောနေတဲ့အချိန်နဲ့ ကြုံရတယ်ဟ. . .

မောင်ထွန်းအောင်ဆိုတဲ့ဝိညာဉ်က သူ ဝင်ပူးပြီးပြောတဲ့ အချိန်မှာ ငိုညည်းသံကြီးနဲ့ကို ပြောတာ၊ အမှန်တကယ်ဆို လှိုင်ဘွားက ရင်ညွန့်တည့်တည့် အထိုးခံရတဲ့ဒဏ်ရာနဲ့ သေပြီတဲ့၊ အခုလောက် ဒဏ်ရာတွေ များသွားတာက သူတို့တွေ ဝင်ကူပြီး လူသတ်သမား ဘကျူးကို ခုခံလို့ ဘကျူးက မသေမချင်း ဓါးနဲ့ ထိုးတဲ့အတွက်ကြောင့်တဲ့၊ နောက်ဆုံး ငယ်ထိပ်ကို ဓါးမြှောင်ရိုက်သွင်းပြီး ထွက်ပြေးသွားမှပဲ သူတို့လည်း လက်လျှော့လိုက်ရတာတဲ့၊

သူတို့(၇)ယောက်မှာလည်း ဒဏ်ရာတွေကိုယ်စီ ရထား





တယ်တဲ့၊ သူ့ခေါင်းမှာလည်း အပေါက်ကြီးဖြစ်နေတယ်တဲ့ကွာ၊ အဲ့ဒါနဲ့ပဲ ငါတို့ ဘကျူးကို ဖမ်းပြီးစစ်တော့ ဖြောင့်ချက်ပေးတယ်၊

သူသတ်သမျှ လူတွေထဲမှာ လှိုင်ဘွားက အသက်အပြင်းဆုံးပဲတဲ့၊ ဘယ်လိုသတ်သတ် မသေလို့ သူလည်း သေချာပေါက် အဖမ်းခံရတော့မယ်ဆိုတာ တွက်ပြီးသားပါတဲ့၊

အခု သူ လူသတ်မှုနဲ့ ထောင်ကျပြီး မသေသေးလို့ ပြန်လွတ်လာရင်လည်း သတ်ဦးမှာပဲတဲ့၊ မပန်းဝေကို သူကလွဲလို့ ဘယ်သူမှ ချစ်ကြိုက်တာကို အလိုမရှိတဲ့အတွက် လုပ်မှာပဲလို့ ဆိုတယ်၊ အဲ့ဒါကြောင့် သူ့ကို တရားသူကြီးက ကြိုးမိန့်ပေးလိုက်တာကွ၊ ကဲ. . . တစ္ဆေသရဲ မရှိဘူးလို့ ဘယ်လိုပြောမလဲ"

ဖိုးအောင် ပါးစပ်အဟောင်းသားနှင့် ငြိမ်သွားတာကို ဦးသာကျော်က ကျေနပ်သွားဟန်နှင့်. . .

"အဲ့ဒါ ငါတွေ့ပဲဟေ့ ကောင်လေးရ၊ ငါတို့ တစ္ဆေတွေကြောင့် အင်မတန် ပိရိတဲ့ လူသတ်သမားကို အလွယ်တကူ ဖမ်းမိတာ၊ အဲ့ဒါမှ မယုံသေးရင် ဘာရသုတ္တံကျမ်းတို့၊ တဇ္ဇတ္ထဒီပနီကျမ်းတို့ ဖတ်ကြည့်ကွာ၊ ဒါတင် မကသေးဘူးဟေ့. . . သင်္ဂါယနာတင်ကျမ်းကြီးတွေမှာလည်း ဖုတ်၊ တစ္ဆေ၊ မြေဖုတ်ဘီလူးအကြောင်း အခိုင်အမာပါတယ်၊ ရဟန္တာ ရှင်နာဂသိန်မထေရ်ရဲ့အမေးအဖြေမှာလည်း ပါတာပဲ၊ ဘုရားရှင်လက်ထက်တော်ကတည်းက ဒီနာနာဘာဝတွေ ရှိတယ်ဆိုတာ ဘုရားဟောတွေထဲမှာတောင် ပါနေတာပဲ"

ထိုအခိုက် စကားဝိုင်းစ ကတည်းက တစ်လုံးတစ်ပါဒမျှပင် မပြောဘဲ ငြိမ်ပြီးနားထောင်နေသော အိုင်ပီဦးသင်းချိုက. . .

"ဒါဖြင့်ဗျာ. . . လွန်ခဲ့တဲ့သုံးနှစ်ကျော်က ဘုံဘောဖြိုပြန်လွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတဲ့ မစ္စတာအဲလ်ဖရက်ဝီလျှံရဲ့အမှုဟာဖြင့် တစ္ဆေ ဝင်နှောင့်ယှက်တယ်လို့ ဆိုနိုင်မလားဗျ"

စုံထောက်မင်းကြီး မစ္စတာမောရစ် ဒီနေ့ ရုံးတက်နိုင်လည်း ညနေရုံးဆင်းချိန်လောက်မှသာ ရောက်နိုင်မည်ဖြစ်၍ အိုင်ပီအုပ်စု ကာကာဆိုင်မှာ စကားကောင်းနေရာမှ အိုင်ပီဦးအောင်မောင်း ဝင်လာပြီး သိပ်မကြာခင် စကားစပြတ်တော့မလိုလိုနှင့် အိုင်ပီဦးသင်းချို ဆက်ပေးလိုက်သော မစ္စတာအဲလ်ဖရက်ဝီလျှံကြောင့် စောစောပိုင်းက သိပ်စိတ်ဝင်စားပုံ မရှိသော အိုင်ပီသာချိုတို့အုပ်စုပင် နားရွက်ထောင်ထောင် မျက်လုံးပြောင်ပြောင် ဖြစ်လာပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ထိုအမှုတွဲကို အင်းစိန်စုံထောက်ကြီးများ လက်လျှော့ကာ အမှုမှန် မပေါ်ပေါက်သဖြင့် ဘုံဘေသို့ လွှဲပြောင်းပေးလိုက်ရသောအမှု ဖြစ်လေသည်။ သို့သော် ထိုအမှုတွဲအတွက် ယနေ့အချိန်အထိ အခဲမကျေဖြစ်ကာ တနုံ့နုံ့ ခံစားနေရသူ ရှိနေသည်။ သူကား အိုင်ပီသာချို။

ထို့ကြောင့် အိုင်ပီဦးသင်းချိုစကားဆုံးသည်နှင့် အိုင်ပီသာချိုက. . .

"ကျုပ်အထင်တော့ ဘယ်တစ္ဆေ၊ ဘယ်သရဲမှ ဝင်နှောင့်ယှက်လို့ မဟုတ်ဘူးဗျ၊ ဝီလျှံမိသားစုတစ်စုလုံးကို သတ်တဲ့ တရားခံအစစ်က အဲ့ဒီအဲလ်ဖရက်ဝီလျှံပဲ"

ဒါကို ဦးသာကျော် လက်မခံ။

"အဓိပ္ပါယ်မရှိတာ ကိုသာချိုရာ၊ အဲလ်ဖရက်ဝီလျှံဆိုတာ မစ္စတာဝီလျှံရဲ့အကြီးဆုံးသားလေဗျာ၊ သူက သူ့မိဘနှစ်ပါးနဲ့ ညီအစ်ကိုမောင်နှမ လေးယောက်စလုံးကို သုတ်သင်ပစ်တာ ဖြစ်နိုင်ပါ့မ





လား"

"အမှန်တကယ် ပြစ်မှုကျူးလွန်တဲ့သူဆိုတာ မဖြစ်နိုင်တာမရှိအောင် ကျူးလွန်ခဲ့တာချည်းပဲ မဟုတ်လား ကိုသာကျော်၊ ကျုပ်မေးစမ်းပါရစေ၊ တခြားဘာအမှုပဲဖြစ်ဖြစ် ကျုပ်တို့ကို မရမချင်း စုံစမ်းဖို့ တိုက်တွန်းခဲ့တာချည်းပဲ မဟုတ်လား၊

စိန်တုန်လည်ဆွဲလူသတ်မှုဆိုရင် ကျုပ်တို့ သုံးနှစ်သုံးမိုးလိုက်ခဲ့ရတာလေဗျာ၊ ဒီအမှုကျမှ ရက်အကန့်အသတ်နဲ့ လိုက်ခွင့်ရပြီး ရက်ပြည့်သွားလို့ အမှုပိတ်ပြီး ဘုံဘေကို လွှဲတာ ဘာသဘောလဲ၊

ဒီမှာကိုသာကျော် မျက်နှာဖြူတွေဟာ ကျုပ်တို့လူမျိုးနဲ့ ပတ်သက်တဲ့အမှုသာ လည်ပင်းနင်းပြီး လိုက်ခိုင်းတာ၊ သူတို့လူမျိုးနဲ့ ပတ်သက်လာရင် အမှောင်ချပစ်ဖို့ချည်း စိတ်ကူးနေတာ အရှင်းကြီးပဲ မဟုတ်လား၊

ဒီထက်ပိုပြီး ရှင်းအောင်ပြောရမှာဖြင့် သူတို့လို အထက်တန်းစားလူမျိုးကို ကျုပ်တို့ဗမာလူမျိုး ဒိစတြိတ်တရားသူကြီးက စီရင်ပစ်တာမျိုး မလိုလားဘူးဗျ၊ မစ္စတာဂျန်ဂျာရဲ့အမှု၊ မစ္စတာဂျိမ်းစ်ဂျော့ရဲ့အမှုတွေကို ကြည့်ဗျာ၊ ရန်ကုန်ဒိစတြိတ်တရားသူကြီး စီရင်ဆုံးဖြတ်သမျှအားလုံး ပဲခူးကော်မရှင်နာမင်းကြီးက ပယ်ချပြီး ပြန်ကြားနာစစ်ဆေးခိုင်းတယ် မဟုတ်ဘူးလား၊

နောက်ဆုံး လျှော့လျှော့ပေါ့ပေါ့ စီရင်မှုပဲ ပြီးသွားတာ၊ ဒါဟာ ဟိုက်ကုတ်လက်အောက်ခံ တရားသူကြီး မဖြစ်စေရဆိုတဲ့ အဓိပ္ပါယ်ပဲ၊ မင်းတို့ လုပ်ချင်ရာလုပ်၊ ငါ့သဘောနဲ့ မညီညွတ်ရင် ခွင့်မပြုဘူးဆိုတဲ့ မျက်နှာဖြူဥပဒေပဲ၊

ဒီဥပဒေကြောင့် မျက်နှာဖြူတွေ ဘယ်လောက်ဆိုးဆိုး ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ အရေးယူလို့ မရတာ ရှင်းနေတာပဲ၊ အဲလ်ဖရက်ဝီလျံဆိုတာ မျက်နှာဖြူလင်မယားက မွေးတဲ့ မျက်နှာဖြူစစ်စစ်ကြီး မဟုတ်လားဗျ"

အိုင်ပီသာချို၏မရပ်မနား စကားလုံးများ ရပ်နားသွားချိန်မှာ စကားဝိုင်းတစ်ဝိုင်းလုံး အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်ကာသွားသည်။ ခဏကြာတော့မှ. . .

ဦးအောင်မောင်းက. . .

"ကိုသာချို ပြောတာလည်း မမှားပေဘူး၊ ဘာပဲဖြစ်ဖြစ် လုံလောက်တဲ့ စုံစမ်းစစ်ဆေးခွင့်သာရရင် ဒီအမှုက မပေါ်ပေါက်စရာ အကြောင်းမရှိဘူး"

"ဒါပေါ့ဗျာ. . . ကျုပ်ပြောတာ အဲ့ဒါပဲ"

အိုင်ပီသာချို အားပါးတရ စကားဝင်ထောက်မှုအား ဦးသာကျော် အလိုမပြည့်စွာ လှမ်းကြည့်သည်။ ထို့နောက် ဦးအောင်မောင်းက. . .

"ဒါပေမယ့် ဒီလိုထူးဆန်းတဲ့အမှုမှာ မစ္စတာအဲလ်ဖရက်ဝီလျံ စိတ်ဖောက်ပြန်ပြီး သတ်တာမဟုတ်ရင် အမှောင့်ပယောဂ ပူးတာပဲဗျ"

"လာပြန်ပြီ ကိုယ့်ဆရာရယ်၊ နောက်ဆုံးတော့ ဒီစကားပါပဲလား"

"မဟုတ်ဘူးလေ ကိုသာချို၊ ကျုပ်တို့ဒီအမှုအတွက် ခြံနံပါတ် (၅၁)ကို ဆယ်ကြိမ်ထက်မနည်း ရောက်ကြတယ်၊ အဲ့ဒီဆယ်ကြိမ်မှာ ညဘက်က (၅)ကြိမ်၊ ကျုပ်နဲ့အတူတူ အိုင်ပီသာကျော်၊ အိုင်ပီမြဦးတို့လည်းပါတယ် မေးကြည့်ပါ၊ နောက်ဆုံး(၁၀)ကြိမ်မြောက် သွားတဲ့





အချိန်မှာ စုံထောက်မင်းကြီး မောရစ်ကိုယ်တိုင် ပါတယ်ဗျာ၊

အဲ့ဒီမှာ ကျုပ်တို့ ကြုံတွေ့ရတဲ့အတွေ့အကြုံက အိမ်ကြီးရဲ့ မြေအောက်ခန်းထဲကနေ ***'သူ့ကိုသတ်. . သူ့ကိုဖမ်း'*** ဆိုတဲ့ အသံ ညြညြဝါဝါကြီးကို ရောက်သွားတဲ့သူအားလုံး နားနဲ့ဆတ်ဆတ် ကြားရတာဗျ၊ ဒါနဲ့ မြေအောက်ခန်းထဲမှာ တခြားလျှို့ဝှက်ခန်းတွေများ ရှိဦးမလားလို့ ကျုပ်တို့ အရဲကိုးပြီး ရှာကြတဲ့အချိန်မှာ စုံထောက်မင်းကြီးကျောကုန်းကို အုန်းခနဲ ဝင်ထုသွားလို့ ဆက်မရှာနိုင်ဘဲ ပြန်တက်ပြေးခဲ့ကြရတယ်၊ ရှာသလောက်လည်း မတွေ့ပါဘူးဗျာ"

ထို့နောက် အိုင်ပီမြဦးက အနည်းငယ် တုန်ခါနေသောအသံနှင့်. . .

"ဒါတော့ အမှန်ပဲ ကိုသာချို၊ မင်းကြီးက သူအရိုက်ခံရတဲ့ ကိစ္စ ဘယ်သူ့မှ မပြောပါနဲ့လို့ မှာထားလို့သာ၊ ခုတော့ ပြောမိပြီဆိုတော့ ပြောရတော့မှာပဲ၊

အမှန်က ကျုပ်တို့ မြေအောက်ခန်းထဲ မဆင်းခင် အိမ်သားတွေ အသတ်ခံရတဲ့အိပ်ခန်းတွေကို တစ်ကြိမ်စီလိုက်ပြီး စစ်ဆေးတဲ့အခါမှာလည်း ကျုပ်တို့ အခန်းထဲ ရောက်တာနဲ့ အခန်းအပြင်မှာ ခြေသံတွေ ကြားရတယ်၊ ထွက်ကြည့်ရင် ဘာမှမရှိဘူး၊

အခန်းအပြင်ဘက် ထွက်တော့ အခန်းထဲမှာ စကားပြောသံ၊ ရယ်သံတွေ ကြားနေရတယ်၊ ဝင်ကြည့်ရင် ဘာမှမတွေ့ဘူး၊ နောက်ဆုံး မစ္စတာဝီလျံမွန်းရဲ့ စာကြည့်ခန်းထဲလည်းရောက်ရော အပြင်မှာရပ်ပြီးကျန်ခဲ့တဲ့ စုံထောက်မင်းကြီး ဝူးဝူးဝါးဝါး အော်လို့ ပြန်ထွက်ကြည့်တော့ မင်းကြီး မျက်လုံးတွေ ပြူးထွက်လာပြီး တော်တော်နဲ့ စကားပြန်မပြောနိုင်ဘူး၊



www.burmeseclassic.com

သူ့ကို လည်ပင်းလာညှစ်တာတဲ့ဗျ၊ မင်းကြီးခမျာ သေးတွေတောင် ထွက်ကျတာ ကြမ်းပြင်ကို ရွှဲနစ်နေတာပဲ၊ အိမ်ကြီးကလည်း ကြီးလည်းကြီး၊ ကျယ်လည်းကျယ်၊ အခန်းတွေကလည်း များလိုက်တာဗျာ၊ အပေါ်ထပ်ကို တက်တဲ့လှေခါးဆိုတာ တခမ်းတနား တစ်ကွေ့တစ်ပတ်ကြီးဗျ၊ အဲလိဇဘက် ဘုရင်မကြီးနန်းတော်လား မှတ်ရတယ်"

ထိုအခိုက်မှာပင် စုံထောက်မင်းကြီး၏ အော်စတင်ကားလေး ရုံးဝင်းထဲ မောင်းဝင်လာတာ တွေ့လိုက်ရသဖြင့် အိုင်ပီအုပ်စု စကားပြတ်ကာ ဇတ်ပုကုန်ကြတော့သည်။ ဦးအောင်မောင်းက လေသံနှင့်. . .

"ဖိုးအောင် မြန်မြန်ပြေးလိုက်သွား၊ မင်းကြီး လက်ဆွဲအိတ်ဝိုင်းဆွဲပြီး ရုံးခန်းထဲပို့၊ ငါတို့ကို မေးရင် ဌာနရုံးခန်းမှာ ရှိတယ်လို့ပြော"

"ဟုတ်. ."

ဖိုးအောင်ထွက်သွားသည်နှင့် အိုင်ပီအုပ်စု ဆိုင်နောက်ဖက်မှ အလျှိုလျှို ထလစ်ကုန်ကြသဖြင့် နောက်ဆုံးကျန်နေသော ဦးသာကျော်အား ကာကာဆိုင်မှ မာမူက ကော်ဖီဖိုး တောင်းလေတော့၏။

"မင်းကြီးကို ကျွန်တော်လည်း ကြောက်တယ် ဆပ်၊ ဒါပေမယ့် ကော်ဖီဖိုးလေးတော့ ရှင်းပေးခဲ့ပါ ဆပ်"





# အခန်း (၃)

နေ့လယ်ခင်းက အိုင်ပီအုပ်စုနှင့် အဖွဲ့ကျပြီး နားထောင်ခဲ့ရသော အကြောင်းအရာတွေကြောင့် ဖိုးအောင် တော်တော်နှင့် အိပ်မပျော်နိုင်အောင် ရှိနေလေသည်။ ကြားရသမျှလည်း နေ့ခင်းကြောင်တောင် ကြက်သီးဖြန်းဖြန်း ထရလောက်အောင် ကြောက်စရာကောင်းလှသဖြင့် မတွေးချင်လည်း တွေးမိနေကာ အိပ်လို့မရတော့သဖြင့် မျက်လုံးညောင်းသွားအောင် စာဖတ်ပစ်တာ အကောင်းဆုံးဟု စဉ်းစားမိပြီး. . . အိပ်ရာမှ ထ၍ မီးဖွင့်ကာ စာကြည့်စားပွဲမှာ ဝင်ထိုင်လိုက်သည်။

စားပွဲတင်နာရီကို လှမ်းကြည့်တော့ နာရီပြန်တစ်ချက်တီး

www.burmeseclassic.com



ပင် ရှိနေပြီ။ နွေရာသီလည်းဖြစ်၍ အခန်းထဲ အိုက်စပ်နေမှု သက်သာရန် စာကြည့်စားပွဲ မျက်စောင်းထိုးရှိ ပြတင်းပေါက်ကို ဖွင့်ချလိုက်ပါသည်။

ဦးလေးဦးအောင်မောင်းက လူပျိုကြီးဖြစ်လင့်ကစား လစာလည်း ကောင်းပါလျက်နှင့် လျှပ်စစ်လေရဟတ်ကလေးတစ်လုံးတောင် မဝယ်ဘဲ ကပ်စေးနှဲနေလိုက်တာဟု အပြစ်တင် တွေးတောရင်း စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို လှမ်းအဆွဲ၊ ပြတင်းပေါက်မှ လူရိပ်လိုလို တွေ့လိုက်ရ၍ ဖိုးအောင် ထိုနေရာသို့ အကြည့်ရောက်သွားသည်။ ထိုအခိုက်မှာပင် လေကလေး သိုးသိုးသွဲ့သွဲ့ တိုက်လာပြီး အသံရှည်ရှည်နှင့် ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံကြောင့် သူ့စိတ်ထဲ မသိုးမသန့်ဖြစ်ကာသွားလေသည်။

ဒီညအဖို့ ဦးလေးဖြစ်သူမှာ အမှုကိစ္စတစ်ခု ညထွက် လှုပ်ရှားရန်ရှိ၍ ညစာ စားသောက်ပြီးကတည်းက အိုင်ပီဦးသာကျော်လာခေါ် သွားသဖြင့် အိမ်မှာ သူတစ်ယောက်တည်း ပျင်းရိငြီးငွေ့စွာ ကျန်ရစ်ခဲ့ရသောညဖြစ်သည်။

သည်ကာလအတွင်း ဦးလေးထံမှ အင်္ဂလိပ်စကားပြောသင်နေရ၍ ကျက်မှတ်စရာ ဝေါဟာရစကားလုံးများ၊ သဒ္ဒါနည်းများ ရှိသော်လည်း မကျက်ဖြစ်ဘဲ ဦးလေးနှင့် တရုတ်တန်း သွားတုန်းက တွေ့ခဲ့ရသော (ဂိုးလ်ဒင်းဗဲလီ)ခေါ် ရွှေတောင်ကြားလမ်းမှာ နေထိုင်သည့် ဒိစတြိတ်တရားသူကြီး၏သမီး မနှင်းဖွေးကိုသာ စွဲစွဲလမ်းလမ်း ရှိနေလေသည်။

ခုလို အိပ်မပျော်တဲ့အချိန်မျိုးမှာ မနှင်းဖွေးကိုပဲ လွမ်းမက်တမ်းတရင်းနိုးနိုး၊ စာပဲ ဖတ်ရကောင်းနိုးနိုး စဉ်းစားနေခိုက် ပြတင်း





ပေါက်မှ ရိပ်ခနဲလိုလို ဖြစ်လာပြန်၍ ဖိုးအောင် ထိုင်နေလို့မရတော့ဘဲ ခုတင်ခေါင်းရင်းမှ သုံးတောင့်ထိုးဓါတ်မီး ပြေးယူကာ ပြတင်းပေါက်ဆီ ရောက်သွားသည်။

ထို့နောက် ပြတင်းပေါက်မှနေ၍ စိတ်ထဲ ထင်ရာမြင်ရာကို ဓါတ်မီးနှင့်ထိုးကြည့်လေသည်။ အားကောင်းသော ဓါတ်မီး အလင်းရောင်အောက်မှာ ခြံထဲ အပင်တချို့ ညလေပြည်ထဲ ယိမ်းနွဲ့နေသည်ကလွဲလို့ ဘာတစ်ခုမျှ ထူးထူးခြားခြား မတွေ့တော့မှ ငါပဲ အတွေးစုံပြီး စိတ်ထင်တာ ဖြစ်မှာပါလေဟု တွေးပြီး ပြန်အလှည့် . . .

"ဟော့ . . . ဒီမှာ"

(ဟင် . . . .)

ပြတင်းပေါက်အပြင်ဖက်မှ ပီပီသသ ဝင်လာသော . . . ယောကျ်ားတစ်ယောက်၏ခေါ်သံကြောင့် ဖိုးအောင် ကိုယ်ကို ချာခနဲလှည့်ပြီး ပြန်ငုံ့အကြည့် . . .

"ဟာ . . . အား . . ."

၅ ၅ ၅ ၅



www.burmeseclassic.com

"ဖိုးအောင်. . ဖိုးအောင်. . သတိရလာပြီလားကွ တူကြီး
ရ"

"ဟင်. . . ဦးလေး"

ဖိုးအောင် ခုတင်ပေါ် လန့်ဖျပ် ထထိုင်ပြီး ဘေးဘီဝဲယာကို ကြောင်စီစီ လှည့်ပတ်ကြည့်ရင်း ပြတင်းပေါက်ဆီ လှမ်းကြည့်သည်။

ထိုစဉ် ဦးအောင်မောင်းက. . .

"ဘယ်လိုဖြစ်တာလဲ ဖိုးအောင်ရာ"

"ကျွန်တော်သရဲခြောက်ခံရတာ ဦးလေး၊ ဟို. . ဟိုပြတင်းပေါက်အောက်ကနေ လှမ်းခေါ်လို့ လှည့်ကြည့်တော့ ခေါင်းပြတ်နေတဲ့လူ. . လူ"

ဖိုးအောင် ပြောရင်းက မျက်လုံးတွေလည်ပြီး မေ့သွားတော့မလို ဖြစ်နေ၍ ဦးအောင်မောင်း ပါးတွေနားတွေ ရိုက်ကာ ပြန်နှိုးသည်။





"ဖိုးအောင်. . ဖိုးအောင်"

"ဗျာ. . ဗျာ. . ."

"ခွီးမှပဲ. . အဲ့ဒါ သရဲမဟုတ်ဘူးကွ. . သူခိုး. . သူခိုး"

"ဗျာ. ."

"မဗျာနဲ့. . . အိမ်ထဲမှာ လိုက်ကြည့်လိုက်ဦး. . . ကုန်ပြီကွ၊ ချီးပဲ. . . ငါက ညညအပြင်ထွက်နေရလို့ အိမ်စောင့်အားကိုးရမလား မှတ်တယ်၊ စုထားသမျှ ကုန်ပါရောလားကွာ၊ ပစ္စည်းကုန်တာထက် စီအိုင်ဒီ စုံထောက်အရာရှိအိမ် သူခိုးအခိုးခံရပါတယ်၊ ဘယ်လောက် သိက္ခာကျမလဲ. . ချီးပဲ. . ချီးပဲ"

ဒီတော့မှ. . ဖိုးအောင် ခြေုးစို့ပြီး မျက်လုံးအကြည့်တွေ တောက်လက်လာကာ. . .

"ဟုတ်ရဲ့လား ဦးလေးရာ. . . ကျွန်တော့်မျက်စိနဲ့"

ထိုအခါ ဦးအောင်မောင်းက ဒေါသတကြီးနဲ့ အခန်းထဲမှ ထွက်သွားပြီး ဝတ်ရုံကြီးတစ်ခုကို တရွတ်တိုက် ဆွဲယူလာကာ. . . ဖိုးအောင်ရှေ့ ပစ်ချပေးလိုက်သည်။

"မင်း အဲ့ဒါကို ခေါင်းက စွပ်ချပြီး မင်းကိုယ်မင်း မှန်ထဲ ပြန်ကြည့်လိုက်၊ ညက မင်းတွေ့တဲ့ ခေါင်းပြတ်သရဲနဲ့ တူရဲ့လားလို့"

ဖိုးအောင် မယုံကြည်နိုင်အောင်ဖြစ်သွားပြီး ဝတ်ရုံကြီးကို ယူကြည့်လိုက်သည်။ ဝတ်ရုံ၏အပေါ်ပိုင်း၌ သွေးသံရဲရဲ လည်ပင်းအပြတ်ပုံစံ လုပ်ထားသော ဖော့တုံးကို မြင်ရုံနှင့်ပင် ဖိုးအောင် သဘောပေါက်သွားပါသည်။

"ဒါ. . ဒါဆို. ."

"ကုန်ပြီလေ. . . ဒါဆို ကုန်ပြီပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဒေါသတကြီး ဆဲဆိုကာ အခန်းထဲက ထွက်သွားသည့် ဦးလေးဖြစ်သူကို ကြည့်ကာ ဖိုးအောင် စိတ်မကောင်းဖြစ်ရလေတော့သည်။

---





ဘာပဲဖြစ်ဖြစ် သူ၏ညံ့ဖျင်းမှုလို့ သုံးသပ်မိလေသည်။ ထိုညံ့ဖျင်းမှုကြောင့် ကျေးဇူးရှင်ဦးလေးကို စိတ်ဆင်းရဲစေသည်မှာ အဆိုးဝါးဆုံးသော အပြစ်တစ်ခုသာဖြစ်သည်။ ဦးလေးက တူမောင်အပေါ် ချစ်ခင်သော သံယောဇဉ်ကြောင့် ဖြစ်တုန်းခဏ ဒေါသနှင့် ဆူကြိမ်းသွားသော်လည်း တစ်နေကုန်တော့ ပုံမှန်အတိုင်းပင် ဖြစ်သွားသည်။

သူ့စိတ်ထဲမှာတော့ ရက်သတ္တပတ်တစ်ပတ်လုံးလုံး တစိမ့်စိမ့် ခံစားနေရသည်။ ဦးလေးက သူ့တစ်ကိုယ်စာသာ ကပ်စေးနည်းလျှင်နည်းမည်။ သူတို့မိသားစုအပေါ် မှာတော့ ကျတတ်သည်။ အဖေရှိစဉ်က တိုးကြောင်ကြီးသို့ ဦးလေး တစ်ခေါက်တစ်ကျင်း ရောက်ဖို့ဆိုတာ သိပ်မသေချာသော်လည်း အဖေဆုံးပြီးကတည်းက တစ်နှစ်ကို လေးငါးခေါက်တော့ ရောက်အောင်လာတတ်သည်။

ရောက်လျှင်လည်း သူ့အစ်မ မုဆိုးမအတွက် ပိုက်ဆံနှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပစ္စည်းက ပါစမြဲ၊ တူသုံးယောက်အတွက်လည်း မပါဘူး ဆိုလျှင်တောင် ပုဆိုးတစ်ကွင်းစီတော့ ပါလာသည်။ သည်ကြားထဲ မျိုးဖိုးလိုလို့၊ ပိုက်ဝယ်ဖို့၊ လှေပြင်ဖို့ စသော. . အကြောင်းပြချက် အမျိုးမျိုးနှင့် ငွေကြေးအကူအညီတောင်းရသည်လည်း ရှိသေးသည်။

ဘယ်လိုတောင်းတောင်း ဦးလေး ဘယ်သောအခါမျှ မငြင်းဘဲ ဖြည့်ဆည်းရှာပါသည်။ ယခုလည်း သူ့ကို ခေါ်လာကာ အလုပ်ပေးရင်း ကျွေးမွေးစောင့်ရှောက်ထားသည်။ လစာကို အိမ်ပြန်ပို့ခိုင်းကာ စားဖို့ဝတ်ဖို့ကို ဦးလေးကပင် တာဝန်ယူထားသည်။

ထို့အပြင် ပြင်ပ ဗဟုသုတ၊ စာပေပညာနှင့် အင်္ဂလိပ်စကားပြော၊ အင်္ဂလိပ်စာပေကို ကျွမ်းကျင်နှံ့စပ်လာအောင် သင်ပေးသည်။

ဘယ်လိုတွေးတွေး ဦးလေး၏ကျေးဇူးက အဖေ့ကျေးဇူးထက်တော့ မနည်းတာ သေချာသည်။ ယခု ကျေးဇူးရှင်ကို ကျေးစွပ်သလို ဖြစ်နေပြီမဟုတ်လား။

ဖိုးအောင် စဉ်းစားခန်း ဖွင့်နေရာမှ အတွေးဖြတ်ကာ ပင့်သက်တစ်ချက် ရှိုက်သွင်းပစ်လိုက်သည်။ ထို့နောက် သူ၏နေ့စဉ်မှတ်တမ်းစာအုပ်တစ်အုပ်မှ စာရွက်အလွတ်တစ်ရွက်ကို ဖြတ်ယူကာ အောက်ပါအတိုင်း ခပ်သော့သော့ ရေးချလိုက်လေတော့၏။

ဦးလေးခင်ဗျာ...

ကျွန်တော် ရိုသေစွာဖြင့် ရှိခိုးကန်တော့ခဲ့ပါတယ်၊

အလွန်ကျေးဇူးများလှသော ဦးလေးကို ကျွန်တော် ဆက်ပြီး ဒုက္ခမပေးချင်တော့လို့ ကိုယ့်နှုံးကိုယ်ချွန် ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီး





အိမ်က ထွက်သွားပါပြီ၊ ရွာကို ပြန်ရောက်လျှင်လည်း အမေ့ကို စိတ်မပူဖို့ စကားကြုံ ပါးပေးပါခင်ဗျာ။

ကျွန်တော့်မှာ ဦးလေးသင်ပေးထားသော ပညာများ အတန်အသင့် ရှိနေပြီမို့လို့ ထိုပညာနဲ့ လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကြိုးစားကြည့်ချင်ပါတယ်၊ ခွင့်လွှတ်ပေးပါခင်ဗျာ။

ရိုသေစွာဖြင့်
ဖိုးအောင်



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

**စိတ်**ကူးနဲ့သာ ရှုးခဲ့တာ။ တကယ့်လက်တွေ့က ထင်သလောက် မလွယ်ကူမှန်း ဖိုးအောင် လမ်းပေါ်ရောက်မှ သိတော့သည်။ စိတ်ထဲမှာ ရည်ရွယ်ချက် ရှိသော်လည်း ဦးတည်ချက် ပျောက်နေသောခြေလှမ်းများက ညနေစောင်းချိန်လောက်မှာ ကန်တော်ကြီးဘက် ရောက်သွားသည်။

တလှုပ်လှုပ် တဖျတ်ဖျတ် ပြေးဆော့နေကြသော ကန်ရေပြင်ရှိ လှိုင်းနုကလေးများကို ကြည့်ပြီး ရင်ထဲ အေးသလို ခံစားရသော်လည်း ခဏသာ။ ထို့နောက် ညနေချိန် ရွှေရောင်တဝင်းဝင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုသပ္ပါယ်ဖွယ်ရာ ဖူးတွေ့နေရသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရပ်လျက်နှင့်ပင် ဦးခိုက်ကြည်ညိုပြီး ဆက်လျှောက်လာခဲ့သည်။

တစ်ခါတစ်ရံ သူ့ဘေးမှ ကျော်တက်မောင်းသွားသော ဂေါ်ရခါးစစ်သားအပြည့်နှင့် ထရပ်ကားများ၊ အော်စတင်၊ ဖိယက်၊ အိုပယ် စသော အမျိုးအစား ဖိမ်ခံကားလေးများကို တွေ့ရသည်။

ဒါလည်း ဦးလေးရဲ့ကျေးဇူးကြောင့်သာ၊ ဘယ်ဟာက ဘယ်ကားအမျိုးအစားဟု ခွဲခြားသိနိုင်ခြင်းဖြစ်သည်။ ဘီးလေးဘီးနှင့် ဗီရိုရထားလုံးကို မြင်တော့ နွားလှည်းနှင့်အသီးအရွက် တက်ကာ ရောင်းနေရသောအမေ့အတွက် ဒီလို ဗီရိုလှည်းလေး ဝယ်ပေးနိုင်လျှင် အလွန်ပဲ သက်တောင့်သက်သာ ရှိကာ ကောင်းလေစွဟု အတွေးဖြစ်မိသည်။ ကျွန်တော်ကြိုးစားသွားမှာပါ အမေ။

ဖိုးအောင် ခြေဦးတည့်ရာအတိုင်း လျှောက်လာရင်း . . တိရစ္ဆာန်ရုံ၊ အထိမ်းအမှတ်ကျောက်တိုင်နှင့် စတီးဘရားသားကုမ္ပဏီအလုပ်သမားများ နေထိုင်ရာရပ်ကွက်ကို အစဉ်အတိုင်း ကျော်ဖြတ်လာခဲ့ပြီး မီးရထား ကုန်းကျော်တံတားကြီးပေါ် ရောက်ရှိလာတော့သည်။

တံတားပေါ်မှ ရှေ့တူရူတွင် ဘုန်းကျက်သရေ တောက်ပစွာ ဖူးမြင်ခွင့်ရသော ဆူးလေစေတီတော်မြတ်ကြီးအား တွေ့ရပြန်သဖြင့် ဖိုးအောင် လက်အုပ်ချီကာ ရပ်လျက်နှင့်ပင် ဦးခိုက်မိသွားသည်။ ညနေအို အမှောင်ဖျော့ဖျော့ထဲ အုန်းပင်ထန်းပင်တို့ ခြံရံလျက် တည်ထားသော ဆူးလေစေတီတော်ကို ဖူးမြင်ပြီးမှ ဆက်လျှောက်ရင်း မြင်ကွင်းကျယ်ထဲ စိတ်ကို လွှင့်ထုတ်ထားလိုက်သည်။





နေဝင်ပြီဖြစ်၍ လမ်းမီးတိုင်များ လင်းနေကာ လမ်း၏ ဘေးဘယ်ညာ၌ ရုပ်ရှင်ရုံများ၊ စားသောက်ဆိုင်များ၊ ဟိုတယ်ကြီးများအား အပြိုင်အဆိုင် ထွန်းညှိထားသော လျှပ်စစ်မီးရောင်နှင့် လူကုံထံတို့ ဝင်ထွက်သွားလာ စားသောက်စည်ကားနေတော့၍ ရေနံမီးခွက် မှုန်အက်အက်နှင့်သာ တစ်ညတာ ပြီးခဲ့ရသောရွာကို သတိရနေမိသည်။ တို့ရွာမှာသာ ဒီလို လျှပ်စစ်မီးလေး ထွန်းနိုင်ခဲ့လျှင် အဘယ်မျှကောင်းလေစွဟု စိတ်က ဖြစ်ပြန်ကာ လျှောက်လာစဉ် . .

"အာရေဆပ် . . အာရေဆပ် . . အိုး . . ဟိုး . . ဟော့"

"ဝေါ . . ဝေါ . . ဒုန်း . . ဝုန်း . . ."

"အမလေး . . . သေပါပြီ"

"အီး . . ဟီး . . ဟီး . . ဝု"

နောက်က ထွက်ပေါ်လာသောအသံတွေကြောင့် သူ လန့်ဖျပ်ပြီး ဘေးခုန်ရှောင်လိုက်နိုင်လို့သာ တော်တော့သည်။ အကြောင်းမှာ မီးရထားကုန်းကျော်တံတားပေါ်မှ မောင်းဆင်းလာသော ရထားလုံးတစ်စီးက အရှိန်မထိန်းနိုင်ဘဲ ပလက်ဖောင်း လမ်းစောင်းပေါ်ဘီးတက်လာကာ သူ့ကို ဝင်တိုက်တော့မလိုဖြစ်ပြီးမှ တိမ်းမှောက်သွားသောကြောင့်ဖြစ်လေ၏။

တုံးလုံးလဲနေသောလှည်းနှင့်အတူ မြင်းပါ လဲသွားသည်။ လှည်းဦးစင်ပေါ်က ရထားလုံး မောင်းသောကုလားလည်း လွင့်လိမ့်ထွက်ကာ တစ်ဖက်လမ်းဘေးသို့ ရောက်သွားပြီး အဘား . . အဘားဟုသာ အော်နေလေတော့သည်။

ရုတ်တရက်မို့ ဖိုးအောင် ပျာယာခတ်သွားပြီး လဲနေသောရထားလုံးပေါ် တက်ကာ တံခါးပေါက်မှ အထဲကို ချောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တအင့်အင့် ညည်းတွားနေသံနှင့် အဝတ်အစားကြောင့် အမျိုးသမီးဆိုတာ သေချာသော်လည်း အမှောင်ရိပ် ထိုးနေ၍ မည်သူမည်ဝါ မသဲကွဲ။

သို့နှင့် ဖိုးအောင် ရထားလုံးတံခါးကို ဆွဲဖွင့်ကာ ဝင်၍ ရထားလုံးထဲ ခွေခေါက်ညည်းတွားနေသည့် အမျိုးသမီးကို ခက်ခက်ခဲခဲပင် ဆွဲထုတ်လေတော့သည်။

"အား. . ကျွတ်. . ကျွတ်. . အမလေး. . နာလိုက်တာ"

အပြင်ရောက်မှ ဖိုးအောင် သေချာကြည့်ပြီး ရင်ထဲ ဒုတ်ခနဲ မြည်ဆောင့်ကာ ခဏတော့ ကြက်သေ,သေသွားသည်။ ခဏသာ။ သူမ၏ညည်းတွားသံကြောင့် ဖိုးအောင် သတိဝင်ကာ. . .

"မ. . မနှင်းဖွေး. . ရရဲ့လား၊ ကျွန်တော် ဘာကူညီရမလဲ"

နာမည်ခေါ်ပြီး မေးပြောသံကြောင့် သူမ ညည်းသံပျောက်ကာ ရှုံ့မဲ့မဲ့နှင့် ဖိုးအောင်ကို လှည့်ကြည့်သည်။

"ရှင်. . ရှင်. . ဘယ်သူလဲ၊ ကျွန်မကို သိလို့လား"

"သိ. . သိတယ်၊ ဟိုလေ. . သိတယ်ဆိုတာ ကျွန်တော့်ဦးလေးနဲ့ တရုတ်တန်းဘက် ရောက်တုန်းက တစ်ကြိမ်ပဲ ဆုံဖူးတာပါ"

"ကျွတ်. . ကျွတ်. . အား၊ ရှင့်ဦးလေးက ဘယ်သူလဲ"

"အင်းစိန်စီအိုင်ဒီက အိုင်ပီဦးအောင်မောင်းပါခင်ဗျာ"

"သြော်. . . မှတ်မိပြီ၊ အား. . ကျွန်မခြေထောက် မရတော့ဘူး. . အား"

ထိုစဉ် လမ်းတစ်ဖက်သို့ လွင့်ကျသွားသော ရထားလုံးကုလားလေး ထော့နဲ့ထော့နဲ့နှင့် ရောက်လာကာ. . .

"အာယိုယို. . . မမလေး၊ မရန်းသီး တောင်းပန်ပါတယ် မမလေးရယ်၊ အာရေ. . အ. . ကျွတ်. . ၊ မရန်းသီးနော်. . အသုံးမကျဘူး မမလေး. . ၊ အများကြီး စိတ်မကောင်းဖြစ်တယ် မမလေး"

"ကဲ. . . တော်ပြီ မရန်းသီး၊ ငါ့ကို ကားငှားပေး၊ ရထားလုံးကို နင့်ဘာသာ အဆင်ပြေအောင် ပြန်ယူလာခဲ့"

"ကောင်းပြီ မမလေး"

မရန်းသီးဟု ခေါ်သော ရထားလုံးကုလားလေး ထော့နဲ့ထော့နဲ့နှင့် လမ်းပေါ်မှာ ဟိုဒီကြည့်နေခိုက် သူမက. . .

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဟိုလေ. . . ကူညီလက်စနဲ့ ရထားလုံးထဲမှာ ကျွန်မရဲ့ပိုက်ဆံအိတ်လေး တဆိတ်လောက် ရှာပေးပါလား"

"အာ. . . ရပါတယ်ခင်ဗျာ"

ဖိုးအောင်က သူမကို ပလက်ဖောင်းပေါ်မှာ အသာအယာချ၍ မှေးထိုင်စေခဲ့ပြီး ရထားလုံးထဲသို့ သွက်လက်စွာပင် ကျော်ခွဝင်သွားသည်။

ဖိုးအောင် ရထားလုံးထဲက ပြန်ထွက်လာသောအခါ လက်ထဲမှာ မိကျောင်းသားရေအစစ်နှင့် ချုပ်ထားသော အင်္ဂလန်မိတ် အမျိုးသမီး ပခုံးလွယ်အိတ်တစ်လုံး ပါလာကာ သူမကို တရိုတသေပင် ကမ်း၍ပေးလေ၏။

"ကျေးဇူးတင်လိုက်တာရှင်"

"သြော်. . . ပိုက်ဆံအိတ်က အထဲမှာ ပွင့်ကျနေတာမျိုး မတွေ့ခဲ့ဘူးခင်ဗျ၊ ဒါပေမယ့် စုံစေ့မှု ရှိမရှိ စစ်ကြည့်ပါဦး"

"ရပါတယ်. . . ရထားက ကျွန်မကိုယ်ပိုင်ပါ၊ ကျရင်လည်း ရထားထဲမှာပဲ ရှိလိမ့်မယ်"







www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် စကိုဒါအမျိုးအစား အငှားကားလေးတစ်စီး ရထားလုံးရှေ့မှာ ကျော်ပြီးရပ်လိုက်သဖြင့် တုံးလုံးလဲနေသောမြင်းပင် လန့်ကာ ကြုံးထသည်။ သို့သော် လှည်းတံပိုးတန်းက ဖိထားသဖြင့် တစ်ချက်ဟီကာ ပြန်ကာ လဲလေသည်။

"မမလေး. . . ကားရပြီ"

"အေး. . အေး. . မရန်းသီး ရထားလုံးကို သေချာဂရုစိုက်ပြီး ပြန်ယူလာခဲ့"

"စိတ်ချပါ"

ထို့နောက် သူမ ကားဆီ သွားရန် ထအရပ် ခြေထောက်က မထောက်နိုင်တော့သဖြင့်နောက် ပြန်ကျသွားစဉ် ဖိုးအောင် အချိန်မီ ဝင်ထိန်းကာ. . .

"ကျွန်တော်တွဲပို့မယ်"

"ဟုတ်ကဲ့ရှင်. . အားနာပါတယ်"

"ရတယ်. . လာ. . ဖြည်းဖြည်းထ"

"အား. . မရဘူး၊ ကျွန်မခြေထောက်က ထောက်လို့မနိုင်တော့ဘူး၊ အား. . . ကျွတ်. . ."

"ဒါဆိုလည်း သည်းခံပြီးတော့ လိုက်ခဲ့ပါ၊ ကျွန်တော် ကားပေါ် ပွေ့တင်ပေးမယ်နော်"

ပြောပြောဆိုဆို ဖိုးအောင်၏ သန်မာတောင့်တင်းသော လက်မောင်းပေါ် သူမ၏ခန္ဓာကိုယ်လေး စွေ့ခနဲပါလာတော့သဖြင့် သူမလည်း ဖိုးအောင်လည်ပင်းဆီကို အလိုက်သင့်လှမ်းဖက်လိုက်ရတော့သည်။

ထိုအခိုက်အတန့်အချိန်ကလေးအတွင်းမှာပင် သူမ၏





ကိုယ် သင်းရနံ့လေးရှူရှိုက်ခွင့်ရပြီး ဖိုးအောင်၏ ခန္ဓာကိုယ် သွေးကြောအနှံ့ စိမ့်ဝင်ကာသွားသည်။

ဖိုးအောင်ကဲ့သို့ မနှင်းဖွေးသည်လည်း ဖိုးအောင်၏ ဂရုစိုက်ပေးမှုအပေါ် စိတ်သာယာမှုဖြစ်ကာ ခြေထောက်က နာကျင်မှုကိုပင် မေ့သယောင်ယောင် ရှိနေလေတော့၏။

ကားထဲ ရောက်မှ သူမက. . .

"ဩော်. . . ရှင့်နာမည်လေး တဆိတ်လောက်"

"ဖိုးအောင်ပါခင်ဗျာ"

"အို. . မှတ်ရလွယ်သားပဲ၊ အိုင်ပီဦးအောင်မောင်းက ကျွန်မဖေဖေနဲ့ အရမ်းခင်ကြတာလေ၊ ကျွန်မတို့အိမ်က ဂိုးဒင်းဘဲလီမှာပါ၊ အိုင်ပီကြီးနဲ့ တစ်ခေါက်လောက် လာလည်ကြပါဦးလို့ ဖိတ်ခေါ်ပါတယ်ရှင်"

"ဟုတ်ကဲ့ပါ"

ထို့နောက် သူမက ကားဒရိုင်ဘာကြီးအား လမ်းနာမည်ပြော၍ မောင်းစေပြီး ထွက်ခွာသွားလေတော့သည်။ သူမ ကားလေးထွက်သွားမှ မရန်းသီးက. . .

"ဆပ်. . မရန်းသီးကိုလည်း ကူပါဦး ဆပ်"

လှည့်ကြည့်လိုက်တော့ မရန်းသီးက မြင်းကိုတောင်ဖြုတ်ယူပြီးနေပြီဖြစ်၍ တုံးလုံးလဲနေသာဗီရိုလှည်းအား နှစ်ယောက်အားဖြင့်ခက်ခဲစွာပင် မထူလိုက်ရသည်။ မရန်းသီးက သူ့မြင်းကြီးကို ပြန်တပ်ပြီး. .

"ကျေးဇူးပါဆပ်. . မရန်းသီး ဘယ်ကိုလိုက်ပို့ရမယ်ဆိုတာသာ အမိန့်ရှိပါ. . "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ရပါပြီကွာ. . မင်းသခင်မမှာတဲ့အတိုင်းသာ အိမ်ကိုရောက်အောင်ပြန်လိုက်ပါ"

"ကောင်းပြီဆပ်. . မရန်းသီးသွားပြီဆပ်"

ထိုသို့အပြန်အလှန်နှုတ်ဆက်စကားဆိုကြပြီး မရန်းသီး၏ ရထားလုံးလည်း ထွက်ခွာသွားပြီဖြစ်သဖြင့် ပလက်ဖောင်းဘေးနား ချထားသော သူ၏ဂရောင်းရှစ်အိတ်ရှည်ကို ပခုံးလွယ်ကာ ဆက်လျှောက်လာခဲ့တော့၏။

ဦးတည်ရာမဲ့လျှောက်သွားနေသော သူ၏ခြေဦးရှေ့သို့ တိတ်တခိုးရင်ခုန်ခဲ့ရသော မိန်းမချောလေး မမျှော်လင့်ဘဲရောက်လာခဲ့ပြီး မမျှော်လင့်ဘဲ ထွေးထွေးပွေ့ပွေ့ပင် ကူညီလိုက်ရခြင်းအတွက် ဖိုးအောင် ကျေနပ်ပျော်ရွှင်မဆုံးအောင် ရှိနေလေသည်။

ထို့အပြင် ဘာကြောင့်မှန်းမသိ နွမ်းနယ်ကာ ပုံကျနေသော စိတ်ခွန်အားများပါ ပြန်လည်နိုးကြွလန်းဆန်းလာခဲ့သည်။

သာမန်အားဖြင့် ဘယ်လောက်မြတ်နိုးပါစေ လက်လှမ်း မမီသော ပန်းတစ်ပွင့်ဖြစ်လင့်ကစား. . . ကြိုးစား၍ အဆင့်အသွင်တူလျှင် မရယူနိုင်စရာ မရှိပြီမို့ သေချာပေါက် ကြိုးစားအားထုတ်ရန် ရည်သန်ပိုင်းဖြတ်ဖြစ်တော့သည်။

"ချမယ်. . လုပ်မယ်ကွာ၊ တစ်နေ့ ငါအောင်မြင်ရမယ်"

တစ်ယောက်တည်း ကြုံးဝါးပြီး ခြေလှမ်းများပါ ချိချိကြွကြွ ဖြစ်ကာ ရုပ်ရှင်ရုံတန်းရှေ့ ရောက်သွားသည်။

စားသောက်ဆိုင်တန်းရှေ့သို့ ရောက်သောအခါ ဝမ်းထဲ ဟာကာ ဆာလောင်လာ၍ မြန်မာထမင်းဟင်းကောင်းကောင်း. ရောင်းသောဆိုင်ဟု စိတ်နှင့် မှန်းသမ်းထင်ကာ ဝင်၍စားသောက်





လေသည်။

တကယ်စား ကြည့်တော့လည်း တကယ်ကောင်းသော ဆိုင်ဖြစ်နေ၍ နောက်တစ်ကြိမ် လာစားနိုင်ရန် ဆိုင်နာမည်ကို သိရန် စားပွဲထိုးမိန်းကလေးကို ခေါ်၍ မေးကြည့်သည်။

"ဒီဆိုင်က ဆိုင်နာမည်လည်း မတွေ့မိပါလားဗျ"

"ကျွန်မတို့ဆိုင်က ဆိုင်းဘုတ်ထောင်နေစရာ မလိုပါဘူးရှင်၊ မြန်မာထမင်းဟင်းရောင်းတဲ့ အမေကြည့်ဆိုင်ဆို တစ်မြို့လုံး သိနေတာပဲဟာ"

"ဪ. . . ဒီလိုလား ကောင်းပါပေ့ဗျာ"

ဖိုးအောင် ဗိုက်ပြည့်သွားပြီဖြစ်၍ လန်ဒန်ဂိုးဖလိပ် စီးကရက်တစ်ဘူး ဝယ်ကာ ဆက်လျှောက်လာခဲ့သည်။ မြို့တော်ခန်းမကို လွန်မြောက်ပြီး မဟာဗန္ဓုလပန်းခြံဘက် လှမ်းကြည့်ရာ ပန်းခြံဘေးတွင် လူတချို့၊ အိပ်သူအိပ်၊ ထိုင်သူထိုင်၊ လမ်းလျှောက်သူလျှောက်နှင့် စည်စည်ကားကား ရှိနေ၍ သူလည်း ကားလမ်းတစ်ဖက် ပန်းခြံဘေးသို့ ကူးသွားပြီး အမှောင်ရိပ်ကလေးလည်းကျ၊ လူလည်း ရှင်းသော နေရာသို့ ရွေးကာ ထိုင်တော့သည်။

ထိုင်ရင်းနှင့် စီးကရက်တစ်လိပ် ထုတ်ကာ ဇိမ်ကျကျ ဖွာရှိုက်ရင်း သူ၏ဘယ်ဘက်ရှိ ဆူးလေစေတီတော်ကြီးအား ငေးမောနေလေ၏။

စီးကရက်တစ်လိပ်ကုန်သွားမှ စိတ်အာသာပြေသလိုရှိကာ ဗိုက်လည်းပြည့်၊ ငိုက်လည်းငိုက်လာသဖြင့် ဂရောင်းရှစ်အိတ်ကို ဘုရားဘက်ရွှေ့ချ၍ ခေါင်းအုံးကာ ကျောဆန့်မိတော့သည်။

တစ်နေ့ကုန်လမ်းလျှောက်နေရသည်ကတစ်ကြောင်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းသည်ကတစ်ကြောင်း၊ အစာအိမ်ပြည့်အင့်သွား၍ ငိုက်မျဉ်းသည်ကတစ်ကြောင်းကြောင့် ဖိုးအောင် ခဏအတွင်းမှာပင် အိပ်ပျော်သွားလေတော့၏။





# အခန်း (၅)

အိမ်ရှေ့ဆင်ဝင်အောက် အော်စတင်ကားလေးရပ်သည်နှင့် ခါတိုင်းလို ဒရိုင်ဘာ မာတနီ ကားတံခါးလာဖွင့်ပေးချိန်တိုင်အောင် မစောင့်နိုင်တော့ဘဲ ကိုယ်တိုင်ဖွင့်ဆင်း၍ အိမ်မကြီးထဲပြေးမဝင်ရုံတမယ်ရှိနေသော တရားသူကြီးဦးအောင်မြင့်ကို ကြည့်ကာ မာတနီ ဆလံပေး၍ အားနာနေမိသည်။

ဦးအောင်မြင့်ကတော့ သမီးဇောကပ်နေ၍ ဆလံတွေ ဆလဲ့တွေနဲ့ အကြည်ညိုမခံနိုင်တော့ပါချေ။ ဧည့်ခန်းထဲရောက်သည်နှင့် ဆက်တီဝိုင်းမှာတစ်ယောက်တည်း စာရင်းထိုင်ဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



သော သမီးဆီပြေးကာသွားသည်။

"သမီး. . နှင်းဖွေး"

"ဩော်. . ဒယ်ဒီ. . လာ ထိုင်လေ၊ သမီးသက်သာနေပါပြီ၊ ဆရာဝန်ကြီး ဒေါက်တာဟီးရိုးမားလည်း အခုလေးတင်ပဲပြန်သွားတာ. ."

ယခုမှပင် ဦးအောင်မြိုင် ဟင်းချနိုင်တော့ကာ သမီးဖြစ်သူ ဘေးမှာ ဝင်ထိုင်လျက်. . .

"ဘယ်နေရာ ထိသွားတာလဲ သမီး"

"ပေါင်ရိုးအက်သွားရုံလေးတင်ပါ"

"ဘာ. ."

"စိတ်မပူပါနဲ့ ဒယ်ဒီ၊ အခု ကျောက်ပတ်တီးစည်းပြီးပြီ၊ ဆေးနှစ်လုံးတောင် ထိုးပေးထားတယ်၊ သောက်ဆေးတစ်ခွက် သောက်ပြီးပြီ၊ နည်းနည်းနာနေသေးတာကလွဲလို့ သမီးသက်သာနေပါပြီ၊ တကယ်ပြောတာ၊ ပြီးတော့ ဒေါက်တာဟီးရိုးမားက နေ့တိုင်းလာစစ်ဆေးမှာ. . . ဘာမှစိတ်မပူနဲ့"

"သမီးရယ်. . . လူ့လောကမှာ ပြေးကြည့်မှ ဒီအဖေနဲ့ ဒီသမီးပဲ ရှိတာ၊ အဖေက တစ်နေရာ သမီးက တစ်နေရာ"

"ဘိုးဘိုး. ."

"ဝေး. ."

"ဟေး. . . ဘိုးဘိုးရောက်နေတယ် ဟန်နီရေ"

"ဟယ်. . . ဘိုးဘိုးရေ ဟန်နီလာပြီနော်"

"ကြည့်စမ်း. . . ဒီကလေးတွေ၊ ဘိုးအေ ရောက်နေတာကို အခွင့်ကောင်းယူပြီး ဆင်းလာပြီ"





"အဖေလည်း မြေးလေးတွေကို တွေ့ချင်ပါတယ် သမီးရယ်"

"သူတို့ စာမေးပွဲရှိလို့ စာကျက်ခိုင်းထားတာ"

သူမ စကားမဆုံးခင်မှာ သမီးနှစ်ယောက် အပေါ်ထပ်မှ ပြေးဆင်းလာပြီး ဘိုးအေရင်ခွင်ထဲ အတင်းဝင်ကာ တိုးတော့သည်။ ဟန်နီက ဆယ်သုံးနှစ်အရွယ်ဆိုသော်လည်း အဖေတူသမီး ညိုညိုထွားထွားကြီးဖြစ်၍ အပျိုဖြန်းလေးလား ထင်စရာ။

စန္ဒီကတော့ ဟန်နီနှင့် ငါးနှစ်ကွာပြီး အငယ်ဆုံး အသွက်ဆုံးလေး။ ဘာပဲပြောပြော ဦးအောင်မြိုင်ကတော့ သားအချစ်၊ မြေးအနှစ် ဟူသော ဆိုရိုးစကားကဲ့သို့ သူ၏မြေးမလေးများကို တုန်နေအောင် ချစ်ကာ မြေးနှစ်ယောက် သူ့ရင်ခွင်ထဲ ရောက်သွား၍ သမီးအတွက် ပူပန်နေသောအရိပ်အငွေ့များပင် မျက်နှာပေါ်မှ လွင့်စဉ်ကာ ကြည်လင်တောက်ပလာခဲ့သည်။

"ရောဘတ်ထူးရော သမီး"

"ဒီအချိန်မှ အိမ်မှာမတွေ့ရင် စမတ်ချ်ကလပ်မှာ ရှိနေမှာပေါ့ ဒယ်ဒီ"

"ဟော. . အဲ့သလိုတော့ပစ်မထားသင့်ဘူးထင်တယ် သမီးရယ်. ."

"သူ့ကို သမီးပစ်မထားပါဘူး ဒယ်ဒီရယ်၊ လင်ပါသားဆိုပေမယ့် ကိုယ့်သားသမီးလိုပဲဂရုစိုက်ပါတယ်၊ အခွင့်အရေးလည်း ဟန်နီတို့နဲ့တန်းတူပဲ၊ သမီးကိုယ်တိုင် မိဘနဲ့အနေဝေးခဲ့ရတော့ အထူးကို ကိုယ်ချင်းစာပြီးစောင့်ရှောက်ပါတယ်၊

ကိုအောင်ထူးဆုံးပြီးနောက်ပိုင်း ပိုလို့တောင်ဂရုစိုက်ပါသေးတယ်၊ ဒါပေမယ့် မေတ္တာဆိုတာ ကိုယ်ကဘယ်လောက်ပဲပေးပေး



www.burmeseclassic.com

www.burmeseclassic.com



လိုချင်မှလည်းရမှာကိုး ဒယ်ဒီရဲ့၊ အထူးက သူ့အဖေစရိုက်ပဲ၊ အကြွင်နာတရားဆိုတာ သူမွေးထားတဲ့ခွေးလေး ဘော်ဘီတစ်ကောင်ကလွဲလို့ ဘယ်သူ့ဆီမှာမှမရှိတတ်ဘူး၊ သမီးဘယ်လောက်ပဲ သွန်သင်သွန်သင် သူ့စိတ်ထဲထင်ရာမြင်ရာပဲလုပ်တာ၊

အခုလည်း စမတ်ချ်ကလပ်ကိုမသွားပါနဲ့၊ အဲ့ဒီမှာက ငွေကိုရေလိုသုံးနိုင်တဲ့ လူကုံထံသားသမီးတွေချည်းပဲ လာသုံးဖြုန်းနေကြတာ မင်းက အမေမုဆိုးမရဲ့ဝင်ငွေလေးနဲ့ရပ်တည်နေရတာ မင်းမျက်နှာငယ်ရလိမ့်မယ်လို့ပြောတော့ ဒေါ်နှင်းပြောတာမှားတယ်တဲ့၊ ကျွန်တော်က မိဘမဲ့တစ်ကောင်ကြွက်တဲ့. . ကဲ. . သမီးဘယ်လိုထိန်းသိမ်းရမလဲ ဒယ်ဒီ၊ အဲ့ဒါကြောင့် သူလည်းစိတ်ချမ်းသာ၊ သမီးလည်းစိတ်ချမ်းသာအောင် ဘာမှကိုမပြောတာ. ."

"ကောင်းရောပေါ့ကွာ. . ဟင်း. . အမှန်တော့ အဖေ့အပြစ်ပါ သမီးရာ၊ အဖေလူကြည့်မှားပြီး အောင်ထူးနဲ့ပေးစားမိလို့ ငါ့သမီးဒီလိုသောကရောက်ရတာ၊

ကိုင်း. . . ငါ့သမီးလည်းတာဝန်ပေါ့အောင် အဖေလည်းစိတ်အေးရအောင် ဒီအိမ်ကြီးကိုပြန်ရောင်းပြီး အဖေ့အိမ်မှာပဲ အတူပေါင်းနေကြရအောင်. ."

"ဝေး. . ဟုတ်တယ် ဘိုးဘိုးနဲ့. . . ."

"တိတ်စမ်း ဟန်နီ. . သွား. . စန္ဒီပါခေါ်ပြီးပြန်တက်၊ ငါစာလာမေးလို့မရရင် ငါ့အကြောင်းသိတယ်နော်. ."

ကလေးနှစ်ယောက်မျက်နှာလေးငယ်ကာ ဘိုးအေဘေးမှခွာထွက်ကြသဖြင့် ဦးအောင်မြိုင်က သူ၏ပိုက်ဆံအိတ်ကိုထုတ်ယူလျက်. . .





"နေဦး. . နေဦး. . ရော့. . ဟောဒါက ဟန်နီ့အတွက်၊ ဟောဒါက စန္ဒီအတွက်၊ အဲ့ဒါ မြေးတို့စာကြိုးစားလို့ပေးတာနော်၊ စာမကျက်၊ စာမကြိုးစားရင် နောက်ထပ်မပေးတော့ဘူး. ."

"ရက်(စ်) ဘိုးဘိုး. . ဝေး. . မုန့်ဘိုးရပြီဟေ့. ."

ကလေးနှစ်ယောက် ပျော်ပြီး အပေါ်ထပ်စာဖတ်ခန်းသို့ ပြန်တက်ပြေးသွားမှ ဦးအောင်မြိုင်က. . .

"အဖေပြောတာလက်ခံပါ. . အခု သမီးမှာလည်း ဒဏ်ရာကြီးနဲ့ အိမ်မှာ ကားရှိပြီး မမောင်းတတ်လို့ မမောင်းရ၊ ဒရိုင်ဘာခေါ်ထားရင်လည်း စိတ်မချရ၊ ရထားလုံး သုံးပြန်တော့ ခုလို အန္တရာယ်က ကြုံနဲ့ ငါ့သမီးရယ်"

မနှင်းဖွေး လုပ်လက်စ စာရင်းဇယားတွေကို ချပြီး ဖခင်မျက်နှာကို ကြည့်လိုက်သည်။ ပြီးမှ. . .

"ဒယ်ဒီ့ကို မေးမယ်၊ သမီး အဲ့ဒီမှာ လာနေတော့ရော ဒယ်ဒီသမီးဘေးမှာ အမြဲရှိမှာတဲ့လား၊ ဒီမျက်နှာဖြူကောင်တွေအတွက်ပဲ အချိန်ကုန်နေရတာပဲ မဟုတ်လား၊ အိမ်မှာ ပြန်နေရင် ဒယ်ဒီ မိတ်ဆွေ အဖြူကောင်တွေကို မေတ္တာတုံးတုံးနဲ့ ဧည့်ခံနေရဦးမယ်"

"ဒီမှာ သမီး၊ အဖေ ဒီကောင်တွေလက်အောက်မှာ အလုပ်လုပ်နေရတာ သိပ်ပျော်နေတယ် ထင်လို့လား၊ ဒါဟာ အခြေအနေနဲ့ အချိန်အခါကွ၊ အေး. . . သမီးအမေ သခင်မကြီးလိုတော့ ဝံသာနုစိတ်တစ်စိတ်ထဲနဲ့ ရှေ့နောက်မဆင်မခြင်ဘဲ ဇွတ်မိုက်တာမျိုးတော့ မလုပ်နိုင်ဘူးပေါ့ကွာ၊

အဲ့သလို ဇွတ်မိုက်တော့ ဘာအကျိုးရှိလဲ၊ အင်္ဂလိပ်အစိုးရက သူပုန်လို့ သတ်မှတ်ပြီး ဖမ်းသတ်ပစ်ခံရတာပဲ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို နားလည်စမ်းပါကွာ၊ သမီးဟာလေ. . သမီးအမေ သွေးအပြည့်ပဲ"

"အမှန်ပဲ ဒယ်ဒီ၊ အဲ့ဒါကြောင့်လည်း အင်္ဂလိပ်ပေးတဲ့ ဘီအေဘွဲ့ကို မလိုချင်လို့ အမျိုးသားပညာရေးကျောင်းထွက်ဘဝနဲ့ပဲ ကျေနပ်ခဲ့တာ၊ အင်္ဂလိပ်လစာ မစားချင်လို့ ကိုယ့်ဘာသာ အိမ်ခြံမြေ ပွဲစား လုပ်နေတာ၊ အခုဆို ဘယ်လောက်ဟန်ကျသလဲ၊

ဟန်တစ်လုံးပန်တစ်လုံးနဲ့ ကိုယ့်တိုင်းပြည်ကိုလာပြီး တစ်သက်လုံး နေသွားတော့မယ်ပုံစံနဲ့ ငွေအများကြီး အကုန်ခံပြီး အိမ်ကြီး ရခိုင်တွေဆောက်၊ လေးငါးနှစ်လောက် နေပြီး ဘိလပ်ကို ပြန်ရတော့ ဒါကိုပြန်ရောင်း၊ အဲ့သလို ရောင်းမယ့်အိမ်မျိုးကို သမီးက ဈေးနှိမ်ပြီး ဝယ်တယ်၊ နောက်ထပ်ရောက်လာမယ့် မျက်နှာဖြူကြွားကို ဈေးကြီး ကြီးနဲ့ ပြန်ရောင်းတယ်၊ ဘယ်လောက်အရသာရှိသလဲ၊

အခုလည်း ဒီအိမ်ကို ဘုံဘေဘားမား ရှယ်ယာဝင် အင်္ဂလိပ် လူမျိုးတစ်ယောက်ကို ရောင်းဖို့ ဆိုင်ထားပြီးသားပါ၊ ဒါရောင်း ထွက်တာနဲ့ ဒီအိမ်ထက်ဆယ်ပြန်မကသာတဲ့ အိမ်နဲ့ခြံကြီးကိုဝယ်ဖို့ သမီး ကြည့်ထားပြီးပြီ. . တစ်ခုပဲထစ်နေတာ သမီးအခုနေနဲ့ ဒီအိမ်ကိုဝယ်မယ့် မစ္စတာခရိုးစ်ကို ဈေးကောင်းရအောင် အင်္ဂလိပ်လိုကောင်းကောင်း ပြောပေးနိုင်မယ့်သူလိုနေတယ်၊ သမီးရထားလုံးမှောက်တာလည်း အဲ့ဒီစပီကင်သမားကိုသွားရှာရင်းဖြစ်တာလေ. . ."

"ကဲ. . သမီးပြောတော့ အင်္ဂလိပ်ကျောင်းကို အထင်မကြီးဘူးဆို၊ အခု အင်္ဂလိပ်စကားပြောဖို့ ခက်နေပြီမဟုတ်လား၊ အခြေအနေနဲ့အချိန်အခါဆိုတာ အဲ့ဒါကိုပြောတာသမီးရဲ့၊ ကဲ. . ရှာမနေနဲ့၊ မစ္စတာခရိုးစ်ကိုချိန်းမယ့်နေ့ အဖေ့ဆီဖုန်းဆက်၊ အဖေလာပြော





ပေးမယ်. ."

"ဟာ. . ဒယ်ဒီ ဒီလောက်များ၊ ဦးနှောက်စားနေရတယ် ဒုက္ခမပေးချင်ပါဘူး၊ ရတယ်၊ သမီးဘာသာအဆင်ပြေအောင်လုပ်ပါ့မယ်၊ ဪ. . သားအဖတွေစကားကောင်းနေလိုက်တာ ဒယ်ဒီ ကော်ဖီနော်. ."

"နေတော့သမီး ဒယ်ဒီမသောက်ချင်ဘူး၊ ကဲ. . ဒယ်ဒီပြန်မယ်၊ နောက်ထပ်စိတ်မပူချင်တော့ဘူးကွယ်၊ ဒဏ်ရာလည်းဂရုစိုက်ဦး၊ ရိုးတွင်းချဉ်ဆီလိုက်ရင်ဒုက္ခပေးနိုင်တယ်"

"စိတ်ချဒယ်ဒီ. . သမီးမထောက်နိုင်လို့ လိုက်မပို့တော့ဘူး နော်. ."

"အေး. . အေး. . နေခဲ့၊ ကလေးတွေဘိုးဘိုးပြန်ပြီ"

"ဟုတ်ကဲ့ဘိုးဘိုး. ."

"ဒယ်ဒီ ဖြည်းဖြည်းသွားနော်"

"အေးပါ သမီးသာ ကိုယ့်ကိုယ်ကိုဂရုစိုက်"


ဖခင်ညည့်ခန်းထဲကထွက်သွားတော့မှ ကားသံကြားကတည်းက အောင့်ထားခဲ့သမျှ အတိုးချကာညည်းတွားလေတော့၏။

"အား. . ကျွတ်. . ကျွတ်. . ခွေးကောင် မရန်းသီး၊ နင် အသုံးမကျလို့ အား. . လာ. . လာ. . နာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

"ဟေ့ကောင်. . . ထစမ်း"

အော်သံနှင့်အတူ တင်ပါးတစ်ဖက်ကို ပြင်းပြင်းထန်ထန် အကန်ခံလိုက်ရ၍ ဖိုးအောင်လန့်နိုးကာထထိုင်သည်။

"ဟင်. ."

ဖိုးအောင်မော့ကြည့်လိုက်တော့ မျက်လုံးတစ်စုံသာဖော်ထားပြီး အဖြူရောင်ဝတ်ရုံတွေနှင့် အာရပ်မါးကောက်ကြီးများကိုင်ဆောင်ထားသော လူငါးယောက်။ သူ ရုတ်တရက်ဘာမှပြန်မပြောနိုင်ဘဲ ပြူးကြောင်ထိတ်လန့်စွာ ချာလည်လည်အောင်လိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသဖြင့် ဘေးချကိုင်ဆောင်ထားသော ဓါးကောက်ကြီးများလှုပ်လာကာ သူ၏မျက်နှာဆီ ချိန်ရွယ်ထားကြသည်။

ကြယ်ရောင်နှင့် တလက်လက်ထနေသော ဓါးသွားတွေကို ဖိုးအောင်ငေးကြည့်ရင်း လည်ပင်းတွေယားလာကာ ပန်းခြံ ခြံစည်းရိုးနားအထိပင် ထိုင်လျက်ဆုတ်ကာတိုးကပ်သွားမိသည်။

"ခင်. . ခင်ဗျားတို့ဘယ်သူလဲ၊ ဘာလုပ်ကြတာလဲဗျာ၊ ကျွန်တော်က လူကောင်းပါ"

"သိတယ်. . ငါတို့ကလည်း အဲ့သလိုလူရည်သန့်လူကောင်းတွေကိုပဲလိုက်ရှာနေတာ"

"ဘာအတွက်လဲဗျာ. ."

"လိုက်ခဲ့လေ. . ဟိုရောက်တော့သိရမှာပေါ့"

"ဘယ်လို. ."

"ဟ. . ဒီကောင်လျှာတော်တော်ရှည်တဲ့ကောင်၊ လျှာဆွဲဖြတ်ပစ်စမ်း. ."

"ဟာ. . ဟာ. . မလုပ်ကြပါနဲ့ဗျာ၊ လိုက်ဆိုလည်းလိုက်ပါ့မယ်. ."

"အေး. . အဲ့သလိုလိမ္မာမှပေါ့ကွာ. ."

ထို့နောက် ဖိုးအောင်ထရပ်ရင်း သူခေါင်းအုံးထားသော ဂရောင်းရှစ်အိတ်ရှည်ကို လွယ်ကြိုးကနေဆွဲအယူ ရုတ်တရက် လျှပ်ပျက်သလိုဝင်းခနဲဖြတ်ဝင်လာသောဓါးသွားက သူ၏အိတ်အား ထက်ပိုင်းပြတ်ကာ ကျသွားလေတော့၏။

"အဲ့ဒီအိတ်ချထားစမ်း. ."

ဖိုးအောင် ဘယ်လိုမှမတတ်နိုင်တော့ဘဲ သူ၏လက်ထဲက





အိတ်အပိုင်းအပြတ်အား နှမြောတသစွာပစ်ချထားခဲ့ရကာ ဝတ်ရုံဖြူများခေါ် ဆောင်ရာနောက်သို့လိုက်လာခဲ့စဉ်. .

"ဒီကောင့်ကိုဘယ်လိုခေါ် သွားမလဲ"

"ဒီလိုခေါ် တာပေါ့ကွာ. ."

"ခွပ်. ."

"အ. ."

သူ၏နောက်စေ့တည့်တည့်သို့ ပြင်းထန်စွာ ရိုက်ဆောင့်ခြင်းခံလိုက်ရခြင်းကြောင့် မျက်လုံးထဲအလင်းပွင့်များ ဟိုတစ်ပွင့်သည် တစ်ပွင့်သာမြင်လိုက်ရပြီး လုံးဝအမှောင်အတိကျသွားလေတော့၏။

ဠ ဠ ဠ ဠ



www.burmeseclassic.com

"မွှမ်း. . ."

"အား. . ဝူး. . ဟူး. ."

"ဟား. . ဟား. . ဟား. . ဟား. . ဒီကောင်ဘယ်ဆိုးလို့လည်းကွ သတိတော့ကောင်းသားပဲ"

"ချလွမ်. . ချလွမ်. ."

"အားဟား. . ရေ. ရေပေးပါ"

"အဲ့ဒီကောင်ကို ရေတိုက်လိုက်စမ်းဟေ့. ."

အော်သံဟစ်သံ၊ သံကွင်းများလှုပ်ခါသံတွေကြောင့်. . . ဖိုးအောင် မှိတ်ထားသောမျက်လုံးတွေကို အသာအယာဖွင့်ကြည့်သည်။ နီကျင့်ကျင့်အလင်းရောင်နှင့် ညှီစို့စို့အနံ့အသက်တွေကို စတင်ရင်းနှီးလိုက်ရသဖြင့် စိတ်ထဲ မသိုးမသန့် ခံစားမိကာ မှုံးနှောက်နေသော ဒဏ်ရာဝေဒနာကြားက မျက်လုံးတွေကို အားယူကာ ဖွင့်





ကြည့်မိသွားသည်။

"ဟာ. ."

မြင်ကွင်းက ဖိုးအောင်ကို တုန်ခါလန့်ဖျပ်သွားစေပြီး နေရာကနေ ပြေးထွက်ဖို့ ကြိုးစားလိုက်သည်။ မရပါ။ အုတ်နံရံထဲ မြှုပ်တွဲထားသော သံကွင်းဆက်ကြိုးတွေနှင့် သူ၏လက်နှစ်ဖက်ကို ဆွဲမြှောက်ကာ တုတ်ခတ်ထားသည်။ ခြေထောက်တွေကိုလည်း ခြေမျက်စိအထက်နားမှ သံကွင်းပြားဒေါက်များနှင့် ချုပ်ကာ တွဲနှောင်ထားချေပြီ။

"အရှင်ဘုရား ကယ်တော်မူပါ၊ ငါ. . ငါတော့ သေပြီထင်တယ်"

ထိုအခိုက်မှာပင် ခါးကောက်ကြီးများ ထမ်းထားသော ဝတ်ရုံဖြူကြီးများ နှစ်ယောက်တစ်တွဲ လျှောက်ဝင်လာပြီး. . ထိုဝတ်ရုံဖြူများ၏နောက်မှ ဝတ်ရုံအနက် ဝတ်ဆင်ထားသောသူကို တစ်ယောက်ထဲ ကြန့်ကြီးစွာ လျှောက်လာနေသည်ကို တွေ့ရသဖြင့် ဖိုးအောင် အသာငြိမ်ကာနေလိုက်ရသည်။

ဝတ်ရုံအနက်နှင့်လူမှာ ဝတ်ရုံဖြူများကဲ့သို့ မျက်နှာစည်းမထားဘဲရှိသဖြင့် ဖိုးအောင် ထိုလူကိုသေချာကြည့်မိသည်။ ကတုံးပြောင်ပြောင်နှင့် မျက်ခုံးနှာတံကောင်းပြီး ပိရိသောနှုတ်ခမ်းများက အနည်းငယ်ကျယ်ပြန့်သယောင်ရှိကာ မျက်နှာဖြူတစ်ယောက်၏ မျက်နှာပေါက်မျိုးဆိုတာသေချာလေသည်။

ထိုစဉ် ကတုံးနှင့်လူက အင်္ဂလိပ်ဘာသာဖြင့်. .

"လူကလေးတို့ အခန်းကိုအလင်းရောင်ပြည့်အောင်လုပ်ပါ၊ ငါ့ရဲ့အစီအရင်အောင်မြင်အောင်ကူညီကြမယ့်သူတွေရဲ့ မျက်နှာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ငါကြည့်ချင်တယ်. . "

"ကောင်းပါပြီအရှင်. . "

ထို့နောက် ဝတ်ရုံနက်အား အလွန်ရိုသေစွာဦးညွှတ်ခြင်း ပြုကြသော ဝတ်ရုံဖြူများလူခွဲကာ အခန်းမီးများကိုလိုက်ဖွင့်လေသည်။ အခန်းထဲမှာ မီးလုံးများတစ်ပွင့်ပြီးတစ်ပွင့် လင်းလာသည်နှင့် အမှျ မြင်ရသောမြင်ကွင်းက ပို၍ပီပြင်လာကာ ဖိုးအောင် အသက်မရှူဝံ့အောင်ကြောက်ရွံ့လာပြီး ချွေးသီးချွေးပေါက်များ စို့ပျံ့လာတော့သည်။

ပေနှစ်ဆယ်ပတ်လည်နီးပါးကျယ်ဝန်းသော အခန်း၏ အုတ်နံရံများတွင် သူ့ကဲ့သို့ သံကြိုးခတ်ခံရသူများမှာ သူအပါအဝင် ဆယ်ယောက်ခန့်ရှိပြီး အများစုမှာ အိန္ဒိယပန်ချာပီလူမျိုးများဖြစ်ကြသည်။ ဗမာပုံပေါက်တာဆိုလို့ သူတစ်ယောက်သာရှိသဖြင့် အလွန်ပင်အားငယ်ဝမ်းနည်းသွားကာ အမေဟု နှုတ်မှ ကတုန်ကယင်တမ်းတပြီး မျက်ရည်ဝဲမိသည်။ သူ အများကြီးမှားလေပြီ။ ဦးလေးဆီမှာသာဆက်နေလျှင် ဒီလိုဘေးဒုက္ခဆိုးကြီးနှင့် ကြုံကြိုက်စရာအကြောင်းမရှိ။ ခုတော့ ဘယ်နေရာဘယ်ဒေသ ရောက်နေမှန်းလည်းမသိ၊ ဘယ်သူမှလည်း လာရောက်ကယ်ဆယ်နိုင်စရာအကြောင်းမရှိ၍ မုချပင် အနေးနှင့်အမြန်သေရတော့မည်ဖြစ်ရာ သေငယ်ဇောနှင့် ကြောက်ရွံ့ထိတ်လန့်ပြီး သတိလစ်ချင်သလိုလိုဖြစ်ကာသွားလေသည်။

"ဗွမ်း. . "

"ဝူး. . ဖလူး. . "

မျက်နှာတည့်တည့် အလွန်အေးစက်သောရေနှင့်အပက်ခံ





လိုက်ရ၍ ဖိုးအောင်သတိဝင်ကာ စူးစူးဝါးဝါးထအော်သဖြင့် ဝတ်ရုံနက်နှင့်လူ အားပါးတရအော်ရယ်ပစ်တော့၏။ ထို့နောက်မှ အရယ်ရပ်၍. . . .

"ဒီလိုသတိလက်လွတ်ဖြစ်တတ်တဲ့သွေးမျိုး ငါမလိုလားဘူး၊ ငါက ဟောဒီကောင်ကြီးလို ဘယ်လောက်နှိပ်စက်နှိပ်စက် တစ်ချက်ကလေးမှသတိလွတ်မသွားတဲ့သွေးမျိုးပဲ သောက်ချင်တယ်၊ သူ့သွေးကို အခုပဲဖောက်ယူပါ လူကလေး. . "

"ကောင်းပါပြီအရှင်. . "

ဝတ်ရုံနက်၏စကားဆုံးသည်နှင့် ဝတ်ရုံနက်ညွှန်ပြသော ပထန်ကုလားကြီး၏အနီးအား ဝတ်ရုံဖြူတစ်ယောက်တိုးကပ်သွားကာ လည်ချောင်းတည့်တည့်သို့ အဖျားချွန်ထားသောသံပိုက်လုံးကိုထိုးသွင်းလိုက်တော့သည်။

"အား. . . "

ကျယ်လောင်စူးရှသောအော်သံကြီးနှင့် တစ်ကိုယ်လုံးတုန်ခါနေသော ပထန်ကုလားကြီးအား ဝတ်ရုံဖြူတို့က မည်သို့မျှဂရုစိုက်မနေဘဲ ပိုက်လုံးထဲမှထွက်ကျလာသော သွေးစိမ်းရှင်ရှင်တို့အား ငွေဖလားကြီးနှင့်ခံယူထားကြသည်။

ပိုက်လုံးမှသွေးကျခြင်းရပ်တန့်သွားတော့မှ ထိုဖလားအား ဝတ်ရုံနက်နှင့်လူကိုပေးလေသည်။ ဝတ်ရုံနက်က သွေးဖလားအား လက်နှစ်ဖက်နှင့်စုံမြှောက်ထားလိုက်ပြီး. . .

"အိုး. . စကြာဝဠာရဲ့တန်ခိုးရှင်. . ၊ ကျွန်ုပ်ကား သင်၏သားတပည့်ဖြစ်ပါ၏၊ ကမ္ဘာတည်သရွေ့ အရှင်၏သစ္စာကိုခံပါ၏၊ ထို့ကြောင့် ကမ္ဘာတည်သရွေ့ တစ်ခုသောအသက်ကို ကမ္ဘာကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ တည်တံ့ရန် အသက်သွေးကို ပေးပါလော့”

ဝတ်ရုံနက်နှင့်လူမှာ အင်္ဂလိပ်ဘာသာဖြင့် ထိုသို့ရွတ်ဆိုပြီးနောက် သွေးဖလားအား နှုတ်ခမ်းတေ့ကာ မရပ်မနား သောက်ပစ်လေတော့၏။

ဖိုးအောင် မျက်တောင်မခတ်စတမ်း ကြည့်နေရာမှ ကြောက်ရွံ့ထိတ်လန့်မှုကို မျိုသိပ်မထားနိုင်တော့ဘဲ အားကုန်အော်ဟစ်ပစ်တော့သည်။ ထိုစဉ်အတွင်းမှာ ဝတ်ရုံဖြူတစ်ယောက် သူ့ထံပြေးလာပြီး အားကုန်ခုတ်ပိုင်းပစ်လေသည်။

သို့သော် သူ၏ခန္ဓာကိုယ်ကိုကားမဟုတ်၊ ခတ်ထားသော သံကြိုးများကိုသာ ခုတ်ပိုင်းပစ်၍ လွတ်ကျွတ်ပြတ်တောက်ကာသွားသည်။ သံကြိုးများနှင့် လွတ်သွားပြီဖြစ်ရာ ဖိုးအောင် တွေဝေမနေတော့ဘဲ ထိုအခန်းမှ လွတ်ရာသို့ ပြေးတော့သည်။

ထိုအခန်းမှ လွတ်ထွက်နိုင်ရန်မှာ အပေါ်သို့ တက်သောအုတ်လှေခါးတစ်ခုသာ ရှိသဖြင့် ထိုလှေခါးအတိုင်း ပြေးကာ တက်သွားသည်။ လှေခါးဆုံးသော် အလွန်ကျယ်လွင့်ပြီး ဥရောပ ပရိဘောဂပစ္စည်းများနှင့် တောက်ပြောင်ခမ်းနားသော ဧည့်ခန်းကြီးထဲရောက်သွား၍ တစ်ချက်တော့တွေဝေနေသေးသည်။

“ဒါဘာလဲ . . ဘယ်နေရာလဲ နန်းတော်ကြီးလား”

သူရပ်နေရာမှ အနည်းငယ်လျှောက်လာစဉ် ဧည့်ခန်းအလယ်မှအပေါ်သို့တက်နိုင်သော ပွတ်လုံးထိုးလက်ရန်းတန်းနှင့် ကျွန်းလှေခါးကြီးကို ငေးမော့ကြည့်ကာ မှင်သက်မိရပြန်လေသည်။

သူ့တစ်သက် ဤမျှ ခန်းနားကြီးကျယ်သောဧည့်ခန်းနှင့် တငေးတမော့ကြီးတက်သွားသော လှေခါးမျိုးကို ယခုတစ်ကြိမ်သာ





လျှင် မြင်ဖူးခြင်းဖြစ်သည်။ ထိုစဉ် အပေါ်ထပ်ဆီမှ ကိုင်းပင်တွေကြားလေပြင်း တိုက်ခတ်သလိုမျိုး တရှီးရှီးအော်မြည်သံများ လှေခါးအတိုင်းဆင်းလာပြီး. . .

*‘သူ့ကိုဖမ်း. . သူ့ကိုသတ်. . သူ့ကိုသတ်. . သတ်’*

ဟူသော အသံညြံညြံဝါဝါကြီးအား ဧည့်ခန်းတစ်ခုလုံး ဟိန်းထနေအောင် ကြားလိုက်ရသဖြင့် ဖိုးအောင် တစ်ချိုးတည်းလှည့်ပြေးလေတော့သည်။

ကံကောင်းထောက်မစွာပင် အပြင်သို့ထွက်နိုင်သော ဧည့်ခန်းမကြီး၏အဝင်ဝဆီ ခြေဦးတည်မိလျှက်သားဖြစ်ကာ ဧည့်ခန်းတံခါးကြီးကိုဆွဲဖွင့်သည်။ မရသဖြင့် အားကုန် ခြေကန်ဆွဲဖွင့်သည်။

ဘယ်လိုမှမရ။

“ကဲကွာ. . ကဲကွာ. . ”

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဟော့လူ. . .

ဟော့လူ. . . ဟာ ဒီလူတော့ ပန်းခြံစောင့်မာလီသာမြင်ရင် ခင်ဗျားခေါင်းကို ပေါက်တူးရိုးနဲ့ထုခံရတော့မယ်. . ဟော့လူ. ."

"ဟင်. . ဗျာ. ."

ဖိုးအောင် အိပ်ပျော်ရာမှလန့်နိုးလာပြီး ကြည့်လိုက်တော့ သူ၏လက်က ပန်းခြံသံဆန်ကာကိုဆွဲပြီး ခြေထောက်က အုတ်ဘောင်ကိုခြေကန်ကာထားသည်။

"ဟော့လူ မလွှတ်သေးဘူးလား၊ ခင်ဗျားတော်တော်ဆော့တဲ့လူပါလားဗျ. . ခင်ဗျားလုပ်တာနဲ့ ပန်းခြံဘေးနားကအိပ်တဲ့သူတွေ အကုန်မောင်းထုတ်ခံရတော့မယ်"

"ဗျာ. . ဗျာ. ."

"မဗျာနဲ့ ခင်ဗျားဘာဖြစ်နေတာလဲ၊ တစ်ညလုံးလည်း ထထအော်နေလို့ ကောင်းကောင်းကိုမအိပ်ရဘူး၊ ကျုပ်ကိုယ်က





ခင်ဗျားဘေးနားနေရာလာယူမိတာ မှားသွားတာ. ."

ထိုအခါမှပင် သူအိပ်ပျော်သွားရာမှ အိပ်မက်မက်နေခြင်းဖြစ်ကြောင်းသဘောပေါက်ကာ အလွန်ပင်ဝမ်းသာသွားလေသည်။

"ကျေးဇူးပဲဗျာ. . ခင်ဗျား ကျွန်တော့်ဘေးနားလာအိပ်တာ ကျေးဇူးပါပဲ. ."

"ဗျာ. . ."

ဖိုးအောင်စကားကြောင့် သူ့ဘေးကလူ. . အနည်းငယ်ကြောင်စီစီပင်ဖြစ်သွားသည်။

ထို့နောက် ဖိုးအောင်က. . .

"တော်သေးတာပေါ့ဗျာ၊ ခင်ဗျားအချိန်မီနှိုးပေလို့ ကျွန်တော်အိပ်မက်ဆိုးကနိုးလာနိုင်တာဗျ၊ မဟုတ်ရင် အိပ်မက်ကြောင့် အသက်တောင်ထွက်သွားမလားမသိဘူး၊ တကယ်ပါ၊ တကယ်ကျေးဇူးတင်တာ"

အချိန်ကလည်း မိုးလင်းလုလုအချိန်အခါဖြစ်နေပြီဖြစ်၍ ဖိုးအောင်က. .

"ကဲ. . မိတ်ဆွေ မိုးလင်းတော့မယ်ဆိုတော့ ကျွန်တော်တို့ ကာကာဆိုင်လေး ရှာပြီး လက်ဖက်ရည်နဲ့နံပြားလေး စားလိုက်ရရင် မကောင်းဘူးလားဗျာ၊ ကျွန်တော်ကပဲ ဒကာခံမှာပါ"

"ဟာ. . . သိပ်ကောင်းတာပေါ့ ကိုယ့်လူရာ၊ ကျုပ်က မနေ့ညကတည်းက ထမင်းမစားရသေးတော့ အစာအိမ်က အူတွေကို ဆွဲစားနေသလား မသိဘူး၊ ဗိုက်ကို အောင့်နေတာပဲ"

"ကိုင်း. . . ထဗျာ၊ မစားရသေးရင် ထမင်းကြော်ပါ ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပေး. . . ဒါဆို ကျုပ်နေရာရွေးမမှားပေဘူးပဲ၊ ဟဲ. . ဟဲ. . ဟဲ. . ကိုင်း. . သွားရအောင်"

သို့နှင့် ဖိုးအောင်က သူ၏ဂရောင်းရှစ်အိတ်ကို ဆွဲမကာ လွယ်သဖြင့် အနီ့ပုဂ္ဂိုလ်လည်း သူ၏ဖျင်လွယ်အိတ်ကြီးကို ပခုံးသိုင်းလွယ်ကာ အတူလျှောက်ထွက်လာခဲ့တော့သည်။

လမ်းလျှောက်ရင်းနှင့်ဖိုးအောင်က. . .

"ကျွန်တော့်နာမည် ဖိုးအောင်ပါ၊ တိုးကြောင်ကြီးရွာသားပါ၊ ရန်ကုန်မြို့မှာ အလုပ်ကလေးဘာလေးများ ရနိုင်မလားလို့ တက်ရာတာလေ"

"သြော်. . သြော်. . ကျုပ်ကတော့ ငယ်နာမည်အုန်းရွှေပါ၊ ကြီးမှ အုံးဘေဖြစ်လာတာ. ."

"ဘယ်လိုကြောင့်လဲဗျ"

"ကျုပ်ကစိတ်တိုတတ်တော့ ပြဿနာဖြစ်ရင် တအုန်းအုန်း ထဘောပစ်လို့ အရပ်ထဲကကျုပ်ကို အုံးဘေလို့နာမည်ပေးလိုက်ကြတာလေ၊ အခု အဘောလွန်ပြီးလူသတ်မှုဖြစ်သွားလို့ ထောင်ကျပြီး ထောင်ကထွက်လာတာ ပြန်ရမှာ ရေနံချောင်းကိုဗျ၊ အမှန်တော့ ကျုပ်က ဘီအိုစီအလုပ်သမားတစ်ယောက်ပါ၊ ခုတော့ ထောင်ထွက်ပေါ့. . ဟား. . ဟား. . ဟား. . ဟား. ."

ထို့နောက် သူတို့နှစ်ယောက် ခရစ်ယာန်ဘုရားကျောင်းရှေ့မှဖြတ်၍ ဒါလ်ဟိုဇီလမ်း (ယခုမဟာဗန္ဓုလလမ်း)အတိုင်း စုန်လျှောက်ကာ ဒိုဘီဆိုင်နှင့်ကပ်လျက်ဖွင့်ထားသော ကာကာဆိုင်သို့ ဝင်ကြသည်။ ကာကာဆိုင် ပေါက်ဖော်ကြီးမှာလည်း ဈေးဦးပေါက်ရောက်လာသော သူတို့နှစ်ယောက်ကို ဖော်ရွေစွာဧည့်ခံလေသည်။





များသောအားဖြင့် အိန္ဒိယလူမျိုးတွေဖျော်သော လက်ဖက်ရည်မှာ အဆင်ပြေပြီး ခံတွင်းတွေ့လှသော်လည်း ယခုပေါက်ဖော်ကြီးလက်ရာကလည်း မဆိုးလှ၊ ရေနွေးကြမ်းလက်ဖက်ခြောက်ကိုပင် ရှမ်းခြောက်စစ်စစ်သုံးထားသဖြင့် အလွန်အဆင်ပြေရကား ဝက်အူချောင်းနှင့် ထမင်းကြော်စားပြီး. . ဖိုးအောင်က လက်ဖက်ရည်ကျကျဆိမ့်ဆိမ့်တစ်ခွက်မှာသောက်ကာ အုံးဘေမှာ မတင်းတိမ်နိုင်သေးသဖြင့် နံပြားထောပတ်သုတ်မှာပြီး လက်ဖက်ရည်ချိုဆိမ့်နှင့် စားသောက်လေသည်။

စားသောက်ရင်း တစ်ယောက်အတွေ့အကြုံတစ်ယောက်ပြောကြကာ ရင်းနှီးသွားကြသည်။ ပေါက်ဖော်ကြီးကလည်း ရေနွေးတစ်အိုးပြီးတစ်အိုးလာချပေး၍ သူတို့နှစ်ယောက် စကားကောင်းကာ နံနက်(၈)နာရီထိုးချိန်အထိပင် ထိုင်ရာမှမထဖြစ်သေးချေ။

သို့သော်လည်း ထိုအချိန်အထိ ကာကာဆိုင်မှာ လူဝင်နည်းနေသေးပြီး ပျင်းစရာကောင်းလှ၍ ပေါက်ဖော်ကြီးခမျာ သူတို့ဝိုင်းကိုသာ ရေနွေးတွင်တွင်ထည့်ပေးနေရတော့သည်။ ဤသို့ဖြင့် ရေနွေးငါးအိုးခန့်လဲပြီးသောအခါ ဆိုင်ရှေ့သို့ရထားလုံးတစ်စီးဆိုက်ရောက်လာလေ၏။

ပေါက်ဖော်ကြီး ဝမ်းသာအားရထွက်ကြိုသော်လည်း ရထားလုံးက လူမပါဘဲ ရထားလုံးမောင်းသောကုလားတစ်ယောက်သာ ဆိုင်ထဲဝင်လာပြီး လက်ဖက်ရည်ချိုတစ်ခွက်မှာလိုက်၏။

ဖိုးအောင် အမှတ်တမဲ့လှမ်းအကြည့် ကုလားလေးမှာ မနေ့ညက သူကူညီလိုက်ရသော မနှင်းဖွေး၏ ရထားလုံးကုလားလေးမရန်းသီးဖြစ်ကြောင်း ကောင်းစွာမှတ်မိသဖြင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . မရန်းသီး. ."

မရန်းသီး သူ့ကိုလှမ်းကြည့်ပြီး ချက်ချင်းပင်ပြုံးရွှင်သွားကာ သူတို့ရှိရာစားပွဲဝိုင်းသို့ကူးလာတော့သည်။

"ဆပ်. . အိုး. . ကျေးဇူးရှင်. . အဟဲဟဲ ထိုင်မယ်နော် ဆပ်"

"မင်းသခင်မရော ဘယ်လိုလဲ သက်သာရဲ့လား"

ဖိုးအောင် ထိုသို့မေးလိုက်သည်နှင့် မရန်းသီး သူ့နဖူးသူ ရိုက်ပြီး ဆလံတသလိုနဖူးပေါ် လက်တင်ကာတင်ကာနှင့် ရှုံ့မဲ့ကာ

"သခင်မရဲ့စိတ်ကို မရန်းသီးလိုက်မမီဘူးဆပ်၊ တအားမာတဲ့ စိတ်. . ၊ မနေ့ကနော် သခင်မပေါင်ကျိုးတယ်၊ ကုလားနော် ဒူးပြုတယ်"

"ဟော. . အဲ့သလောက်ပြင်းထန်သွားလား"

"ဒါပေမယ့် ဒီမနက် သခင်မတုတ်ကောက်နဲ့ထလျှောက်တယ်၊ ကုလားနော် မထနိုင်ဘူး၊ အဲ့ဒါတုတ်ကောက်နဲ့ရိုက်ပြီးအလုပ်ခိုင်းတယ်ဆပ်. ."

"ဟာ. . အေးပေါ့ကွ၊ မင်းက ဒူးလေးပြုတာကိုများ"

"ဟုတ်ပါတယ်ဆပ်၊ အဲ့ဒီအတွက်ကြောင့် မရန်းသီးက လေးစားတာ၊ အခု. . အလုပ်သမားခေါ်ဖို့ဆိုပြီး မြို့ထဲပိုင်းမှာ ကြော်ငြာလိုက်ကပ်ခိုင်းလို့ မရန်းသီး အရမ်းဝမ်းနည်းပြီး ထွက်လာတာပေါ့ ဆပ်"

"ဟော. . . မင်းက ဘာကြောင့် ဝမ်းနည်းတာတုန်း"

"အလုပ်သမား ခေါ်မယ်လေ ဆပ်၊ မရန်းသီး အသုံးမကျလို့ မရန်းသီးကို အလုပ်ထုတ်ပြီး လူသစ်ခန့်မှာပေါ့၊ မရန်းသီး စာမတတ်





ပါဘူး၊ ဒါပေမယ့် ကြော်ငြာထဲမှာ ဒီအတိုင်း ဖြစ်မှာပဲ"

"ကိုင်း. . . ဘယ်မှာလဲ မင်းကြော်ငြာ"

ထိုအခါ မရန်းသီးက ခါးကြားထိုးထားသော စက္ကူအလိပ်ကို ထုတ်ယူကာ တစ်ရွက်ပေးလိုက်သည်။ ဖတ်ကြည့်လိုက်တော့ ကြော်ငြာက လက်ရေးစာလုံးကြီးကြီးဖြင့် ရှင်းလင်းစွာ ရေးထားသည်။

" အင်္ဂလိပ်စကားပြော ကျွမ်းကျင်သူ အလိုရှိသည်။
မြန်မာလူမျိုးဖြစ်ရမည်။
အောက်ပါလိပ်စာအတိုင်း စုံစမ်းရန်. . . .
. . . . . . . . . . .
. . . . . . . . . . . "

"ဟာ. . . မင်းပြောတာနဲ့ တခြားစီပါလား မရန်းသီးရာ"

"ဟုတ်လား ဆပ်၊ ရထားလုံးသမား မဟုတ်ဘူးလား ဆပ်"

"ဘယ်ကလာ အင်္ဂလိပ်စကားပြောတာကျွမ်းကျင်တဲ့သူ ရှာတာ"

"အိုး. . ဝမ်းသာလိုက်တာ၊ ဒါဆို မရန်းသီးအလုပ်မပြုတ်ဘူးပေါ့"

"အေးပေါ့ကွ. . ကိုင်း. . ငါလည်း ရေငတ်တုန်းရေတွင်းထဲကျတာပဲ၊ မင်းကြော်ငြာတွေ မင်းသခင်မပြန်ပေးပြီး ငါ့ကို မင်းသခင်မဆီပို့ကွာ၊ ဒီအလုပ်ကိုငါကျွမ်းကျင်တယ်"

"ဟိုး. . ဝိုး. . တကယ်လားဆပ်၊ ဟား. . ပျော်လိုက်တာ"

မရန်းသီးထိုသို့အူမြူးသွားပြီး နေရာမှထကာ အိန္ဒိယပုံမျိုး



www.burmeseclassic.com

www.burmeseclassic.com



တို့ကတတ်သော ကကွက်အတိုင်း သီချင်းလေးညည်းကာလှည့်ပတ်ကတော့၏။

"ရန်နမာကူ. . ကပ်ခူရုံခြောက်၊ ဘေလေဆပ်၊ ဘေလေဆပ်. . ရန်နမာ. . ."

"ကဲ. . ကဲ. . တော်ပြီ နဂိုကမှရောင်းမကောင်းလို့ စိတ်ညစ်နေတဲ့ပေါက်ဖော်ကြီး မင်းကိုထရိုက်တော့မယ် လက်ဖက်ရည်ဘိုးရှင်းပြီးသွားစို့"

ထို့နောက် ဖိုးအောင်က ပေါက်ဖော်ကြီးကိုလှမ်းခေါ်ကာ ကျသင့်ငွေရှင်းပေးလေသည်။ ပြီးမှ. . သူနှင့်တမနက်စာခင်မင်ခဲ့ရသော အိုးဘေကိုလန်ဒန်ဂိုးဖလိပ် စီးကရက်တစ်လိပ်ထုတ်ပေးပြီး။

"ကဲ. . မိတ်ဆွေကြီး ကျုပ်တို့ကံမကုန်သေးရင် ပြန်ဆုံကြတာပေါ့ဗျာ. . ၊ ကျုပ်တော့ အလုပ်ကိစ္စလေးပေါ်လာလို့ သွားပါရစေတော့. ."

"ကောင်းပြီဗျာ. . ကျုပ်လည်း ခင်ဗျားကျေးဇူးကြောင့် တစ်နေ့တာ အူမတောင့်သွားပါပြီ၊ စီးကရက်လေးတောင် သောက်ရသေးတော့ အတော့်ကိုပြည့်စုံပါတယ်၊ ဒါမျိုးက ဘီအိုစီအရာရှိမင်းတွေပဲသောက်ကြတာကလား၊ အင်း. . အင်း. . ဒါထက် ကျုပ်ကို ကြော်ငြာလေးတစ်စောင်လောက်ပေးခဲ့ပါလား"

"အင်း. . ယူထားလေ. . ၊ မရန်းသီးရေ တစ်စောင်ပေးခဲ့ကွာ. ."

"ကောင်းပြီ ဆပ်"

အိုးဘေက မရန်းသီးပေးသောကြော်ငြာစာရွက်ကို သေချာခေါက်သိမ်းပြီးမှ ပါးစောင်ခဲထားသောစီးကရက်ကို လက်ကြား





ညှပ်ယူရင်း. . .

"ကျုပ် ကြော်ငြာတောင်းရတဲ့အကြောင်းက ခင်ဗျား အဲ့ဒီမှာ အလုပ်ရခဲ့ရင် ကျုပ် လာလည်လို့ရတာပေါ့ဗျ၊ ဒီမှာလိပ်စာပါတယ်လေ. ."

"ဩော်. . ဒီလိုလား. . ကိုင်းသွားပြီဗျာ ကိုအိုးဘေ. ."

"သွားပေတော့ဗျို့"

သို့နှင့် မရန်းသီး တရိုတသေတံခါးဖွင့်ပေးထားသော ရထားလုံးထဲသို့ သူ၏ဂရောင်းရှစ်အိတ်ကိုပစ်ထိုးထည့်ကာ သူဝင်ထိုင်လိုက်တော့သည်။

မရန်းသီးက တံခါးကိုသေချာပြန်ပိတ်ပြီး မောင်းစင်ပေါ်တက်ကာ မြင်းကိုနှင်သဖြင့် သူလည်း လန်ဒန်ဂိုးဖလိပ်တစ်လိပ်ထုတ်ခဲကာ ဇိမ်ကျကျလိုက်ပါလာလေတော့သည်။

ထိုသို့လိုက်ပါရင်းက တစ်နေ့လုံးတစ်ညလုံးစီးထားရသောရှူးဖိနပ်ကိုချွတ်၍ ပေါ့ပါးစွာနေရလျှင် ကောင်းလေစွဟုတွေးပြီး ဖိနပ်ငှံ့ချွတ်စဉ် သူ၏ရှေ့ထိုင်ခုံအောက်မှ လက်ခနဲမြင်လိုက်ရ၍ လှမ်းယူပြီးကြည့်ရာ အလွန်အဖိုးတန်သည့် စိန်လော့ကတ်သီးတစ်လုံးဖြစ်ကြောင်းသိရတော့၏။

"ကေန္တ. . . ဒါ ညက မနှင်းဖွေးဆွဲကြိုးကပြုတ်ကျတာဖြစ်ရမယ်. ."



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

ရထားလုံးလေးနှင့် နာရီဝက်ကျော်ကျော်ခန့်သွားပြီးသော အခါ ရွှေတောင်ကြားလမ်းရှိ မနှင်းဖွေးနေထိုင်သောခြံကြီးသို့ ရောက်လာခဲ့သည်။ အလွန်ခိုင်ခန့်သော အုတ်နံရံဝင်းခတ်ထားပြီး ခြင်္သေ့နဂါးရုပ်ပါသော သံမဏိတံခါးကြီးအား အသက်ကြီးကြီး လူတစ်ယောက်လာဖွင့်ပေးသဖြင့် ရထားလုံးကို တံခါးပေါက်နှင့် တဆက်တည်းသော ကွန်ကရစ်ပတ်လမ်းလေးအတိုင်း မောင်းဝင်လာခဲ့သဖြင့် ခြံဝင်းထဲစိုက်ပျိုးထားသော သစ်ပင်ပန်းမန်များကို တငေးတမော မြင်တွေ့ရကာ ဗြိတိသျှအိမ်ပုံစံ နှစ်ထပ်တိုက်ကြီး၏ ဆင်ဝင်အောက်သို့ ရောက်ရှိလာတော့သည်။

ရောက်သည်နှင့် မရန်းသီးခုန်ဆင်းကာ တံခါးဖွင့်ပေး၍



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်ဆင်းလိုက်စဉ် မရန်းသီးက သူ၏ဂရောင်းရှစ်အိတ်ကို ဆွဲချကာ လွယ်ပြီး. .

"ကြွပါဆပ်. . သခင်မဧည့်ခန်းထဲမှာရှိပါတယ်"

ထို့နောက် မရန်းသီးဦးဆောင်ခေါ်ရာနောက်သို့ လိုက်ဝင်ခဲ့သဖြင့် အလွန်ပဲသန့်ပြန့်ကာ မြန်မာဆန်သောပရိဘောဂများဖြင့် တင့်တယ်နိုင်လွန်းသည့် ဧည့်ခန်းဆောင်ထဲရောက်လေသည်။

"ဟဲ့. . မရန်းသီး မြန်လှချည်လား၊ သြော်. . ဧည့်သည်ပါလာတာကိုး. . လာ. . လာ. . ကြွပါရှင်. . "

"ဟုတ်ကဲ့ မနှင်းဖွေး သက်သာပါရဲ့လားခင်ဗျာ. . "

"ဟုတ်ကဲ့ရှင့်. . ဒီမနက်တော့ နေသာပါတယ်၊ မနေ့ညက ကိုက်လို့အိပ်လို့တောင်မရဘူး၊ ဒါနဲ့ မရန်းသီးနဲ့ဘယ်လိုတွေ့လာကြတာတုန်း၊ သြော်. . မရန်းသီး မီးဖိုဆောင်ထဲမှာ ဒေါ်အေးမေရှိတယ် ကော်ဖီနဲ့မုန့်စီစဉ်ပေးပါလို့"

"ကောင်းပါပြီသခင်မ. . "

ဖိုးအောင်က သူမနှင့်မျက်နှာချင်းဆိုင် ကြိမ်ဆက်တီခုံလေးမှာဝင်ထိုင်ပြီး. .

"ဒီလိုပါ မနှင်းဖွေး၊ မရန်းသီးက အလုပ်ခေါ်စာလိုက်ကပ်နေလို့ကြည့်လိုက်တော့ ကျွန်တော်နဲ့အံဝင်မလားဆိုပြီး လိုက်လာတာပါ"

ထိုအခါ သူမမျက်နှာလေးဝင်းလက်သွားပြီး. .

"ဟုတ်လား. . ကိုဖိုးအောင် တကယ်ပဲကျွမ်းကျင်တယ်ဆိုရင် အရမ်းကိုအဆင်ပြေမှာ"

"ကျွန်တော်ကောင်းကောင်းပြောနိုင်ပါတယ်ခင်ဗျာ. "





"အို. . ဒါဆိုနေရာကျလိုက်တာ ကိုယ့်မိတ်ဆွေတွေထဲက ဆိုတော့ မျက်နှာစိမ်းမဟုတ်လို့ ပိုတောင် အဆင်ပြေပါသေးရဲ့. . အဟင်းဟင်းဟင်း. . "

ထိုအခိုက်မှာပင် အိမ်အပေါ်ထပ်ဆီမှ ကလေးနှစ်ယောက် ကျောင်းဝတ်စုံနှင့်လွတ်အိတ်ကိုယ်စီလွယ်ကာဆင်းလာပြီး. .

"မေမေ. . သမီးတို့ကျောင်းသွားတော့မယ်. . "

"အေး. . အေး. . ခဏလေးထိုင်ကြဦး. . ဒေါ်အေးမေ ထမင်းချိုင့်ပြင်နေတယ်"

သို့နှင့် ကလေးမနှစ်ယောက် ဆက်တီဝိုင်းမှာ ဝင်ကာထိုင်ကြသည်။

"ဒါ ကျွန်မသမီးလေးတွေလေ၊ သူက ဟန်နီ၊ သူက စန္ဒီတဲ့၊ တစ်ယောက်ကတော့ အိပ်တုန်းပဲ၊ ရောဘတ်ထူးတဲ့၊ ကလေးတွေအဖေကတော့ ဆုံးသွားတာ သုံးနှစ်လောက် ရှိပြီလေ"

"သြော်. . "

ဖိုးအောင် ကရုဏာသက်စွာ သြော်. . ဟု မြည်တမ်းရင်း ကလေးသုံးယောက်အမေ မုဆိုးမလေးကို နှမြောတသစွာ ကြည့်လိုက်မိတော့သည်။ သို့သော်လည်း အပျိုစင်တစ်ယောက်နှင့်မခြားလှနိုင်နုနိုင်လွန်းသေးသဖြင့် သူ့ရင်ထဲက တိတ်တခိုး ရင်ခုန်သံများ ပျောက်ကွယ်မသွားဘဲ တစ်ယောက်တည်း ရှန်းကန်နေရရှာတာကိုးဟု တွေးမိကာ ပို၍ပင် ကရုဏာသက်ကာ သနားကြင်နာစိတ်များ ဖြစ်ထွန်းလာတော့သည်။

"သခင်မ ကော်ဖီရပြီ"

"အေး. . ဧည့်သည်ရှေ့ သေချာချပေး၊ ပြီးရင် ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပို့ပေးစမ်း မရန်းသီး"

"ဟုတ် သခင်မ"

"ဖြည်းဖြည်းသွားနော်. . . မနေ့ကလို ထပ်ဖြစ်ရင် နင့်ကို အလုပ်ဖြုတ်ပစ်မယ် ကြားလား"

"မရန်းသီးဂရုစိုက်ပါ့မယ် သခင်မ. . စိတ်ချပါ"

ထို့နောက် ထမင်းချိုင့်နှစ်ချိုင့်နှင့်ထွက်လာသော အဘွားကြီးဆီမှ မရန်းသီးထမင်းချိုင့်လှမ်းယူကာ ထွက်နှင့်သဖြင့် ကလေးမနှစ်ယောက်လည်း နောက်ကနေလိုက်ကာထွက်သွားလေတော့သည်။

"ကဲ. . ကိုဖိုးအောင်. . ကော်ဖီလေးသောက်ပါဦး မုန့်လည်းစားနော်"

ဖိုးအောင် ဗိုက်ထဲပြည့်နေသော်လည်း မိတ်ဖြစ်ဆွေဖြစ်ကော်ဖီခွက်ကိုဆွဲယူကာ တကျိုက်စုတ်ယူသောက်လိုက်သည်။

"ဒါနဲ့ ကိုဖိုးအောင်ကို အိုင်ပီကြီးနဲ့အတူဆုံခွင့်ရတုန်းက အင်းစိန်ရုံးမှာအလုပ်လုပ်နေတယ် ကြားမိသလားလို့. ."

"ဟုတ်ပါတယ်မနှင်းဖွေး၊ ကျွန်တော်က စီအိုင်ဒီရုံးမှာ မင်းစေလေးတစ်ယောက်ပါ။ အခု ကျွန်တော် အဲဒီကနေအလုပ်ထွက်ပြီး ကိုယ့်ဘဝအတွက် တိုးတက်ရာတိုးတက်ကြောင်းရှာရင်း အဆင်ပြေမယ့်အလုပ်တစ်ခုခုလုပ်ဖို့ပါ. ."

"ဩော်. . အဲဒီလိုလား. . ကောင်းပြီလေ၊ အမှန်အတိုင်းဝန်ခံရရင် ကျွန်မ အင်္ဂလိပ်စကားမကျွမ်းကျင်ဘူးရှင်၊ ဖြစ်ချင်တော့ အလုပ်ကလည်း မျက်နှာဖြူတွေနဲ့ဆက်ဆံရမှာမို့လို့ သူတို့စကားက လုပ်ငန်းအကျိုးဖြစ်မှုအပေါ်မှာ အများကြီးအထောက်အကူပေးပါ





တယ်၊ စီးစီးပိုးပိုးပြောရရင် မြန်မာပြည်ကိုအခုမှမအူမလည်ရောက်လာတဲ့ မျက်နှာဖြူလေးတွေကို ပါးပါးလျှီးပစ်ချင်လို့ပေါ့. . အဟင်းဟင်း. . ."

"ဟား. . ဟား. . ဟား. . အိုး. . ဆောရီးနော် မနှင်းဖွေး ကျွန်တော် အဲဒီစကားကိုအရမ်းသဘောကျသွားလို့ပါ၊ ဒါထက် ဘယ်လိုအလုပ်မျိုးဆိုတာ သိပါရစေလား"

"သိပ်မခက်ပါဘူး၊ ဘိလပ်ကိုပြန်ရမယ့်မျက်နှာဖြူတွေဆီ က သူတို့နေသွားတဲ့အိမ်ကို ဈေးနှိမ်ပြီးဝယ်တယ်၊ အခုမှ ဘိလပ်က ရောက်လာတဲ့မျက်နှာဖြူတွေကို ဈေးကောင်းကောင်းနဲ့ပြန်ရောင်းတယ်၊ အဲ့သလောက်ကလေးပါ. ."

"ကောင်းလိုက်တာဗျာ. . ဘယ်လိုစိတ်ကူးနဲ့များ ဒီလို အကြံဉာဏ်ကောင်းရခဲ့ပါလိမ့်. ."

"မေမေ့ကြောင့်ပါ. . မေမေက တို့ဗမာအစည်းအရုံးဝင် သခင်တစ်ယောက်ပါ၊ သခင်မြလေးညိုဆိုတာ မေမေပေါ့၊ မေမေက အင်္ဂလိပ်တွေကိုမုန်းတော့ ကျွန်မလည်း မေမေ့စိတ်နဲ့သမီးမို့လို့ မုန်းတယ်၊ အဲဒီအမုန်းတရားတွေကပဲ သူတို့ကိုဘယ်လိုနိုင်ကွက်ရမလဲလို့စဉ်းစားရင်း အဖြေရတာလေ. ."

"သိပ်ကောင်းတယ်ဗျာ. . . ကျွန်တော်လုပ်ခွင့်ရရင် အကောင်းဆုံးကြိုးစားပါ့မယ်"

"အိုး. . ဘယ့်နှယ့်လုပ်ခွင့်ရရင်လည်း ရှင်သာကျွမ်းကျင်ပါစေ ရကိုရနေပြီ၊ လုပ်အားခကိုတော့ လစာရယ်လို့မပေးဘဲ ရောင်းရငွေရဲ့ ဆယ့်ငါးရာခိုင်နှုန်းခံစားခွင့်ပေးမယ်၊ ဒီကြားထဲ လိုသလောက် အသုံးစရိတ်ကို ကျွန်မဆီကကြိုငွေအဖြစ် ထုတ်သုံးနိုင်တယ်. .



www.burmeseclassic.com

www.burmeseclassic.com



ကဲ. . အဆင်ပြေရဲ့လား"

"ပြေပါသကောဗျာ. . ကဲ. . ဒီနေ့ကစပြီး ကျွန်တော်အလုပ်ဝင်ပါရစေတော့. ."

"ကျွန်မကလည်း ခန့်လိုက်ပါပြီတဲ့ရှင်. ."

ထို့နောက်. . သူမက အရောင်းအဝယ်နှင့်လုပ်ငန်းသဘောကို အသေးစိတ်ရှင်းပြကာ လက်ရှိနေထိုင်သည့်အိမ်ကို မစ္စတာခရိုးစ်ထံရောင်းချမည့်အကြောင်း၊ နောက်ထပ် ဒီအိမ်ထက် ခမ်းနားကြီးကျယ်သော အိမ်ခြံကြီးတစ်ခုကို အနိမ့်ဈေးနဲ့ဝယ်ယူဖို့ ဆိုင်ထားပြီးဖြစ်ကြောင်းရှင်းပြလေသည်။

"ကောင်းပြီဗျာ. . . အစီစဉ်အတိုင်းဆို ဒီနေ့ မစ္စတာခရိုးစ်နဲ့ သွားတွေ့ဖို့ ရှိတာပေါ့"

"ဟုတ်တယ် ကိုဖိုးအောင်၊ ခက်နေတာက ကျွန်မ ရထားလုံးပေါ် တက်ရဆင်းရမှာ ခက်နေတယ်၊ ကားတော့ ရှိပါရဲ့၊ မောင်းမယ့်သူက မရှိလေတော့"

"ကျွန်တော်မောင်းရင်ကော"

"ရှင်မောင်းနိုင်ရင် သိပ်ကို အဆင်ပြေမှာပဲ"

"ကျွန်တော်ကျွမ်းကျင်ပါတယ် မနှင်းဖွေး၊ ဒါလည်း ဦးလေးရဲ့ ကျေးဇူးပါ၊ ရန်ကုန်ကို ရောက်လာတဲ့ (၃)နှစ်တာ ကာလအတွင်းမှာ ကျွန်တော့်ကို အင်္ဂလိပ်စကားပြောနိုင်အောင် ကားမောင်းတတ်အောင် ဦးလေးကပဲ သင်ပေးတာပါ"

"အိုင်ပီကြီးက လူပျိုကြီးနော်"

"ဟုတ်တယ် မနှင်းဖွေး"

"ဒယ်ဒီနဲ့က အရမ်းခင်ကြတာ၊ ကဲ. . . အဲ့ဒါထား၊ ကိုဖိုးအောင် နေတော့ ဘယ်မှာလဲ၊ ဦးအောင်မောင်းရဲ့အိမ်မှာပဲလား"

"အင်း. . . ပထမ စိတ်ကူးကတော့ အလုပ်ရရင် အလုပ်ထဲမှာပဲ နေဖို့ပါ၊ အခုဟာဖြင့်. . ."

"အခုလည်းအဆင်ပြေပါတယ်၊ ကျွန်မအိမ်မှာ အခန်းလွတ်တွေရှိတာပဲ. ."

"ဖြစ်ပါ့မလား မနှင်းဖွေး. ."

"ဖြစ်ပါတယ်. . ဒီမှာလည်း ခြံစောင့်ကြီးဦးနိုင်နဲ့ မရန်းသီးတို့လည်းရှိနေတာပဲဟာ. ."

"ဒါဆို နေရာကျပြီဗျာ. ."

"အိုး. . နေဦး ဒရိုင်ဘာလစာ မသတ်မှတ်ရသေးဘူးလေ"

"မလိုတော့ပါဘူးဗျာ. . နေစရာပေးတဲ့အတွက် ဒရိုင်ဘာလစာကို အိမ်လခလို့ပဲသတ်မှတ်လိုက်ပါတော့. ."

"အဟင်း. . ဟင်း. . ဟင်း. ."

ဘယ်လိုအမူအရာမျိုးမှာမဆို ချစ်မက်မူးစရာကောင်းနေသော မနှင်းဖွေးနဲ့တစ်အိမ်တည်းအတူနေခွင့်ရပြီဆိုသော အတွေးကြောင့် ဖိုးအောင်ရင်ထဲ တလှိုက်လှိုက်ဖြစ်အောင်ဝမ်းသာသွားစဉ် အပေါ်ထပ်မှ ခြေသံပြင်းပြင်းနှင့်ဆင်းလာသော ရောဘတ်ထူးကြောင့် အပျော်အပျက်ကလေးများ ကားခနဲနေအောင်ရပ်သွားသည်။

"ကျွန်တော်သဘောမတူဘူး ဒေါ်နှင်း"

လူပျိုပေါက်အရွယ်ချာတိတ်ကိုကြည့်ပြီး 'ရောဘတ်ထူး' ဆိုတာ သူပဲဖြစ်မည်ဟု ဖိုးအောင်တွေးဖြစ်သည်။

"နေပါဦးအထူးရဲ့ မင်းက ဘာကိုသဘောမတူတာလဲ"





www.burmeseclassic.com

www.burmeseclassic.com



ရောဘတ်ထူးက ဖိုးအောင်ကို အိပ်မှုန်ထမျက်လုံးတွေနှင့် စွေကြည့်ပြီး. . .

"တစိမ်းယောကျ်ားနဲ့ဒေါ်နှင်းကို တစ်အိမ်ထဲနေတာ မကြိုက်ဘူး"

ထိုစကားကြောင့် မနှင်းဖွေး ဖိုးအောင်ကိုအားနာသလို တစ်ချက်လှမ်းကြည့်ပြီးမှ. . .

"မင်းမကြိုက်လည်း ငါ့သဘောပါအထူး၊ သူက တစိမ်းမဟုတ်ပါဘူး ငါ့မိတ်ဆွေ၊ ပြီးတော့ ငါ့လုပ်ငန်းအတွက် အားကိုးရမယ့်လူ. ."

"ဒါဆိုလည်း မရန်းသီးတို့တန်းလျားမှာသွားနေခိုင်းလိုက်ပေါ့ဗျ. ."

"တိတ်စမ်းအထူး. . မင်းသွားတော့"

သူမ ခပ်ထန်ထန်ဖိဟောက်လိုက်မှ လူငယ်လေး တစ်ချက်အံကြိတ်ကာ ဆက်တီဝိုင်းမှထထွက်သွားလေတော့၏။ ထို့ နောက် သူမက. .

"တောင်းပန်ပါတယ်. . ကိုဖိုးအောင်. ."

"ရပါတယ်မနှင်းဖွေး. . သူပြောတာလည်း သဘာဝကျပါတယ်၊ မရန်းသီးတို့ဆီမှာအခန်းလွတ်ရင် ကျွန်တော်သွားနေလို့ဖြစ်ပါတယ်. ."

"အို. . မဟုတ်တာ. . အဲ့သလိုထားရင် အိုင်ဗီကြီးကို ဘယ်လိုမျက်နှာပြရမလဲ၊ ရတယ်. . ဒီမှာပဲနေ. . ကဲ. . လာ ရှင့်အတွက်အခန်းလိုက်ပြပေးမယ်. ."

ထို့နောက် သူမခေါ်ရာသို့လိုက်ခဲ့ပြီး အောက်ထပ်ညှော်ခန်း





နှင့်ကပ်လျက်ရှိသောအခန်းတစ်ခန်းကိုဖွင့်ကာ. .

"ဒီမှာဆိုအဆင်ပြေမယ်မဟုတ်လား. .၊ အတွင်းဘက်မှာ ရေချိုးခန်းရောအိမ်သာခန်းပါ တွဲလျက်ပဲ"

"အဆင်ပြေပါတယ် သိပ်ကိုပြည့်စုံလွန်းပါတယ်"

ဖိုးအောင် အခန်းထဲဝင်ပြီး သူ၏အိတ်ကို ခုတင်ဘေးချကာ လှည့်ပတ်ကြည့်လိုက်ပြီးမှ သူမထံလှမ်းအကြည့် သူမ၏မျက်လုံးအကြည့်တွေနှင့်ဆုံလိုက်ရသည့်တစ်ချက် ရင်ထဲနွေးခနဲဖြစ်ကာ ချော်လဲရောထိုင်သလိုပြုံးလိုက်ရလေသည်။ (ဒီပုံသာဆို ကျွန်တော့်စိတ်ကို ဘယ်လိုချွန်းအုပ်လို့ရပါတော့မလဲ မနှင်းဖွေး)

ဖိုးအောင် ထိုသို့ငေးစိုက်ကြည့်နေရာမှ ဖွံ့ထွားလှသည့် သားမြတ်အစုံပေါ်မှ ဆွဲကြိုးလေးကို မြင်ကာ လော့ကတ်သီးကို သတိရသွားပြီး. . .

"အိုး. . . မေ့နေလိုက်တာ၊ ဟောဒါဟာဖြင့် မနှင်းဖွေးရဲ့ ပစ္စည်းလေးလား မသိနိုင်ဘူး၊ ကျွန်တော် ရထားလုံးပေါ်က ရခဲ့တာပါ"

သူမ ယူကြည့်ပြီး. . .

"အစစ်ပေါ့ရှင်. . . ကျေးဇူးပါပဲ၊ ဒီစိန်က မေမေ့အမွေပစ္စည်းလေးလေ၊ ကျွန်မ အရမ်းကို တန်ဖိုးထားတဲ့အရာပါ၊ ကျေးဇူးတင်လိုက်တာ"

ပြောပြောဆိုဆိုပင် သူမဆွဲကြိုးလေးမှာ ချိတ်ဆွဲနေသဖြင့် ဖိုးအောင် လှမ်းကြည့်ကာ ပင့်သက်ခိုးရှိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

မည်သို့ဆိုစေ ဖိုးအောင်အလုပ်ဝင်လာသည့် ရက်သတ္တပတ်တစ်ပတ်အတွင်းမှာပင် သူမတို့နေထိုင်ရာအိမ်ကြီးအား သူမ မျှော်မှန်းထားသောဈေးနှုန်းထက် ထက်ဝက်ပိုသောဈေးနှုန်းဖြင့် ရောင်းချနိုင်ခဲ့သဖြင့် သူမ အလွန်ပင်ဝမ်းသာကာ ဖိုးအောင်ကို အားကိုးယုံကြည်သွားတော့သည်။

ဖိုးအောင်ကလည်း ခေသူမဟုတ်၊ မစ္စတာခရိုးစ်ကိုယ်တိုင် အိမ်သို့လိုက်လာပြီး နှံ့နှံ့စပ်စပ်ကြည့်ရှုကာ ပေါက်ပေါက်ရှာရှာမေးသမျှ ဖိုးအောင်ကလည်း သိုင်းသိုင်းဝိုင်းဝိုင်းပြည့်စုံစွာဖြေနိုင်ခဲ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကျေနပ်သွားသော မျက်နှာဖြူစီးပွားရေးသမား ခရိုးစ်၏ မျက်နှာအရိပ်အကဲကိုကြည့်ပြီး သူမပြောထားသောဈေးထက် ထက်ဝက်ပိုတင်ကာပြောလိုက်သည်။ ခရိုးစ်ကလည်း သူ့စိတ်ကြိုက် တွေ့နေပြီဖြစ်၍ မငြင်းဘဲလက်ခံလိုက်ခြင်းဖြစ်တော့၏။

ရောင်းချ၊ ငွေချေပြီး တစ်ပတ်အတွင်းရွှေ့ပြောင်းပေးရမည်ဖြစ်သဖြင့် မနှင်းဖွေးနှင့်ဖိုးအောင်တို့ဆိုင်ထားသော အိမ်ခြံကြီးဆီ ကားနှင့်သွားကြသည်။

နေရာမှာ ရန်ကုန်မြို့မှပြည်လမ်းအတိုင်းမောင်းနှင်ပြီး ထောက်ကြံ့မရောက်ခင် ပြည်လမ်းဘေးတွင်ဖြစ်၍ တစ်နာရီခန့်မောင်းနှင်ပြီးမှရောက်သွားသည်။ ရောက်သော်လည်း ပြည်လမ်းပေါ်မှ မြေနီလမ်းချိုးအတိုင်း ဆယ်မိနစ်ခန့်မောင်းဝင်ရသော တောကြီးမျက်မည်းထဲမှာဖြစ်၍ ဖိုးအောင်က ကားမောင်းရင်း. .

"ဒီနေရာရောဟုတ်ရဲ့လားဗျာ. . "

"ဟုတ်တယ်. . ကျွန်မရောက်ပြီးပြီ၊ အဲ့ဒီတစ်ခေါက်ကသော့မပါလို့ အိမ်ထဲမဝင်ရတာ၊ ဒီတစ်ခေါက်တော့ ကိုယ်စားလှယ်ဆီကသော့ပါယူထားလို့ ဝင်ကြည့်ရမှာလေ. . "

"ဟော. . ဟိုမှာ. . ရောက်ပါပြီရှင်ရယ်. . "

ဖိုးအောင်လှမ်းကြည့်လိုက်တော့ မြေနီလမ်းဘေးမှာ အင်္ဂလိပ်ဘာသာဖြင့်ရေးထိုးထားသော ကျောက်စာတိုင်တစ်ခုကိုသာ တွေ့မြင်ရလေသည်။

ဖိုးအောင်က ထိုနေရာဘေးမှာကားရပ်ကာ ကားပေါ်မှ ပင်ဖတ်ကြည့်သည်။ နှစ်ဘယ်လောက်တောင်ကြာခဲ့ပြီမှန်းမသိသော်လည်း ရေညှိများဖြင့် မပီမသရှိနေသောစာကို အတော်ကြိုးစားပြီး



BURMESE CLASSIC .com



ဖတ်ရလေသည်။ စာဖတ်ပြီး ဖိုးအောင်ကားကိုဆက်ထွက်စေခိုက် သူမက. . .

"ဘာတွေရေးထားတာလဲဟင်"

"အဓိပ္ပါယ်ကတော့ တစ်မျိုးကြီးပဲမနှင်းဖွေး. . 'ယစ်ပလ္လင်ဟာ ငါတို့ဝိညာဉ်တွေရဲ့တစ်ခုတည်းသော ဘဝဇာတ်ခုံသာဖြစ်တယ်၊ ယစ်ပလ္လင်ဆီမှာသာ နတ်ဘုရားကို မြင်နိုင်တယ်၊ သင်တို့အားလုံး ကျွန်ုပ်ထံ သွေးနှင့် သစ္စာပြုပါလော့၊ နတ်ဘုရားကို ဖူးကြလော့တဲ့"

"ဟုတ်သားပဲနော်. . . ဘယ်လိုမှန်းလည်း မသိဘူး၊ ဒါပေမယ့် မျက်နှာဖြူတွေကတော့ ဒီလိုပါပဲ၊ ယဉ်ကျေးတယ်၊ အဆင့်အတန်းမြင့်တယ်လို့ ကြွေးကြော်နေပေမယ့် တဖောက်ကန်း လုပ်ကြတဲ့နေရာမှာတော့ သူတို့မှ နံပါတ်တစ်ပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် အဲ့ဒီကျောက်စာတိုင်ကို ဖတ်ရတာ ကျက်သရေ မရှိသလိုပဲ"

သူ၏ထင်မြင်ချက်အား သူမထံမှ တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသည့်တိုင် မျက်နှာတော့ အနည်းငယ် ညှိုးသွားသည်။ သို့သော် ခဏသာ။ မြေနီလမ်း၏တံတောင်ဆစ်ချိုးကွေ့ကို ကွေ့ချလိုက်သည်။ ရှေ့တည့်တည့်မှာ ဘွားခနဲ ပေါ်လာသော သုံးထပ်ဆောင်တိုက်အိမ်ကြီးကို မြင်လိုက်တယ်ဆိုရင်ပဲ သူမမျက်နှာလေး ဝင်းလက်သွားကာ. . .

"ကဲ. . . ကြည့်ပါဦး ကိုဖိုးအောင်ရယ်၊ ဘယ်လောက် ခမ်းနားကြီးကျယ်လိုက်သလဲဆိုတာ အဲ့သလောက် ခန့်ညားတဲ့အိမ်ကြီးကို အခုကျွန်မရောင်းလိုက်တဲ့အိမ်တန်ဖိုးရဲ့ လေးပုံတစ်ပုံပဲပေးရမှာ



www.burmeseclassic.com

www.burmeseclassic.com



မတန်ဘူးလားဟင်. . ”

“အင်း. . တန်. . တန်တယ်. . မနှင်းဖွေး. . ”

မနှင်းဖွေး၏အရယ်အပြုံးလေး ပျောက်ကွယ်သွားမှာစိုး၍ တန်တယ်ဟုပြောလိုက်သော်လည်း အိမ်ကြီးကိုဘွားခနဲလှမ်းမြင်လိုက်ကတည်းက ဖိုးအောင်ကျောထဲစိမ့်ခနဲဖြစ်ကာ မသိုးမသန့်ခံစားနေရသောစိတ်ကို နားမလည်နိုင်အောင်ဖြစ်နေသည်။

အဆောက်အဦး၏ပုံသဏ္ဌာန်မှာ ဗဟိုအဆောက်အဦးအမြင့်ကြီးကို အဆောက်အဦးငယ်တွေ ဘေးမှရံထားသော. . ပုံသဏ္ဌာန် ဖြစ်သည်။ အမိုးကို အုတ်ကြွပ်ပြားအနီများဖြင့်မိုးထားပြီး အမိုးစွန်းပန်းဆွဲလက်ရာများမှာ (၁၆)ရာစုဝန်းကျင်က နာမည်ကြီးခဲ့သော ရဲတိုက်အဆောက်အဦးအတိုင်း အချိုးအကွေ့၊ အတွန့်အခေါက်ဖော်ထားသဖြင့် ရှေ့ဘက်၊နောက်ဘက်ပေါင်းစပ်ထားသော ဥရောပလက်ရာပုံစံတစ်ခုဟုဆိုရပေမည်။

အဆိုးဆုံးက နေ၏အလင်းရောင်စူးစူးကို ကာကွယ်ခုခံပေးနိုင်သော မှန်ချပ်ကြီးများထည့်ထားသည့် အလင်းပေါက်များပင်ဖြစ်သည်။ အမှတ်တမဲ့ အဝေးကလှမ်းကြည့်လျှင် ရောမအရိုးခေါင်းကြီးကို ဇောက်ထိုးထောင်လျက်သားထားသကဲ့သို့ ကျက်သရေယုတ်စွာခန့်ထည်နိုင်လွန်းသောကြောင့် ဖိုးအောင်မှာ အဆောက်အဦးရှေ့မြေကွက်လပ်တွင်ကားရပ်ပြီး မဆင်းနိုင်သေးဘဲ ထိုင်လျက် ကြက်သေသေနေခြင်းဖြစ်သည်။

“ကိုဖိုးအောင်. . ”

“အန်. . ”

မနှင်းဖွေး ဘယ်အချိန်က ကားပေါ်မှဆင်းသွားမှန်းမသိ





ဘဲ သူ၏ဘေးပြတင်းကားမှန်မှာ မျက်နှာအပ်ပြီး လှမ်းခေါ်၍ ဖိုးအောင် လန့်ကာတုန်သွားသည်။ ထို့နောက်မှ ကပျာကသီ ဣန္ဒြေဆည်ကာ ကားတံခါးဖွင့်၍ဆင်းသည်။

“အိပ်ငိုက်နေတာတော့မဟုတ်ပါဘူးနော်”

“ဟင့်အင်း မဟုတ်ဘူး မနှင်းဖွေး၊ အိမ်နဲ့အရောင်းအဝယ်လုပ်တဲ့ဈေးက အရမ်းကွာလွန်းလို့ အံ့. . အံ့အားသင့်နေတာ ဟဲ. . ဟဲ. . ဟဲ. . ”

“အမယ်. . အိမ်တစ်လုံးတည်းတင်ဘယ်ကမလဲ၊ ကျွန်မတို့ပြည်လမ်းပေါ်ကဆင်းလာတဲ့နေရာကနေစပြီး ဟောဒီအိမ်ရဲ့ အနောက်ဘက်ကိုက်သုံးရာဝန်းကျင်အထိ အရောင်းအဝယ်နဲ့ပိုင်ဆိုင်မှုထဲမှာပါသေးတယ်”

“ဗျာ. . မြေကတင်မနည်းမနောပါလား”

“သြော်. . အဲ့ဒါကြောင့် တန်တယ်လို့ပြောတာပေါ့. . အဟင်း. . ဟင်း. . လာ. . အိမ်မကြီးထဲ လျှောက်ကြည့်ရအောင်. . ”

“နေဦး. . မနှင်းဖွေး. . ”

“ရှင်. . ဘာဖြစ်လို့လဲ”

“ဟိုလေ. . မနှင်းဖွေးခြေထောက်က ကောင်းသေးတာမဟုတ်ဘဲနဲ့ တုတ်ကောက်တစ်ချောင်းနဲ့ဖြစ်ပါ့မလား၊ အိမ်ကလည်းအကြီးကြီး၊ အတက်အဆင်းအချိုးအကွေ့တွေကလည်း အများကြီး”

“ရပါတယ်. . ကိုဖိုးအောင်ရယ်၊ ကျွန်မဘေးမှာ ရှင်တစ်ယောက်လုံးပါနေမှတော့ ဘာပူရဦးမှာလဲ. . ကဲ. . လာပါ တော်ကြာဗိုက်ဆာလာရင် ရန်ကုန်ဘက်ပြန်ပြေးနေရဦးမယ်. . ဒီနားမှာ ဘာမှရှိတာမဟုတ်ဘူး”



BURMESE CLASSIC .com
www.burmeseclassic.com

လောဘနှင့်တက်ကြွနေတာပဲလား. . တကယ်ပဲ သူတစ်ယောက်လုံးအဖော်ရှိနေ၍ပဲလား မသိနိုင်အောင် ဖြစ်နေသည့် မနှင်းဖွေးဆန္ဒအား နောက်ဆုံးတော့ ဖိုးအောင်လိုက်လျောရတော့သည်။

သူမက တစ်ဖက်က ဖိုးအောင်လက်မောင်းကို အားပြုပြီး ကျန်တစ်ဖက်က တုတ်ကောက်ကို အားပြုကာ လျှောက်သည်။

"ဖြစ်ရဲ့လား မနှင်းဖွေးရယ်၊ ခြေထောက်က အရိုးအက်ထားတာဆိုတော့"

"အဟင်း. . ဟင်း. . အရိုးအက်တယ်ဆိုတာ ဒေါက်တာရိုးမားရဲ့သတ်မှတ်ချက်လေ၊ ဓါတ်မှန်ရိုက်ကြည့်စရာ မလိုအောင် ထွင်းဖောက်မြင်နိုင်တဲ့ ဒေါက်တာရိုးမားရဲ့မျက်လုံးက အံ့သြစရာကောင်းမနေဘူးလား"

"အင်း. . . ဆေးပညာတော့ ကျွန်တော်သိပ်နားမလည်ဘူး"

"ဒါပေမယ့်လည်း မဖြစ်နိုင်ဘူးဆိုတာ ကျွန်မအသိဆုံးပါ၊ တကယ်သာ အရိုးအက်သွားရင် ကျွန်မ ဒီလိုဘယ်နေနိုင်မလဲ၊ ဆရာဝန်ကလည်း အဲ့သလို ပြောပြီး ကုမှ တန်မှာပေါ့၊ မဟုတ်လို့တေဇောဘန်းလေး လူးပေးပြီးပြန်ရရင် ဘယ်လိုလုပ်ပြီး ဆေးဖိုးတောင်းရမလဲ. . . ခစ်ခစ်ခစ်"

"ကဲ. . . အဲ့ဒါထက် ဒီလိုလျှောက်ရင် ပိုပြီးသွက်မလား"

ဖိုးအောင်က သူမလက်ကိုယူ၍ သူ၏ဘယ်ဘက်ပခုံးပေါ် တင်လိုက်သည်။ သူ၏လက်က သူမခါးကလေးကို မြဲစွာပွေ့ဖက်၍ လျှောက်ခိုင်းလေသည်။ သူ့စိတ်ထဲပေါ် လာသည့်အတိုင်းလုပ်ပြီးမှ





လန့်ကာ ဇောချွေးပြန်သွားသည်။

(ဘုရားရေ. . အသားယူတယ်ထင်ရင်ဒုက္ခပဲ)

သို့သော်. .

"အင်း. . ဒါကပိုအဆင်ပြေတယ်"

ဒီတော့မှ ဖိုးအောင် ပင့်သက်ခိုးကာချရသည်။ အဝင်တံခါးမကြီးသို့ရောက်လာသဖြင့် သူမထံမှသော့ကိုယူကာ အကျည်းတန်လှသောအင်္ဂလန်သော့ဂလောက်ကြီးကို ဂျောက်ခနဲမြည်အောင် ဖွင့်ထုတ်ပစ်လိုက်သည်။

ရင်စေ့တံခါးမကြီးများဖြစ်၍ မင်းတုံးရွှေ့ပြီးသည်နှင့် နှစ်ယောက်သားပြိုင်တူ တံခါးကိုတွန်းဖွင့်ကြလေသည်။ သို့သော် အနည်းငယ်သာတွန်းလိုက်ရပြီး တံခါးနှစ်ချပ်စလုံး အလိုအလျောက် ပွင့်ကာဝင်သွားလေတော့၏။

"ကျွိ. . ရိ. . ရိ. . အိ"

"တံခါးပတ္တာတွေနဲ့ ကျည်းဘောင်ခွင်ချတော်လိုက်တာနော်၊ သိပ်အားစိုက်စရာတောင်မလိုဘူး"

သူမ ချီးကျူးစကားဆိုနေခိုက် ဖိုးအောင်စိတ်ထဲ သံသယကိုရှင်းရန် သူမအနီးမှဖယ်ခွာပြီး တံခါးချပ်တစ်ခြမ်းကိုပြန်ဆွဲကာ ပိတ်လိုက်သည်။ ထို့နောက် စောစောကတွန်းသလောက် အသာအယာပြန်တွန်းဆကြည့်သည်။ ထိုအခါ စောစောကလို အလိုအလျောက်အဆုံးအထိ ပွင့်မသွားဘဲ တွန်းသလောက်သာရွေ့၍ ရပ်နေလေ၏။

(ထူးတော့ထူးခြားတယ်)

ဒါကိုသူမက. .



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ချပ်ပေါင်းပြီးပိတ်ဖွင့်မှ အစေ့အဟနဲ့အရှိန်ပါမယ်ထင်တယ် လုပ်ကြည့်ရအောင်"

ထိုသို့ပြောပြီး သူမဘက်ကတံခါးကို သူမသွားဆွဲကာပိတ်သဖြင့် သူလည်း သူ့ဘက်ကတံခါးကိုပါစုံကျအောင်ပိတ်ပေးလိုက်သည်။ ပြီးမှပြန်ဆွဲဖွင့်ကြည့်သည်။

ထိုအခိုက်မှာပင်. . .

"ဂလောက်. . ဂလောက်. . ဂလောက်. . ဂလောက်. . လောက်. . လောက်. . လောက်"

အပေါ်ထပ်လှေခါးမကြီးမှ တစ်စုံတစ်ခုကျလာသည့်အသံဖြစ်၍ လှည့်ကြည့်လိုက်ကြသည်။ ထူးဆန်းပေစွ။ တကွေ့တမော့ကြီးတက်ရသောလှေခါးအတိုင်း လူတစ်ယောက်ကလှိမ့်ချပေးနေသကဲ့သို့ တလှိမ့်ချင်းမှန်မှန်ကျလာနေသော အရုပ်ကလေးအား သူမရောဖိုးအောင်ပါ အံ့အားသင့်စွာရပ်ကြည့်နေကြသည်။ အရုပ်ကလေး နောက်ဆုံးလှေကားထစ်ပေါ်မှ တစ်လှိမ့်နှစ်လှိမ့်ထပ်လှိမ့်ပြီး ငြိမ်သွားမှ သူတို့နှစ်ယောက်ထိုနေရာသို့ရောက်သွားကာ သူမကပင် အလျင်စလိုကောက်ကြည့်လိုက်သည်။

"ဟယ်. . ဘိုမရုပ်ကလေးတော့ ချစ်စရာလေးကြည့်ပါဦး၊ ဒီအရုပ်မျိုးကို စန္ဒီအရမ်းကြိုက်တာ ဒီလိုလှုပ်လိုက်ရင် မျက်လုံး မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်နဲ့ ဟော. . ဟော. . တွေ့လား. . ခစ်ခစ်ခစ်. . ."

ဖိုးအောင်ကတော့ မရယ်နိုင်ပါ။ ကျောထဲစိမ့်စိမ့် ကြက်သီးဖြန်းဖြန်းနှင့် လှေခါးကြီးကိုမော့ကြည့်ပြီး စိတ်ထဲမှာလေးလံနေမိသည်။ ထို့အပြင် ဒီအိမ်ဒီလှေခါးမျိုးကို ဘယ်မှာတွေ့ဖူးမြင်ဖူးမှန်း





မသိအောင် စိတ်ထဲရင်းနှီးနေသဖြင့် မျက်မှောင်ကြုံ့ကာတွေးနေခိုက် သူတို့စေ့ပိတ်ပြီး ပြန်မဖွင့်ဖြစ်ခဲ့သောတံခါးမကြီးနှစ်ချပ်စလုံး အလိုလိုပွင့်သွားလေတော့သည်။

"ကျွီ. . ရီ. . ရီ. . အီ. . အီ. . အစ်. . "

သည်တစ်ကြိမ်တော့ သူမမျက်လုံးလေးဝိုင်းသွားသည်။ ထိုစဉ်အတွင်းမှာပင် လေပြင်းတစ်ချက်က တံခါးမကြီးဝင်ပေါက်မှ ဝေါခနဲ စီးဝင်လာသဖြင့် သူမ ပြုံးလိုက်ကာ. . .

"သြော်. . . လက်စသတ်တော့ လေတိုက်လို့ ပွင့်သွားတာကိုး၊ ဒီကတော့ ဟိုဟိုဒီဒီ မှတ်လို့ ထိတ်ခနဲတောင် ဖြစ်သွားတယ်"

"ဒီအရုပ်ကလေး ဘယ်လိုကျလာတယ်ဆိုတာရော မစဉ်းစားတော့ဘူးလား မနှင်းဖွေး"

"အိုး. . . အနိမ့်အမြင့်ပဲဟာ၊ အပေါ်အစွန်းမှာ ရှိနေတုန်းကြွက်တွေဘာတွေ ဝင်တိုးလို့ ကျရင် ဒီလိုကျလာနိုင်တာပဲလေ"

"ကဲ. . ပေး. . မနှင်းဖွေး ဒီကစောင့်၊ ကျွန်တော် ဟိုးအပေါ်ထိပ်ကနေ လှိမ့်ချကြည့်လိုက်မယ်"

"ဟင့်အင်း. . . ကျွန်မလည်း တစ်ခါတည်း အပေါ်ထပ်လိုက်ကြည့်မယ်"

သို့နှင့် အပေါ်သို့ တက်ကြသည်။

မြေပြင်ညီမှာ လမ်းလျှောက်၍ မသိသာသော်လည်း လှေခါးအတက်မှာ သူမ ခြေထောက်ဒဏ်ရာ သိသာစွာ နာကျင်လာ၍

"ကျွတ်. . ကျွတ်. . ခြေထောက်က ထောက်လို့မကောင်းဘူး"

"ကျွန်တော်တို့ ပြန်ဆင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ. . . ရောက်တုန်း ကြည့်ချင်ပါတယ်ဆိုမှ ခြေထောက်က. . ."

"မနှင်းဖွေး. . ."

"ရှင်. ."

ဖိုးအောင် သူမကိုကျောခိုင်းကာ ကိုယ်ကိုငုံ့ကိုင်းပေးလျက်

"လာ. . ကျွန်တော်ကုန်းပိုးမယ်. ."

"ဟာ. . မဟုတ်တာကြီးကို. ."

"လာပါ. . ဒီလိုမှမဟုတ်ရင် လှည့်ပြန်ရလိမ့်မယ်၊ အမှန်အတိုင်းဝန်ခံရရင် မနှင်းဖွေးလမ်းလျှောက်နေရတာကိုပဲ ကျွန်တော် မကြည့်ရက်တာပါ"

ပြောရင်း ဖိုးအောင် ပြန်လှည့်ကာ သူမလက်နှစ်ဖက်ကို ယူကာ ပုခုံးပေါ် ဆွဲတင်ရင်း ဒူးညွှတ်ငုံ့ကိုင်းပေးလိုက်သည်။ ထိုအခါ သူမထံမှ ရှက်ရွံ့မှု၊ အားနာမှု၊ ကျေနပ်ပီတိဖြစ်မှုတွေ ရောထွေးနေသည့် ရယ်သံတိုးတိုးလေးကြားရပြီး အလိုက်သင့် ပိုးသဖြင့် ဖိုးအောင် နောက်ပြန်သိုင်းပွေ့ကာ လှေခါးအတိုင်းဆက် တက်လာခဲ့တော့၏။

နူးညံ့သောအထိအတွေ့ သင်းမြသော ကိုယ်နံ့နှင့် သူမ၏ နှာသီးဖျားဆီမှ ရှူထုတ်လိုက်သောလေနွေးနွေးလေး၊ နားရွက်ဘေး နားဆီစီးဆင်းနေမှုက သူ့စိတ်ထဲ ဤအိမ်ကြီးနှင့်ပတ်သက်၍ စိတ်လေးခံမှုအားလုံးကို လှပစွာ ဖုံးလွှမ်းနိုင်ခဲ့သဖြင့် ယခုလို လာရောက်ကြည့်ရှုခွင့်ရတာလေးပင် ပျော်စရာဟု ထင်မှတ်လာလေသည်။

မနှင်းဖွေးသည်လည်း ဖိုးအောင်၏ ကြင်နာတတ်မှု၊ ဂရုစိုက်တတ်မှုနှင့် ယောကျ်ားပီသစွာ သန်စွမ်းထွားကြိုင်းပြီး တစ်မျိုး





တစ်ဘာသာဆွဲဆောင်မှုရှိနေသော ဥပဓိရုပ်သွင်အပေါ် သာယာတတ်လာကာ ယခုကဲ့သို့ပူးပူးကပ်ကပ် ထိတွေ့ဆက်ဆံနေရသဖြင့် ကာလအတန်ကြာအောင် အိပ်မောကျနေသည့် ချစ်မက်စိတ်များ နိုးကြွကာ ရင်ခုန်ညွှတ်နူးမိနေလေသည်။ လှေခါးမကြီးက မြေညီထပ်နှင့် ပထမထပ်အတွက်သာ ခင်းကျင်းထားပြီး ဒုတိယမိုးမျှော်ဆောင်အတွက် သီးခြားလှေခါးဆင်ထားသည်။

ထိုလှေခါးက လှေခါးမကြီးလို ကျွန်းလှေခါးကြီးမဟုတ်ဘဲ သံဖြင့် ပန်းကနုတ်ဖော်ကြောင်လိမ်လှေခါးဖြစ်သည်။ ပထမထပ် လျှာထိုးကြမ်းခင်းများက ညို့ပြောင်ကာ တောင့်တင်းလှပေ၏။

"ကျွန်မကိုအောက်ချပေးတော့လေ. ."

ဖိုးအောင် ညင်သာစွာချပေးရင်း သူမ၏တုတ်ကောက်ကို ပါအရံသင့်ထောက်ကူနိုင်အောင် သေချာပြင်ဆင်ပေးသဖြင့်. .

"ကျွန်မတို့ အချိန်ဟိုတိုလေးအတွင်းမှာ အရမ်းရင်းနှီးသွားကြသလိုပဲနော်. ."

"အမှန်အတိုင်းဝန်ခံရရင် ဒီထက်မကပိုရင်းနှီးချင်ပါတယ် မနှင်းဖွေး. ."

"ရှင်. ."

"ကျွန်တော် မနှင်းဖွေးကိုချစ်တယ်"

"အို. . ကိုဖိုးအောင်ကလည်း. ."

သူမမျက်နှာ ပန်းရောင်ဖြာလျက်ငုံ့သွား၍ ဖိုးအောင် အနီးသို့တိုးကပ်ကာ မေးဖျားမှအသာအယာဆွဲယူမော်လိုက်သည်။

"ကျွန်တော့်အတွက်တော့ တရုတ်တန်းမှာတစ်ကြိမ်ဆုံပြီးကတည်းက တစ်သက်စာ ရင်ထဲရောက်နှင့်နေလို့ ဒီနေ့ဒီလိုစကား



www.burmeseclassic.com

မျိုးပြောတာ နောက်တောင်ကျနေပါပြီ မနှင်းဖွေးရယ်၊ အချိန်တိုင်း ရင်ထဲမှာ နှင်းတွေဖွေးနေတာကိုကြည့်ကြည့်စမ်း. . "

"ဘုရားရေ. . ရှင်တော်တော်စကားကြွယ်တာပဲနော်၊ အလုပ်ရှင်ကို အလုပ်သမားက ရည်းစားစကားပြောရလား. . ကြည့်ပါဦး. . . "

"အချစ်မှာ စကြာဝဠာတွေ၊ မဟာအဝီစိတွေရယ်လို့ ခွဲခြားမထားဘူးမဟုတ်လား၊ ဂုဏ်ရည်မတူပေမယ့် ဝသုန်မြေပေါ် ဖြူစင်စွာ ချစ်တတ်ရင်ပဲ ဖြစ်ပါပြီ"

"အို. . တော်ပြီ. . တော်ပြီ၊ ကျွန်မ ရှင်နဲ့ စကားမပြိုင်ရဲတော့ဘူး"

"ဒါဆို ကျွန်တော့်အချစ်ကို လက်ခံပါနော် မနှင်းဖွေး"

"အို. . ကို. . . "

ဖိုးအောင်စကားဆုံးသည်နှင့် သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းကာ ပွေ့ဖက်ထားလိုက်သည်။ ထိုအချိန်ကလေးအတွင်းမှာပင် ရင်တစ်ခုလုံး အုန်းအုန်းကြဲ တုန်ခါကာ အချစ်လှိုင်းတို့ ရုန်းကြွလာခဲ့သည်။ အချစ်စိတ်၏ညို့ယူဖြားယောင်းမှုအောက်မှာ အသိစိတ်၊ စောင့်ထိန်းရမည့် ကိုယ်ကျင့်တရားများ အူးယားဖားယား လွတ်ထွက်ကုန်ကာ ပြာနှမ်းနေသည့် ခံစားမှုတစ်ခုတည်းမှာပင် အသက်ရှင်နေရသကဲ့သို့. . .

ထိုအခိုက်မှာပင် သွေးသံရဲရဲနှင့် ပြတ်ထွက်လုလု ဦးခေါင်းကို အနိုင်နိုင်ထိန်းကာ ဒယီးဒယိုင် ထွက်ပေါ်လာသော လူတစ်ယောက်ကြောင့် ဖိုးအောင်မျက်လုံးတွေ ပြူးထွက်မတတ် ထိတ်လန့်သွားပြီး သူမကိုပါ ဆတ်ခနဲ တွန်းခွာလိုက်မိသည်။





ထိုစဉ်အတွင်းမှာပင် သူ၏မြင်ကွင်းထဲမှ သွေးရဲသံရဲ ခေါင်းပြတ်နေသောလူ၏ သဏ္ဌာန်မှာ ပျောက်ချင်းမလှပျောက်သွားသဖြင့် ကိုယ့်မျက်လုံးနှင့်ကိုယ်မယုံကြည်နိုင်အောင်ဖြစ်ကာ မျက်လုံးပြူးကြီးတွေနှင့် ဟိုဟိုဒီဒီလိုက်ရှာကြည့်နေသဖြင့်. . .

"ဘာဖြစ်တာလဲ. . ဘာတွေ့လို့လဲ"

သူပြောသင့်မပြောသင့် အပြေးအလွှားစဉ်းစားရင်း ကစဉ့်ကလျားဖြစ်ကုန်သောစိတ်ကို အတန်ကြာအောင်စုစည်းယူရလေသည်။ ပြီးမှ. . .

"ဘာ. . ဘာမှမဟုတ်ပါဘူး မနှင်းဖွေး၊ ကျွန်တော် ရုတ်တရက်ခေါင်းထဲမိုက်ခနဲဖြစ်သွားလို့ပါ. . . "

"သြော်. . အင်း. . ဟုတ်မှာ၊ ရှင့်မျက်နှာလည်း ဖြူရော်ရော်နဲ့ နေမကောင်းဘူးထင်တယ်၊ ဒါဆိုလည်းပြန်ကြရအောင်လေ၊ ဒီလောက်ကြည့်ရရင်ပဲပြည့်စုံပါပြီ. . "

"အင်း. . လာလေ. . ကျွန်တော်ကုန်းပိုးမယ်"

"အို. . မဖြစ်ဘူးထင်တယ်. . . "

"ဖြစ်တယ်. . လှေခါးအဆင်းက မနှင်းဖွေးလမ်းလျှောက်ဆင်းလို့မှမဖြစ်တာ. . "

ထို့နောက် သူမအဝတ်အစားများကို ကပျာကသီပြုပြင်လိုက်ပြီး အားနာနာနှင့်ပင်ကုန်းပိုးသဖြင့် ဖိုးအောင် ခပ်သွက်သွက်ပင်ပိုးကာဆင်းလာခဲ့တော့သည်။

ကားပေါ်ပြန်ရောက်မှ ဖိုးအောင်အိမ်ဖက်တစ်ချက်လှမ်းကြည့်စဉ် သုံးထပ်ဆောင်လေသာပြတင်းပေါက်မှ လှမ်းကြည့်နေသော မျက်နှာဖြူကလေးငယ်တစ်ယောက်ကို လှမ်းတွေ့လိုက်ရ

www.burmeseclassic.com



သဖြင့် စိတ်ထဲ ပြာခနဲဖြစ်သွားပြီး သေချာပြန်ကြည့်သည်။ မရှိတော့ပြီ. . .।

ထို့နောက် သက်မောတစ်ချက်မှုတ်ထုတ်၍ ကားကို လာလမ်းဆီဦးတည်ပစ်လိုက်သည်။ ပြီးမှ. . .

"မနှင်းဖွေး. . ဒီအိမ်ကြီးကိုမဝယ်ဖြစ်ရင်ကောင်းမယ်"

"ရှင်. . ဘာဖြစ်လို့လဲ. . "

ဆိုတော့လည်း ဖိုးအောင်ပြောရခက်နေကာ ခဏကြာမှ.

"ကျွန်တော်မပြောတတ်ဘူးဗျာ. . စိတ်ထဲ မရှင်းသလိုခံစားနေရတယ်. . "

ထိုအခါ သူမကိုယ်လေးလှုပ်ခါသွားအောင် ရယ်မောရင်းက. . .

"ဘာလဲ ရိုးတိုးရိပ်တိတ် တွေ့တယ်လို့ ပြောချင်တာလား အဟင်းဟင်း. . ကျွန်မက လက်တွေ့ဆန်တယ်ကိုဖိုးအောင်ရဲ့၊ ရုပ်ဝါဒီသမားလို့ပြောချင်ပြောပါ။ ရှင်းရှင်းပြောရရင် အဲ့ဒီတစ္ဆေသရဲဆိုတာကို ကျွန်မယုံလည်းမယုံကြည်ဘူး မြင်လည်းမမြင်ဖူးဘူး၊ မြင်လည်းမကြောက်တတ်ပါဘူး၊ ဒီလိုပဲ တစ်အိမ်ပြီးတစ်အိမ် ရောင်းလိုက်ဝယ်လိုက် ပြောင်းပြီးနေလာတာ ဘာမှမထူးခြားဘူး"

"ဒီတစ်ခါတော့ထူးခြားတယ် မနှင်းဖွေး. . ကျွန်တော် သေချာမြင်ခဲ့ရတယ်. . "

"ဟုတ်လား. . ချောလားဟင်၊ ဟားဟားဟားခစ်ခစ်. . အိမ်ပြောင်းပြီးမှ အိမ်သားတွေခေါ်ပြီး ကော်ဖီတိုက်ရဦးမယ်. . အဟင်းဟင်း. . . "

ဒီထက်ပိုပြီးဘာမှပြောလို့မရတော့မှန်း ဖိုးအောင်သိနေ





သဖြင့် သူ့ဘာသာပင့်သက်ခိုးချကာ ငြိမ်နေလိုက်ရလေတော့သည်။

"ကျွန်မတို့ ချစ်တီးထမင်းစားပြီးမှပြန်ကြရအောင်နော်"

"အင်း. . . "



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

**အင်း**စိန်စီအိုင်ဒီရုံးရှေ့ကာကာဆိုင်တွင် နေ့လယ်ထမင်းစားချိန်ကတည်းက အိုင်ပီအုပ်စုအဖွဲ့ကျနေပြန်သဖြင့် ဒီနေ့နေ့ခင်းပိုင်း စုံထောက်မင်းကြီးမောရစ် ရုံးမထိုင်နိုင်ကြောင်းကို ပြေးကြည့်နေစရာပင် မလိုပေ။ ထိုစဉ် ဝတ်စုံပြည့်နှင့် ဆိုင်ထဲ ဝင်လာသော ဆားပုလင်းအုန်းရွှေအား အိုင်ပီကြီးများ မြင်လိုက်သဖြင့် လှမ်းကာ ခေါ်ကြသည်။

"လာဗျ. . ကိုအုန်းရွှေ. . ဘယ့်နှယ် ဒီနေ့ ဝတ်စုံပြည့်နဲ့ ရုံးတက်နေပါလား"

"အေးဗျာ. . ကျုပ်မလဲ အရှုးလိုနေလိုက်၊ ထောင်ထာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေရာမဲ့လိုနေလိုနေရနဲ့ ကြာရင် ယူနီဖောင်းတောင် မဝတ်တတ်တော့မှာစိုးလို့ဗျ"

ထို့နောက် ဆားပုလင်းအုန်းရွှေက ဦးအောင်မောင်းကို မျက်နှာရိပ်ပြကာ ခေါ်ထုတ်သွားသဖြင့် ကျန်ခဲ့သောအိုင်ပီများ ဘာလဲ၊ ဘာကိစ္စလဲဟု စပ်စုချင်သလိုမျက်လုံးတွေနှင့် အချင်းချင်း ကြည့်ကြသည်။ ပြီးမှ ပြတ်သွားသောစကားအစကိုပြန်ကောက်ကာ ဆက်ပြောကြပြန်လေသည်။ အိုင်ပီသာချိုက အင်္ဂလန်သို့ သင်တန်းသွားတက်စဉ်ကအတွေ့အကြုံများအား ပြောပြနေခြင်းဖြစ်သည်။

ဆားပုလင်းအုန်းရွှေနှင့် အိုင်ပီဦးအောင်မောင်း ရုံးဘက်လျှောက်လာခဲ့ကြကာ ဦးအောင်မောင်း၏ရုံးခန်းထဲမှာဝင်ထိုင်လိုက်ကြသည်။

"ဘယ်လိုထူးခြားလို့လဲ ကိုအုန်းရွှေ၊ ကျုပ်တူတော်မောင် ဘာဖြစ်ပြန်ပြီလဲ"

"ဘာမှမဖြစ်ပါဘူး အိုင်ပီ၊ သာလို့တောင်အခြေအနေကောင်းပါသေးတယ်၊ ကျုပ်အကဲခတ်ရသလောက်ကတော့ တရားသူကြီးဦးအောင်မြိုင်ရဲ့သမီး မုဆိုးမချောချောလေးနဲ့ အိုင်ပီကြီးတူမောင်က အတော့်ကိုခရီးရောက်သွားပြီဗျ. ."

"ဟုတ်လား. . နိုင်ငံခြားထွက်ကုန်ကြတာလား"

"ဟာ. . ဒီလူပျိုကြီးနဲ့တော့ခက်ကပြီ၊ ချစ်ကြိုက်သွားကြပြီလို့ပြောတာ"

"ဩော်. . ."

"ချစ်တာတောင် ထဲထဲဝင်ဝင် နက်နက်ရှိုင်းရှိုင်းကြီးကို ချစ်ကုန်ကြတာ. ."





"ဟင်. ."

"ဒါပေမယ့် သူတို့ ဟိုအိမ်ကြီးကိုဝယ်လိုက်တာတော့ ဆိုးတယ်ဗျ. . ."

"ဟေ. . ဝယ်ဖြစ်သွားပြီလား. ."

"ဝယ်ရုံဘယ်ကမလဲ မနေ့က မနှင်းဖွေးမိသားစုတစ်ခုလုံး အဲ့ဒီအိမ်ကိုပြောင်းလိုက်ကြပြီ. . ."

"ကျွန်တော်စုံစမ်းလို့ရသလောက်ကတော့ အဲ့ဖရက်ဗီလျံမွန်းတို့ ပွဲသိမ်းပြီးကတည်းက အဲ့ဒီအိမ်ကြီးကို ဝယ်လက်လေးဦးမြောက်အဖြစ် မနှင်းဖွေးဝယ်လိုက်တာပဲ အိုင်ပီ. .၊ ပထမသုံးဦးကတော့ ဝယ်ပြီးတစ်ပတ်အတွင်း တစ်လအတွင်း ပြောင်းပြေးပြန်ရောင်းနဲ့ဖြစ်ကုန်ကြတာ. . ဒီတစ်ဖွဲ့တော့ ဘယ်လိုနေမယ်မသိဘူးဗျို့. . ."

"ဒါနဲ့ ကျုပ်တူကရော. ."

"ခင်ဗျားတူလည်း အခု အဲ့ဒီအိမ်ကြီးမှာရောက်နေပြီလေ၊ သူတို့ လက်ထပ်ဖို့ကိစ္စ ဘာသံမှ မကြားရသေးပေမယ့် ဂိုးဒင်းဘဲလီးအိမ်မှာကတည်းက အိမ်ပေါ် တက်နေခွင့်ပေးထားတာ၊ ခုလည်း အဲ့သလိုပဲ နေမှာပေါ့၊ ဒါပေမယ့် ခုတိုင်းဆို အနေးနဲ့အမြန် လက်ထပ်ကြမှာပါ"

"အေးဗျာ. . . ကျေးဇူးပဲ ကိုအုန်းရွှေ၊ ကျုပ်တူအတွက် တစ်ပိုင်း စိတ်အေးရပေမယ့် နောက်တစ်ပိုင်းက မအေးဘူးဗျ၊ ဒီအိမ်ကြီးမှာ ဘာကြောင့် လူမမြဲသလဲဆိုတာ သိရမှဖြစ်မယ်"

"ဒါက ရှင်းနေတာပဲ အိုင်ပီ၊ အဲဖရက်တို့ကိစ္စ ပြီးကတည်းက အဲ့ဒီမှာ မျက်နှာဖြူသရဲတွေ သောင်းကျန်းနေတာ မကြားချင်မှအဆုံး



www.burmeseclassic.com

www.burmeseclassic.com



ရယ်"

"သရဲကြောင့်ဆိုရင် ပြဿနာမရှိဘူးလေ၊ ကျုပ်စိုးရိမ်တာ သရဲယောင်ဆောင်ထားတဲ့လူတွေ ဒုစရိုက်လုပ်ငန်း အခြေချနေတာမျိုးပေါ့၊ အဲဖရက်အမှုပြီးကတည်းက အဲ့ဒီအိမ်နဲ့ ပတ်သက်ပြီး မျက်ခြေမပြတ် စောင့်ကြည့်ထားဖို့ မင်းကြီးအမိန့်ပေးထားတော့ ကျုပ်မှာ ဒီတာဝန်ကြီးက ဘာမှမဟုတ်ဘဲ လေးလွန်းလို့ပါဗျာ၊ အဲ့ဒါကြောင့် ခင်ဗျားကို အားကိုးတာပါ၊ ကျုပ်တူမောင်ကိုလည်း စောင့်ကြည့်ရင်း ကျုပ်တာဝန်အတွက်လည်း ကြည့်ပေးရင်းပေါ့နော်"

"ရပါတယ်. . အိုင်ပီရယ်၊ ကျွန်တော့်မှာ ခင်ဗျားကျေးဇူးတွေအများကြီးပါ၊ ဒီလောက်ကလေးပြန်လုပ်ပေးရတာ ဘာမှ အပန်းမကြီးဘူး၊ ဒါထက် မင်းကြီးက ကျုပ်ကိုခေါ်တွေ့တာ ဘာကိစ္စလဲဗျ"

"ဒီနေ့တော့ ပဲခူးကော်မရှင်မှာ မင်းကြီးကိစ္စရှိလို့ သွားလေရဲ့၊ ကျုပ်အထင်တော့ မနက်ဖြန်မှပဲ ခင်ဗျားကိစ္စဆောင်ရွက်နိုင်မယ်ထင်တယ်. . ကိစ္စကတော့ ခင်ဗျားကိုအမှုဟောင်းတစ်ခု ပြန်ဖော်ခိုင်းချင်ပုံပဲဗျ. ."

"ဟင်း. . ကျုပ်ဘဝက အဟောင်းပုံထဲကကို မတက်နိုင်တော့ပါလားဗျာ. ."

"အားမငယ်ပါနဲ့. . ခင်ဗျားပါရင် ကျုပ်လည်းအော်တိုမစ်တစ်ပါမှာပဲ အတူတူပဲဗျို့. . ."





ဒီနေ့ပါနှင့်ဆိုလျှင် (၂)ရက်မြောက်နေ့။ မနေ့ကတော့ အိမ်အပြောင်းအရွှေ့လုပ်ရသဖြင့် ပစ္စည်းတွေသယ်ဟာပိုးဟာ နေရာချဟာနှင့် မနက်စာကိုတောင် နေ့လယ်(၂)နာရီမှစားရပြီး ညစာကို (၁၀)နာရီကျော်မှပင်စားဖြစ်သည်။

အိမ်ရွှေ့ဖို့ကိစ္စထူးထူးဆန်းဆန်း ဘယ်အလုပ်သမားမှ ခေါ်မရငှါးမရ၍ သူအပါအဝင် ခြံစောင့်ကြီး၊ ပြီးတော့ မရန်းသီး၊ သုံးယောက်ထဲ ဂျင်ခြေလည်သွားသည်။ တော်သေးသည်။ ခပ်လေလေ ကောင်ဟုထင်ရသော ရောဘတ်ထူးက အားတက်သရောဝင် ကူပေး၍သာ။ မည်သို့ဆိုစေ ပင်ပန်းလွန်းသဖြင့် ညစာစားပြီး ဟန်မဆောင်နိုင်ဘဲ ဝင်ကာအိပ်ဖြစ်တော့သည်။

တကယ်အိပ်ချင်လာတော့လည်း တစ္ဆေတွေဘာတွေ ဘာမှမသိမမြင်တော့ဘဲ တစ်ရေးထဲနှင့်မိုးစင်စင်လင်းခဲ့ရလေ၏။

သူ စားသောက်ခန်းထဲရောက်တော့ မနှင်းဖွေးကို သားသမီးများနှင့်အတူ စုံစုံလင်လင်တွေ့ရသဖြင့် စိတ်ထဲမှာတစ်မျိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ပင်ပီတိဖြစ်ရသေးသည်။ မရှက်တမ်းဝန်ခံရလျှင် သူ့စိတ်ထဲမှာ ကိုယ့်သားသမီး၊ ကိုယ့်ဇနီးသဖွယ် ထင်မြင်ချင်သွားမိသည်။

"လာ. . ကိုဖိုးအောင်၊ အခုပဲ အထူးကိုသွားနှိုးခိုင်းနေတာ အိပ်လို့ရောကောင်းရဲ့လား"

"ဟာ. . တစ်ရေးမှကိုမနိုးတာ. . မနှင်းဖွေးရေ"

"ကျွန်တော်ကတော့အိပ်လို့မရဘူး. . ကိုယ်တွေ လက်တွေ ကိုက်ပြီး အနားမှာဘယ်သူတွေလာစကားပြောနေမှန်းမသိဘူး ဆူညံနေတာပဲ"

ရောဘတ်ထူး၏စကားကြောင့် ဖိုးအောင်ရော မနှင်းဖွေးပါ သတိထားပြီးလှမ်းကြည့်ဖြစ်ကြသည်။ သို့သော် ဘာမှတော့ မပြောဖြစ်ကြ၊ ကလေးတွေစားသောက်ပြီး ထွက်သွားမှ မနှင်းဖွေးက. . .

"ရှင်သိထားတာတွေ ကလေးတွေသိလို့မဖြစ်ဘူးထင်တယ်"

"ကျွန်တော်နားလည်ပါတယ်. . အခု အငယ်နှစ်ယောက်က မနှင်းဖွေးနဲ့အတူအိပ်တာလား"

"မဟုတ်ဘူးကိုဖိုးအောင်. . သူတို့ညီအစ်မကတစ်ခန်း၊ အထူးကတစ်ခန်း၊ ကျွန်မကတစ်ခန်းပါ"

"အင်းလေ. . အဲ့သလိုဆိုလည်း ကလေးတွေအခန်းက အသံဗလံကို သတိတော့ထားပေးပါ. ."

ဩော်. . မနေ့က ကျွန်တော်အခန်းတွေရှင်းတော့ စာကြည့်ခန်းထဲမှာ စာအုပ်တချို့ ကျန်နေတာ တွေ့တယ်၊ အခန်းက အရမ်းကောင်းတယ်ဗျာ"





"ကျွန်တော် တစ်ခုလောက်တော့ တောင်းဆိုချင်မိတယ်"

"ဘာများလဲ ကိုဖိုးအောင်"

"အိမ်သန့်ရှင်းရေးတွေဘာတွေ လုပ်ပြီးရင် စာကြည့်ခန်းကို ကျွန်တော့်ကိုလည်း အသုံးပြုခွင့်ပေးပါလား"

ထိုအခါ မနှင်းဖွေးက ချစ်စဖွယ် ပြုံးလိုက်ပြီး တိုးညင်းတဲ့ အသံမျိုးနှင့်. . .

"ရှင် ကျွန်မကို ချစ်တယ်ပြောပြီး တစိမ်းဆန်ဆန်ချည်း ပြောနေပါလား"

"ဒါပေမယ့် လူ့စည်းဘီလူးစည်းဆိုတာ ရှိလေတော့ သက်ဆိုင်တဲ့သူဆီမှာ ခွင့်တောင်းရမှာပဲ မဟုတ်လား"

"ကောင်းပါပြီတဲ့ရှင်. . ကဲ. . စိတ်ကြိုက် သုံးတော်မူပါရှင်"

"ကျေးဇူးပဲ. . ကျွန်တော် အဲ့ဒီစာကြည့်ခန်းထဲ ဝင်မိတော့ ဟောင်းလောင်းဖြစ်နေတဲ့ စာအုပ်စင်တွေပေါ်မှာ ဖတ်စရာမှတ်စရာ သုတရသစာအုပ်တွေ စုဆောင်းဝယ်ယူပြီး ဖြည့်တင်ချင်စိတ်ပါ ဖြစ်လာမိတယ်. . ကလေးတွေအတွက်လည်း ဗဟုသုတဖြစ်စေအောင်လို့လေ. . "

"ဟုတ်တယ်နော်. . ကျွန်မ အဲ့ဒါကိုတွေးသင့်တာပေါ့၊ ကောင်းပြီ ကျွန်မတို့ မိသားစုစာကြည့်တိုက်လေးလုပ်ပေးရအောင် အခုလောလောဆယ်တော့ အိမ်တွင်းအိမ်ပြင်ရှင်းစရာတွေက တပုံကြီးမဟုတ်လား"

"ကျွန်တော်လည်း အဲ့ဒါတွေအားလုံးပြီးလို့ နေသားတကျဖြစ်မှပဲစီစဉ်ချင်တာ. . "

"ကဲ. . အခုဘယ်ကနေ ဘာစလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးဆုံးက မီးဖိုထဲမှာ ဒေါ်ကြီးချက်ပြုတ်စီမံနိုင်အောင် ထင်းတွေအရင်စုဆောင်းပေးရမယ်၊ ရေတွင်းနဲ့ရေတင် မော်တာတွေ၊ ပန့်တွေကောင်းတယ်၊ မီးစက်မကောင်းဘူး၊ ဒီအိမ်ကြီးထဲပျော်အောင်နေဖို့ လျှပ်စစ်မီးအလင်းရောင်ကောင်းကောင်း လိုအပ်တယ်၊ လောလောဆယ် ကျွန်တော်အဲ့ဒီပြဿနာအရင်ဖြေရှင်းဖို့ စဉ်းစားထားတယ်"

"တော်ပါသေးရဲ့ ကိုဖိုးအောင်ရှိနေလို့သာပဲ၊ ဒီအိမ်ကြီးမှာ လိုအပ်ချက်တွေအရမ်းများတာပဲ. . ဪ. . ဟို ကိုဖိုးအောင်ကို မနှင်းဖွေးတစ်ခါတည်းအပ်ပါရစေ. ."

"ဘာများလဲ မနှင်းဖွေး. ."

"အထူးကို တတ်နိုင်သမျှစောင့်ရှောက်ပြီး ဆုံးမပဲ့ပြင်ပေးပါ၊ အခုကစပြီး ကိုဖိုးအောင်ဘာလုပ်လုပ် သူ့ကိုတွဲခေါ်ပေးပါနော်"

"ဒီလိုပဲလုပ်ရမှာပဲလေ. . အကြီးဆုံးသားတစ်ယောက် ဖြစ်တဲ့ ရောဘတ်ထူးကို အမေစိတ်တိုင်းကျဖြစ်အောင် ပုံစံချပေးရမှာပဲ. . ကဲ. . စားသောက်လို့လည်းပြီးပြီဆိုတော့ ကျွန်တော် အလုပ်စမှဖြစ်တော့မယ်. ."

ထိုသို့ပြောပြီး စားသောက်ခန်းမှထွက်သွားသော ဖိုးအောင်၏ကျောပြင်ကျယ်ကြီးကို သူမလှမ်းငေးကာ ရင်ထဲပီတိဖြစ် ကျန်ခဲ့ရသည်။ မိန်းမသားတစ်ယောက်အတွက် အားကိုးအားထားပြုနိုင်သော ဘဝကြင်ဖော်အဖြစ်ရွေးချယ်ရလျှင် ဘယ်လိုမှနောင်တရစရာအကြောင်းမရှိဘူးဟုလည်း ယုံကြည်မိတော့သည်။

၌ ၌ ၌ ၌





ဖိုစောင့်ကြီးနှင့်မရန်းသီးတို့အား တောထဲဝင်ကာထင်းဖြတ်ခိုင်းထားခဲ့ပြီး သူ အိမ်သို့တစ်ခေါက်ပြန်လာ၍ မီးစက်ပြင်ရန် အိမ်၏အနောက်ဘက်အစေခံတန်းလျားနှင့် တစ်ဆက်တည်းရှိနေသော မီးစက်ဂိုဒေါင်ကိုဖွင့်လိုက်သည်။

အလင်းရောင်ကောင်းစွာမရ၍ အသင့်ပါလာသော လက်နှိပ်ဓါတ်မီးနှင့်ဝင်ကာ ဘေးဘီဝဲယာပြတင်းပေါက်များရှိမရှိ လိုက်လံကြည့်ရှုစဉ် ဂိုဒေါင်၏အတွင်းဘက်သို့ တစ်ယောက်ယောက် ဝင်သွားသဖြင့် ဖိုးအောင် ဓါတ်မီးနှင့်လှမ်းထိုးပြီးမေးလိုက်သည်။

"ဘယ်သူလဲ. ."

ပြန်မဖြေပါ. . မီးစက်နှင့်ကွယ်သွား၍ ဖိုးအောင် မီးစက်တစ်ဘက်မှပုန်းလိုက်ပြီး ဓါတ်မီးနှင့်ထိုးကြည့်သည်။

မရှိ။ ဂိုဒေါင် အတွင်းဘက် နံရံတစ်လျှောက် စက်ဆီး



www.burmeseclassic.com

www.burmeseclassic.com



အဟောင်းများ၊ ပုံးစုတ်၊ ခွက်စုတ်များ ဟိုဒီပွပလဲကာမြင်နေရသည်က လွဲလို့ စာစာက သူ မြင်လိုက်ရသောသူကို မတွေ့သဖြင့် စိတ်ထဲ မချင့်မရဲဖြစ်ကာ အင်ဂျင်ကိုပြင်ဆင်ဖို့ လိုအပ်ချက်များ လိုက်လံကြည့်ရှုသည်။

အင်ဂျင်က ဂျာမန်အမျိုးအစားဖြစ်ပြီး (၁၀)ကီလိုဗို့ ထွက်သော ဒိုင်နမိုကြီးနှင့် တွဲထား၍ ကောင်းသာကောင်းနေလျှင် အိမ်မကြီးတစ်ခုလုံး လျှပ်စစ်မီးများ ပျံလန်နေအောင် ထွန်းထားနိုင်ပေမည်။

ထို့ကြောင့် ဖိုးအောင်၏စိတ်အာရုံများ မီးစက်အင်ဂျင်ပေါ် တဒင်္ဂကျရောက်နေခိုက် သူဖွင့်ဝင်ခဲ့သောတံခါးများ ရုတ်ခြည်းဆိုသလို စေ့ပိတ်သွားလေတော့၏။

"ကျွီ. . . ဂျိမ်း"

"ဟင်. . ."

ဂိုဒေါင်ထဲ အလင်းရောက်နိုင်စရာ တစ်ခုတည်းသော တံခါးပေါက် ပိတ်သွားသဖြင့် ဂိုဒေါင်ထဲ အမှောင်အတိကျသွားသည်။ ဖိုးအောင် ဓါတ်မီးအသုံးပြုလျက် တံခါးပေါက်ကို ပြန်ဖွင့်ရန် လျှောက်လာစဉ် တံခါးကို ကျောမှီရပ်နေသော မည်းမည်းသဏ္ဌာန်အား ဓါတ်မီးရောင်နှင့် အထင်းသား မြင်လိုက်ရသဖြင့် ခြေလှမ်းတုန့်ကာ သေချာကြည့်မိသည်။

"ဟာ. . ."

နှလုံးတမြုံလုံး မြောက်ခနဲတက်လာကာ လည်ချောင်းပြွန်ဝတစ်ဆို့သွားပြီး လွင့်ခနဲ. . လွင့်ခနဲဖြစ်ချင်နေသောစိတ်ကို အနိုင်နိုင်ချုပ်တည်းထားရသည်။





သို့တိုင်အောင် နားအုံတွေကား၊ ဆံပင်တွေထောင်ကာ ကြက်သီးမွေးညင်းဖြန်းဖြန်းထလျက် မြင်ကွင်းကို မျက်လုံးထဲက လုံးဝအပျောက်မခံတော့ချေ။ ဖိုးအောင်ထိပ်လန့်မည်ဆိုလည်းလန့်စရာ။

လက်နှိပ်ဓါတ်မီးအလင်းဝိုင်းထဲ သစ်ငုတ်တိုလိုမလှုပ်မယှက်ငြိမ်နေသောသူမှာ ဦးခေါင်းမရှိလဲ လည်ပင်းငုတ်တိနှင့်ဖြစ်သည်။

ထိုအခိုက်မှာပင် သူ၏လက်နှိပ်ဓါတ်မီး အလိုအလျောက်ပိတ်ကာ အမှောင်ကျသွားသဖြင့် ဖိုးအောင် ထိပ်ထိပ်ပြာပြာပြန်ဖွင့်သည်။ ခလုတ်ကဖွင့်ပြီးသား။ ဓါတ်မီးကိုလက်နှင့်ရိုက်ခါပြီးဖွင့်ကြည့်သည်။ မရ။ ဘယ်လိုမှမလင်းတော့၍ အမှောင်ထဲမှာ သူ၏ခန္ဓာကိုယ်လေးသေးကျုံ့သွားသလို ခံစားနေရစဉ် သူ၏လက်မောင်းအား အေးစက်စက်အထိအတွေ့ဖြင့် ဆုတ်ကိုင်ခြင်းခံလိုက်ရသဖြင့် အားကုန်ကြုံးအော်ကာ ဓါတ်မီးနှင့်လှည့်ရမ်းပစ်လိုက်သည်။

"ငါ့ကိုမထိနဲ့နော်. . ငါ့ကိုထိရင် မင်းတို့နှစ်ခါသေရမယ်ကွ"

"ဝုတ်. . . ဝုတ်. . ဝုတ်. ."

"ဦးဖိုးအောင်. . . ဦးဖိုးအောင်. ."

"ကျွီ. . ရီ. ."

ခွေးဟောင်သံ၊ သူ့နာမည်ကိုခေါ်သံနှင့်အတူ တံခါးမကြီးပါပွင့်သွား၍ အလင်းရောင်များဝေါခနဲစီးဝင်လာမှ ဖိုးအောင်အသက်ရှူနိုင်တော့ကာ ဂိုဒေါင်တံခါးပေါက်ဆီ ဒယီးဒယိုင်နှင့်လျှောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော်ဘီ. . သွားစမ်း"

ရောဘတ်ထူးက သူ့ခွေးကိုလှမ်းဟန့်လိုက်ပြီး ချွေးသီးချွေးပေါက်များနှင့်နွမ်းနယ်နေသောဖိုးအောင်ကို နားမလည်နိုင်သလိုကြည့်ကာ. . ।

"ဦးဖိုးအောင်. . တံခါးပိတ်ပြီးဘာတွေအော်နေတာလဲ"

ဖိုးအောင် ချက်ချင်းပြန်မဖြေနိုင်ဘဲ ဂိုဒေါင်တံခါးကိုပြန်ပိတ်၍ သော့ခတ်ပစ်လိုက်သည်။ ပြီးမှ. . .

"ငါမအော်ပါဘူး"

"ဟာ. . အော်ပါတယ်ဗျ၊ ကျွန်တော်ကြားတယ်"

"ဟိုဟာပါ. . အင်ဂျင်. . အင်ဂျင်ပြင်ဖို့တစ်ယောက်ထဲ မ, တော့ အားရှိအောင်အော်ပြီးမ,ရတာပေါ့ကွာ. . ဟူး. . ပင်ပန်းလိုက်တာ. . "

"အဲ့ဒါ ကျွန်တော့ကိုခေါ်လေ. . အခုတောင် ဦးလေးနဲ့ကျွန်တော်ဝိုင်းမလုပ်ရကောင်းလားဆိုပြီး ဒေါ်နှင်းက ဆူလွှတ်လိုက်သေးတယ်"

"ငါလည်းခေါ်မလို့ပါပဲ. . မနေ့က မင်းပင်ပန်းပြီး ကိုယ်လက်တွေနာနေတယ်ဆိုလို့ မခေါ်တာ. . "

ထိုစဉ် ဘော်ဘီတစ်ခေါက်ပြန်ရောက်လာပြီး ဂိုဒေါင်တံခါးရှေ့ကနေခေါင်းထိုးဟောင်နေတော့၍ ရောဘတ်ထူးက. .

"ဒီကောင် အထဲမှာဘာတွေတွေ့နေလဲမသိဘူး"

"ကြွက်တွေလေ. . ဂိုဒေါင်ထဲမှာ ကြွက်တွေအားကြီးပဲ"

ရောဘတ်ထူးခေါင်းညိတ်ပြပြီး နောက်ပြန်လှည့်သွားကာ ဂိုဒေါင်ရှေ့မှသူ့ခွေးကိုဆွဲခေါ်သွားသည်။ အထဲကနေတစ်ခုခုလုပ်





ပြလိုက်ရင်ဒုက္ခဟု ဖိုးအောင်တွေးပူမိသော်လည်း ဘာမှမဖြစ်ဘဲ ရောဘတ်ထူးအိမ်ထဲ ပြန်ရောက်လာသဖြင့် ကြိတ်ကာ သက်ပြင်းချရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

အခ ချိန်ကာလ မည်မျှကြာအောင် လူနေမှုနှင့်အဆက်ပြတ်နေမှန်း မသိသော ဒီအိမ်ကြီးကို သူမ သဘောကျစွာ ဝယ်ဖြစ်ပြီးမှ ရှင်းမနိုင်၊ သိမ်းမနိုင်အောင်ရှိလှသော ဖုန်များ၊ အမှိုက်သရိုက်များကြောင့် ပင်ပန်းကာ စိတ်ပျက်ချင်လာသည်။ ရက်အတော်ကြာအောင်ရှင်းယူရမှာသေချာသဖြင့် ဒေါ်အေးမေတစ်ယောက်ထဲ ချက်ပြုတ်တာရော အိမ်ရှင်းတာပါလုပ်ရလျှင် ထွက်ပြေးသွားမလားမသိနိုင်။ အိမ်ဖော်တစ်ယောက်လောက်များလိုဦးမလား။

သူမတွေးရင်း၊ ရှင်းလင်းလှဲကျင်းရင်းက သမီးနှစ်ယောက်အိပ်သောအခန်းတံခါးအား အသာအယာတွန်းဖွင့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ဟင်. . စန္ဒီ. . ဘယ်သူနဲ့စကားပြောနေပါလိမ့်)

"နင်တကယ်အပိုင်ပေးတာနော်. ."

"ငါလေ. . ဒီအရုပ်ကလေးအရမ်းကြိုက်တာ ဟိုအိမ်မှာတုန်းက မေမေဝယ်ပေးသေးတယ်၊ ဘော်ဘီပေါ့. . ကိုကြီးအထူးရဲ့ ခွေးလေးဘော်ဘီ ကိုက်ဆုတ်ပစ်တာ ငါ့ရဲ့အရုပ်မလေးသေသွားရော. ."

"အဟားဟားဟား. . အဲ့ဒါဆိုကောင်းတာပေါ့၊ ဒါပေမယ့် နင် ဘော်ဘီ့ကိုမကြောက်ဘူးလား. . အရမ်းကိုက်တာနော်"

"ဘာ. . ဘော်ဘီ. . ဘော်ဘီသေတော့မှာ၊ ဟုတ်လား. . ဘယ်တော့လဲ. . ."

"ည. . ."

ဘိုမရုပ်ကလေးပိုက်ပြီး နံရံကပ်ဗီရိုဖွင့်ကာ ဗီရိုထဲကြည့်၍ တစ်ယောက်ယောက်နှင့်စကားပြောနေသော စန္ဒီကို သူမ လှမ်းခေါ်လိုက်သည်။

"စန္ဒီ. ."

စန္ဒီလှည့်ကြည့်ပြီး ဗီရိုထဲတစ်ချက်ပြန်ကြည့်ကာ ခေါင်းညိတ်ပြပြီးမှ ဗီရိုတံခါးကိုပိတ်လိုက်သည်။

"အထဲမှာ ဘယ်သူရှိနေလဲ"

သူမ ပို၍မသက်သာသလိုဖြစ်သွားပြီး စန္ဒီကိုဖယ်၍ ဗီရို တံခါးကိုဖွင့်ကြည့်သည်။ ဘာမှမရှိ။

လူတစ်ရပ်ခန့်မြင့်သော ဗီရိုကြီးက အထဲမှာ ငါးပေပတ်လည်ခန့်ကျယ်ကာ ဂါဝန်ရှည်ကြီးများ ချိတ်ဆွဲထားနိုင်သော အဝတ်တန်းများနှင့် ချိတ်လေးငါးခြောက်ချောင်းခန့် နံရဘက်နားမှာ ကပ်





ကာနေသည်။

သူမဖွင့်ကြည့်ချိန်မှာ ချိတ်များလှုပ်ရမ်းနေသည်ကလွဲ၍ ဘာမှမရှိသဖြင့် စိတ်ထဲမသိုးမသန့်ခံစားရပြီး တံခါးကို ပြန်ပိတ်ထားလိုက်ကာ. . .

"ဒီဗီရိုထဲ ဝင်မဆော့နဲ့ သမီး"

"ဘာဖြစ်လို့လဲ မေမေ၊ အထဲမှာ သမီးသူငယ်ချင်း ရှိတယ်"

"အခိပ္ပါယ် မရှိတာကွယ်. . အောက်ထပ်မှာ မမဟန်နီ ရှိတယ်၊ မမနဲ့ သွားဆော့"

"ဟင့်အင်း. . . အဲ့ဒါဆို မစ်ကီတစ်ယောက်ထဲ ပျင်းနေလိမ့်မယ်"

"ဟဲ့. . . ဘယ်က မစ်ကီလဲ"

"သမီးကို ဒီအရုပ်မလေး ပေးတဲ့မစ်ကီပေါ့၊ သမီးနဲ့ ရွယ်တူပဲ မေမေ၊ ဆံပင်နီနီလေးနဲ့ ချစ်စရာလေး"

"တော်စမ်း စန္ဒီ၊ လာ. . . အောက်ဆင်းမယ်"

မနှင်းဖွေးရင်ထဲ မကောင်းသလိုဖြစ်လာပြီး သမီးဖြစ်သူကို အရေးတကြီး ပွေ့ချီကာ အခန်းထဲက ထွက်လိုက်သည်။ ထို့နောက် အခန်းတံခါးကို ပြန်လှည့်အပိတ် ဗီရိုတံခါးတစ်ချပ် ပြန်ပွင့်လာ၍ သူမရင်ထဲ ဒိတ်ခနဲ မြည်ကာ ကျောခိုင်းပစ်လိုက်သည်။

ပျံ့လွင့်လုလု ဖြစ်ကုန်သော စိတ်အာရုံကို ကြိုးစားထိန်းချုပ်လျက် ဖြစ်နိုင်ချေရှိသည်ကိုသာတွေးပစ်သည်။

(သေချာတာက ငါ ဘီရိုတံခါးပိတ်ပြီး လော့ခ်မချဖြစ်တာပဲ. . အပူအအေးကြောင့် သစ်သားဘောင်တွေ ကျုံ့နိုင်ပွနိုင်တယ်၊ လော့ခ်မချရင် ချောင်ပြီးပွင့်နိုင်တာပဲ)



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စန္ဒီပြောနေသော မစ်ကီဆိုတာကိုသတိရလိုက်ကာ ရှင်းပစ်လိုက်သောစိတ်ထဲ ပြန်ရှုပ်လာပြန်သဖြင့် ထိုကိစ္စကိုဆက်မတွေးဖြစ်ဖို့သာ ကိုယ့်ကိုယ်ကိုသတိပေးမိတော့သည်။





မနေ့က ခြံစောင့်ကြီးနှင့် မရန်းသီးတို့ တောထဲဝင်ကာ ဖြတ်တောက်လာသောထင်းပိုင်းတွေက မနည်းမနောပင်။ မြင်းလှည်းနှင့်ခုနစ်ခေါက်တိတိလွန်းပျံဆွဲကာ ပုံထား၍ တောင်ပုံယာပုံ ဖြစ်နေသော ထင်းပုံဆီသို့ ဖိုးအောင်ပေါက်ဆိန်တစ်လက်နှင့် ရောက်သွားသည်။

ထင်းဆိုက်လို့ရအောင် ခွဲခြမ်းများခွဲကာ နေလှန်းရပေမည်။ ဒေါ်အေးမေလည်း အိမ်ဟောင်းမှပါလာသော ထင်းလက်ကျန်နှင့်ရေနံမီးဖိုကိုတွဲသုံးကာ ချွေတာနေရရှာသည်။

ဖိုးအောင် တွေဝေမနေပဲ သစ်မြစ်ဆုံပိုင်းပေါ် ထင်းပုံတို တွေတစ်တုံးပြီးတစ်တုံးတင်ကာ အားကောင်းမောင်းသန်ပေါက်ခွဲနေတော့သည်။

တစ်နာရီနီးပါး မနားတမ်းခွဲပစ်လိုက်၍ ထင်းခွဲခြမ်းများအတော်အတန်ရသွားမှ ပေါက်ဆိန်ပစ်ချကာ စွပ်ကျယ်ချွတ်ပြီး ချွေး



www.burmeseclassic.com

www.burmeseclassic.com



တွေသုတ်ပစ်စဉ် ရောဘတ်ထူးရောက်လာလေသည်။

"ကျွန်တော်ခွဲရမလားဦးလေး. . ."

"မလုပ်နဲ့ လက်ဆမမှန်ရင် အန္တရာယ်ဖြစ်မယ်. .၊ မင်းလုပ်နိုင်ရင် ငါပေါက်ပြီးသားခွဲခြမ်းတွေ ဟိုးဘက်ကနေရောင်ရှိတဲ့နေရာရွှေ့လှမ်းပေး. ."

ခိုင်းတော့လည်းလုပ်ရှာပါသည်။ သို့သော် ပိပိရိရိတော့မဟုတ်၊ ခွဲခြမ်းပုံနားမတ်တပ်ရပ်ကာ နေရောင်ကျသောကွင်းပြင်ဆီ တစ်ခြမ်းခြင်းလှမ်းပစ်သည်။

အပုံတစ်ဝက်လောက်ကျသွားတော့ လက်ပန်းကျသွားပြီးလေပူတဟူးဟူးမှုတ်ကာ သူထိုင်နေသောနေရာသို့ ရောဘတ်ထူးရောက်လာလေသည်။

"ဦးလေး ကျွန်တော့်ဒယ်ဒီကိုမြင်ဖူးလား"

"ဧည့်ခန်းထဲကမိသားစုဓါတ်ပုံထဲမှာတော့ တွေ့ဖူးတယ်"

"ဒယ်ဒီသာရှိရင် ဦးလေးဒီလိုလာနေတာ ဒယ်ဒီကြိုက်မှာမဟုတ်ဘူး"

ဖိုးအောင်ပြုံးလိုက်ပြီးမှ. . .

"အဲ့ဒီလိုသာဆို ငါလည်း မင်းတို့ဒေါ်နှင်းကို ဘယ်ကြိုက်မလဲကွာ. ."

"ဒါပေမယ့် ဒေါ်နှင်းက ဒယ်ဒီကို ဦးလေးလောက် မချစ်ဘူး"

"ဟော. ."

"အဲ့ဒါ ကျွန်တော်သိပ်ဝမ်းနည်းတယ်"

ဖိုးအောင်မော့ကြည့်တော့ ရောဘတ်ထူး တကယ်ပင်မျက်





ရည်ဝဲလာသဖြင့် လက်လှမ်းဆွဲကာ သူ့ဘေးနားထိုင်ခိုင်းလိုက်သည်။

"သေချာတာက ဒေါ်နှင်း မင်းကိုချစ်တယ်"

ရောဘတ်ထူးမော့ကြည့်သဖြင့် ဖိုးအောင်ဆက်ပြော၏။

"အကြီးဆုံးသားအဖြစ်နဲ့ မင်းကိုလည်းအားကိုးတယ်၊ ဘာပဲပြောပြော သူက မင်းရဲ့အမေပဲ၊ အမေအားကိုးတဲ့သားကြီး တစ်ယောက်ဖြစ်အောင် မင်းကြိုးစားပေးရမယ်. . ကောင်လေး"

"ဒါဆို ဦးလေးလည်း မကြာခင်ကျွန်တော့်အဖေဖြစ်လာမှာပေါ့. ."

"အင်း. . . ပြောဖို့စောပါသေးတယ်ကွာ၊ ကဲ. . . ငါ ထင်းဆက်ပေါက်လိုက်ဦးမယ်"

ဖိုးအောင် ထိုင်နေရာမှ ထပြီး ပေါက်ဆိန်လှမ်းအဆွဲ. . .

"သေချာတာက ဦးလေး ကျွန်တော့်အဖေ ဘယ်တော့မှဖြစ်လာမှာ မဟုတ်ဘူး"

ပြောပြီး ထွက်သွားသော ရောဘတ်ထူးကို ဖိုးအောင် လှမ်းကြည့်ကာ နားလည်ပေးလိုက်ပါသည်။ အဖေဆုံးစဉ်ကာလက အားငယ်ဝမ်းနည်းခဲ့ရသော သူ့ဘဝကို ပြန်အမှတ်ရမိသည်။ သို့သော် သူ မပျော့ညံ့ခဲ့ပါ။ ရောဘတ်ထူးလည်း ပျော့ညံ့နေလို့မဖြစ်။ ဒီအတွက် သူ အများကြီး သင်ကြားပေးသင့်သည်ဟု တွေးကာ ဗုံတိုတစ်တုံး ဆွဲထောင်၍ အားနှင့် ပေါက်ခွဲပစ်လိုက်တော့၏။

"ခွမ်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဂျိုင်း. . ."

ခြေရင်းရှိ မှန်ပြတင်းတံခါးဆောင့်ပိတ်လိုက်သံကြောင့် ဖိုးအောင်လန့်နိုးကာ ခုတင်ပေါ် ထထိုင်မိသည်။ ညဦးပိုင်းက ပူအိုက်လွန်းသဖြင့် ခြေရင်းဖက်မှန်ပြတင်းပေါက် သုံးပေါက်စလုံး ဖွင့်ကာ တံခါးအောက်ခြေဘောင်ချိတ်များ ချိတ်ထောက်ထားသည်ကို အမှတ်ရနေသည်။

(လေတိုက်လို့ပဲ တံခါးရုန်းပြီးချိတ်ပြုတ်သွားတာလား)

ထိုအတွေးက မရေရာ. . သူ့ခုတင်ခြေရင်းနှင့်တည့်တည့်ရှိနေသော ပြတင်းပေါက်သာပိတ်သွားပြီး ဘေးကနှစ်ပေါက်တံခါးရွက်များ တုတ်တုတ်မျှပင်မလှုပ်ကြ။ လေလည်းငြိမ်နေသဖြင့် အခန်းထဲအိုက်လှောင်ကာ ချွေးစေးများပင်ထွက်နေသည်။

(ဒါနဲ့များ ပြတင်းပေါက်က)

ဖိုးအောင် ခေါင်းရင်းမှာချထားသော သုံးတောင့်ထိုးဓါတ်





မီးကိုလှမ်းယူကာ ပြတင်းပေါက်တွေဆီထိုးကြည့်သည်။ အောက်လင်းဓါတ်မီးထွန်းထားလိုက်ရကောင်းမလား။ လက်နှိပ်ဓါတ်မီးက မသေချာ။ ဟိုတစ်နေ့ မီးစက်ဂိုဒေါင်ထဲမှာလို ဖန်သီးကျွမ်းသွားလျှင် ဓါတ်မီးက ဒုတ်တိုတစ်ချောင်းသာဖြစ်သွားသဖြင့် ဖိုးအောင် အောက်လင်းဓါတ်မီးထွန်းရန် ခုတင်ပေါ်မှဆင်းလိုက်သည်။

ထိုအခိုက်မှာပင် တံခါးပေါက်နှစ်ပေါက်မှမှန်ပြတင်းများ ကြမ်းတမ်းစွာပိတ်ပစ်ကုန်တော့သည်။

"ဂျိုင်း. . . ဂျိုင်း. . ."

ဖိုးအောင် စိတ်ထဲချုပ်တည်းထားရလွန်း၍ မအောင့်နိုင်တော့ဘဲ ကြုံးအော်ပစ်လိုက်သည်။

"ဟား. . ခြောက်မနေနဲ့ကွာ. . သတ္တိရှိရင် ထွက်လာစမ်း . . တောက်. . ."

ဖိုးအောင်ထိုသို့အော်ဟစ်ကြုံးဝါးပြီး သိပ်မကြာ၊ သူ၏အခန်းတစ်ခန်းလုံး သိမ့်သိမ့်ခါလာပြီး မီးစက်အင်ဂျင်လည်ပတ်သံလို တဝေါဝေါမြည်လာ၍ အခန်းတံခါးဖွင့်ကာအပြင်ထွက်ကြည့်လိုက်သည်။

"အင်း အပေါ်ထပ်မှာတော့ မနှင်းတို့သားအမိတွေ အိပ်ကောင်းတုန်းဖြစ်မှာ"

အသံက ကျွန်းလှေခါးကြီး အောက်ခြေဘက်မှ ပေါ်ထွက်နေသဖြင့် ဖိုးအောင် ထိုနေရာသို့ ဓါတ်မီးနှင့်လှမ်းထိုးရင်း အပြေးရောက်သွားသည်။

သူ၏စိတ်ထဲထိတ်လန့်ချောက်ချားသလို ခံစားရသော်လည်း အခံရခက်အောင်ခြောက်လှန့်နေမှုကြောင့် ခံပြင်းဒေါသစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကပိုကာ ခန္ဓာကိုယ်ထဲပွက်ပွက်ဆူသောသွေးစီးသံကိုပင် ပြန်ကြားနေရသည်။

လှေခါးရင်းမှာ ကွန်ကရစ်ကြမ်းပြင်ဖြစ်နေ၍ အသံကို သေချာနားစွင့်ကာ အသံ၏ဆွဲခေါ်ရာနောက်သို့ သူ၏ခြေလှမ်းများ တရွေ့ရွေ့ချည်းနင်းပါသွားသည်။

သို့နှင့် လှေခါးမကြီး၏အောက်ဘက်ရောက်သွားသောအခါ သူရှာဖွေနေသောအသံများ၏ထွက်ပေါ်ရာနေရာကို တွေ့သွားလေတော့သည်။

တခြားမဟုတ် လှေခါးမကြီး၏အောက်ဘက် လှေခါးရင်းနှင့်ကပ်လျက် ကွန်ကရစ်ကြမ်းပြင်နေရာတွင် လေးပေပတ်လည်ခန့်ရှိမည်ဟုထင်ရသော သစ်သားအံဖုံးတစ်ခုကိုတွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။

သို့သော် အံဖုံးကိုသော့ခလောက်ကြီးတစ်ခုနှင့် ပိတ်ခတ်ထားသဖြင့် ဖိုးအောင်ဘာမှမလုပ်နိုင်ဘဲ ထိုနေရာနားကပ်ကာ အသံထွက်နေသောနေရာဆိုတာ သေချာအောင်ထိုင်၍ နားစွင့်ကြည့်ဖြစ်သည်။ သေချာသည်။ ထိုအခိုက်မှာပင် သူကြားနေရသော တဝေါဝေါဆူညံသံများနှင့်အတူ ယောကျ်ားတစ်ယောက် အံကြိတ်ပြီးပြောနေသော စကားသံသြသြဝါးဝါးကြီးကို ပီပီသသကြားလိုက်ရတော့၏။

"သူတို့ကိုဖမ်း. . သူတို့ကိုသတ်. . "

"သူတို့ကိုသတ်ပစ်. . သတ်ပစ်. . သတ်ပစ်. . သတ်. "

ဖိုးအောင်လန့်ကာ နောက်သို့ခုန်ဆုတ်မိ၍ အပေါ်လှေခါးခင်းနှင့်ခေါင်းဆောင့်ကာ ဖင်ထိုင်ကျသွားသည်။ သို့သော်. . ကွဲကွဲ





ပြပြဂရုမစိုက်နိုင်ဘဲ ထိုနေရာမှပြေးထွက်လာခဲ့သည်။

ထိုစဉ်အတွင်းမှာပင် အပေါ်ထပ်ဆီမှ စူးစူးဝါးဝါးအော်သံထွက်ပေါ်လာ၍ ဖိုးအောင် လှေခါးအတိုင်းတစ်ဟုန်ထိုးပြေးတက်ကာသွားသည်။

သူ လှေခါးထိပ်သို့ရောက်သွားချိန်မှာ အိပ်ခန်းအသီးသီးမှပြေးထွက်လာသော မနှင်းဖွေး၊ ရောဘတ်ထူးတို့နှင့်ဆုံမိကြလေသည်။

မနှင်းဖွေးက လှေခါးထိပ်တွင်ထွန်းငြိထားသော အောက်လင်းဓါတ်မီးကိုအလင်းမြှင့်တင်လိုက်ပြီး. . .

"အော်သံကြားတယ်ကိုဖိုးအောင်. . စန္ဒီလား. . ဟန်နီလားပဲ. . "

"ဟုတ်တယ် ကျွန်တော်လည်းကြားလို့တက်လာတာ"

ရောဘတ်ကပါ ကတုန်ကယင်နှင့်. . .

"ကျွန်တော်ကြားတာ. . အိမ်သာခန်းဘက်က"

"ဟုတ်လား. . အဲ့ဒီဘက်သွားကြည့်ရအောင်"

ထို့နောက် သုံးယောက်သား အိပ်ခန်းများရှေ့စင်္ကြံလမ်းအတိုင်း ရေချိုးခန်းနှင့်အိမ်သာခန်းတွဲထားရာ အခန်းဘက်သို့ပြေးကြသည်။ သို့သော် ထိုနေရာမရောက်ခင် စင်္ကြံလမ်းပေါ်မှောက်လဲကာ သတိလစ်နေသော ဟန်နီ့ကိုတွေ့လိုက်ရသဖြင့် ဖိုးအောင်ပွေ့ချီကာ အိပ်ခန်းဆီပြန်ခေါ်လာခဲ့ကြသည်။

ထိုအခိုက်မှာပင် ဟန်နီ သတိပြန်ရလာပြီး အတင်းရုန်းကန်ကာအော်ဟစ်လေသည်။

"ဟန်နီ. . ဟန်နီ. . သမီး သတိထား. . ဦးလေးလေ. . ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအောင်လေ. . ”

“မေမေ. . အား. . ကြောက်တယ်”

“သမီး. . မေမေရှိတယ်. . မကြောက်နဲ့၊ ကိုဖိုးအောင်. . သမီး. . ကျွန်မကိုပေး. . ”

မနှင်းဖွေး လက်လှဲယူကာ. . .

“သမီး. . သမီးဟန်နီ. . မေမေလေ. . မေမေ၊ သမီးကို မေမေဖက်ထားတယ်. . ”

“သမီးကြောက်တယ် မေမေ”

“မကြောက်နဲ့ မေမေရော၊ ဦးလေးရော၊ ကိုကြီးထူးပါ သမီးနားမှာရှိတယ်. . သမီးဘာဖြစ်လို့လဲ”

“သမီး. . သမီးအပေါ့သွားနေတုန်း နောက်. . နောက်ကနေ လက်မဲမဲကြီးတွေအများကြီးပဲ သမီးကိုလိုက်ဆွဲတာ အား. . ဟီး. . ဟီး. . သမီးကြောက်တယ်. . ဟီး. . ဟီး ကြောက်တယ်. . ”

မနှင်းဖွေးလှမ်းကြည့်လိုက်သော မျက်လုံးအဓိပ္ပါယ်အား ဖိုးအောင်နားမလည်နိုင်စရာမရှိသဖြင့် ပင့်သက်တစ်ချက်ရှိုက်သွင်းပြီး. . .

“မနှင်းဖွေး. . ဒီည ကလေးတွေနဲ့အိပ်လိုက်ပါ”

“ဟုတ်. . . ”

“အထူးရော ဦးလေးနဲ့လိုက်အိပ်မလား”

“ရတယ်. . ကျွန်တော့်ဘာသာအိပ်ချင်တယ်”

ထိုသို့ပြောပြီး ရောဘတ်ထူး သူ့အခန်းထဲသူပြန်ဝင်သွား၍ ဖိုးအောင် ဟန်နီတို့သားအမိကို အိပ်ခန်းဝအထိလိုက်ပို့ပေးလိုက်သည်။





“မီးဖွင့်ပြီးအိပ်တတ်ရင်အိပ်ပါ မနှင်းဖွေး၊ အကြောင်းရှိရင် အမှောင်ထဲမှာက ဘာမှလုပ်လို့မရဘူး”

“ဒီအတိုင်းဆို. . ကျွန်မတို့မီးစက်ကို ရအောင်ပြင်မှဖြစ်မယ် ကိုဖိုးအောင်. . . ”

ဖိုးအောင် အင်းဟုသာအင်းလိုက်နိုင်ပြီး အခန်းတံခါးကို အပြင်မှစေ့ပိတ်ထားပေးခဲ့ကာ လှေခါးအတိုင်းဆင်းလာခဲ့တော့၏။ သူ၏အိပ်ခန်းရှိရာ မြေညီထပ်ကိုဆင်းလာရင်း အသံဗလံများကို နားစွင့်ကြည့်မိသည်။ အိမ်ကြီးတစ်အိမ်လုံးအပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပါသည်။ ထိုအခါမှပင် ခေါင်းကအောင့်နာသောနေရာကို သတိထားမိပြီး လက်နှင့်စမ်း ကြည့်သည်။ ဖေးထန်းထန်းကြီးဖြစ်နေ၍ ဓါတ်မီးနှင့်ထိုးကြည့်မှ သွေးစမြင့်ကာ ခေါင်းပေါက်သွားမှန်းသိတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

မနက်ခင်းကော်ဖီသောက်ပြီးသည်နှင့် မီးစက်ကိစ္စအတွက်သာ မနှင်းဖွေးလောဆော်နေတော့သဖြင့် ဖိုးအောင်ခြံထဲဆင်းကာ မရန်းသီးနှင့်ခြံစောင့်ကြီးအား ကလေးတွေဂရုစိုက်ပေးဖို့သေချာမှာပြီး ကားထုတ်လာကာစောင့်နေလိုက်သည်။ ခဏကြာသော် မနှင်းဖွေးရောက်လာပြီး ရန်ကုန်ဖက်မောင်းနှင်လာခဲ့သည်။

"ကျွန်မ ဒီအိမ်ဝယ်တာမှားသွားပြီလား ကိုဖိုးအောင်"

"ဝယ်ဖို့ဆုံးဖြတ်တာတော့ မှားတယ်. . ဝယ်ပြီးသွားမှတော့ မမှားတော့ဘူး"

"ရှင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခုမှတော့ ကျွန်တော်နောက်ပြန်မလှည့်ချင်တော့ဘူး မနှင်းဖွေး. ."

"ကျွန်မလည်း နောင်တမရချင်ပါဘူး၊ ဒါပေမယ့် ကလေးတွေအတွက်စိုးရိမ်တယ်. ."

"ဖြစ်နိုင်ရင်တော့. . ဒီရက်တွေမှာ ကလေးတွေနဲ့အတူ အိပ်သင့်တယ်. . ရောဘတ်ထူးကတော့ မကြုံသေးလို့ သတ္တိကောင်းနေတုန်းပဲ. ."

"ညက ရှင်ပြန်ဆင်းသွားပြီးမှ စန္ဒီပြဿနာလုပ်လို့ ကျွန်မ ဒုက္ခရောက်သေးတယ်"

"ဟုတ်လား. . ဘာထူးခြားလဲ"

"ကျွန်မရင်ခွင်ထဲထားပြီးသိပ်တဲ့စန္ဒီကို တစ်ရေးနိုးမှ ပျောက်သွားလို့လိုက်ရှာတာ ဗီရိုထဲရောက်နေတယ်လေ. . ."

"ဟင်. . အိပ်မက်ယောင်ပြီး သွားအိပ်နေတာလား"

"မဟုတ်ဘူး. . အဲ့ဒီထဲဝင်ပြီး မစ်ကီနဲ့စကားထိုင်ပြောနေတာတဲ့"

"ဟော. . ဘယ်ကမစ်ကီလဲ"

ထို့နောက် မနှင်းဖွေးက ဟန်နီ့အခြေအနေအား အကျဉ်းချုံး၍ပြောပြလိုက်သဖြင့် ဖိုးအောင်အတော်စိုးရိမ်သွားကာ. .

"ဒီအတိုင်းဆို ကလေးတွေကို မျက်ခြည်မပြတ်စောင့်ကြည့်ပေးဖို့ အိမ်ဖော်တစ်ယောက်လောက်ထပ်ပြီး လိုအပ်မယ်ထင်တယ်၊ ဒေါ်အေးမေကတော့ အိမ်မှုကိစ္စတွေနဲ့ ဘယ်လိုမှကြည့်နိုင်မှာ မဟုတ်ဘူး. ."

"ကျွန်မလည်း အဲ့သလိုတွေးမိတယ်"





ဖိုးအောင်တို့ အိမ်ပြဿနာအား ပြောရင်းဆိုရင်းနှင့်ပင် ရန်ကုန်သို့ရောက်သွားသည်။ ရောက်ရောက်ချင်းပင် ပုစွန်တောင်ဖက်မောင်းကာ မီးစက်၊ အင်ဂျင် ကောင်းကောင်းပြင်နိုင်သော ကုလားဆိုင်ကိုဝင်၍ အလုပ်အပ်ကြသည်။

နောက်တစ်နေ့ သူတို့အလုပ်သမား သူတို့ကားနှင့်လာရောက်ပြင်ပေးပါမည်ဟု ကတိပေးသဖြင့် စရန်ငွေနှင့်လိပ်စာပေးကာ ပုစွန်တောင်မှပြန်ထွက်ပြီး ဂိုးဒင်းဘဲလီလမ်းရှိ မနှင်းဖွေးဖခင် အိမ်သို့ဝင်ကြသည်။ မနှင်းဖွေးကတော့ ကားထဲမှာစောင့်ကျန်ခဲ့ရန် မှာသဖြင့် ဖိုးအောင် ကားထဲထိုင်စောင့်ရင်း စီးကရက်တစ်လိပ် မီးညှိကာ ပျင်းပျင်းရှိတိုင်း ဖွာထုတ်နေတော့သည်။

နာရီဝက်နီးပါးခန့်ကြာမှ မနှင်းဖွေးအား သူမဖခင်ဦးအောင်မြိုင်က ကားရပ်ထားရာဆင်ဝင်အောက်အထိ လိုက်ပို့ပေးလေသည်။ ဦးအောင်မြိုင်က ဖိုးအောင်ကိုအကဲခတ်သလို တစ်ချက်လှမ်းကြည့်ပြီးမှ. .

"အေး. . အခုလို ကားနဲ့သွားနိုင်လာနိုင်ပြီဆိုတော့ အဖေစိတ်ချပါပြီကွယ်. . နို့. . မေးဖို့မေ့နေလိုက်တာ ခြေထောက်ကဒဏ်ရာရော. ."

"ပျောက်သလောက်ကိုဖြစ်နေပါပြီ ဖေဖေ. . ပတ်တီးတွေတောင် သမီးဘာသာပဲ ကတ်ကြေးနဲ့ညှပ်ခွာပစ်လိုက်တယ်"

"အင်း. . ငါ့သမီးကတော့ဇော်ပဲဟေ့၊ ကိုင်း. . သွား. သွား ငါ့မြေးလေးတွေဂရုစိုက်ပေးပါ သမီးရယ်. ."

"စိတ်ချပါ. . သွားပြီနော်. ."

"အေး. . ကောင်းပြီ. . ကောင်းပြီ သမီးနဲ့မြေးတွေကျန်း



www.burmeseclassic.com

www.burmeseclassic.com



မာချမ်းသာကြပါစေ. ."

ဖိုးအောင်ကားကို ခြံထဲကမောင်းထွက်လာပြီးမှ စချင်နောက်ချင်သောလေသံမျိုးနှင့်. . .

"ဩော်. . အချက်မသိတော့ သမက် ဒရိုင်ဘာထင်တဲ့"

"ဟော့လူကြီးနော်. ."

"ဘာတုန်း. . အဟဲဟဲဟဲ. . ကဲအမိ တစ်ခါတည်းပြန်မလား ဘာအစီအစဉ်ရှိသေးလဲ. ."

"ရှိတာပေါ့. . ကြေးနန်းရုံးဝင်ပြီး ဖုန်းလိုင်းသွယ်ပေးဖို့ကိစ္စဝင်ပြောရမယ်. .၊ ပြီးရင် ပဲခူးကလပ်နားက ရောင်းဖို့ရှိနေတဲ့ အိမ်တစ်အိမ်ကိုဝင်ကြည့်ရမယ်၊ အဲ့ဒီကအပြန် ဈေးဝင်ပြီး ဝက်ပေါင်ခြောက်နဲ့ အမဲသားသုံးပေါင်လောက်ဝယ်သွားမယ်၊ ပြီးရင် နေ့လယ်စာ တရုတ်တန်းမှာစားမယ်. . ပြန်မယ်"

"ကောင်းပြီဗျာ. . . အစီအစဉ် နံပါတ်တစ်အရ. . . ကြေးနန်းရုံးကို ဦးတည်လိုက်ပါပြီ. ."

ထို့နောက် သူမအစီအစဉ်အတိုင်း တစ်ခုပြီးတစ်ခုဆက်တိုက်ဆောင်ရွက်ကာ နေ့လည်စာ(၂)နာရီမှစားနိုင်သဖြင့် အိမ်သို့ ညနေစောင်းမှပင် ပြန်ရောက်ကြတော့သည်။

သူတို့ကားလေးမောင်းဝင်လာတာမြင်သည်နှင့် ရောဘတ်ထူးနှင့်စန္ဒီတို့ မျက်စိမျက်နှာပျက်ကာပြေးထွက်လာကြ၍ ပြဿနာပေါ်ပြီဟု နားလည်လိုက်ကြကာ ကားရပ်၍ကားထဲမှအလျင်စလိုထွက်ကြသည်။

"မေမေ. . ညီမလေးပျောက်နေလို့"

"ဟင်. . ဘယ်အချိန်ကတည်းကပျောက်နေတာလဲ"





ထိုအခါ ရောဘတ်ထူးက. .

"နေ့ခင်းက ထမင်းစားဖို့ကျွန်တော်အိမ်ပေါ်တက်ခေါ်တော့ မရှိတော့ဘူး. ."

"ဟဲ့. . အဲ့ဒါမရှာကြဘူးလား"

"အိမ်ပေါ်မှာနဲ့နေပြီ ကျွန်တော် ဟိုးကအိမ်အပေါ်ဆုံးအထိရှာတာ မရှိဘူး. .၊ ဦးမရန်းသီးတို့ တောထဲလိုက်ရှာနေကြတယ်"

"ဒုက္ခပါပဲကိုဖိုးအောင်ရေ. . လုပ်ပါဦး"

"စဉ်းစားစရာပဲမနှင်းဖွေး. . အငယ်မက ကျွန်တော်သတိထားမိသလောက် ရောက်ကတည်းက အိမ်ပြင်ထွက်ဆော့တာမတွေ့ဘူး"

"ဟဲ့. . ဟဲ့. . နင်တို့ နံရံကပ်ဗီရိုရောဖွင့်ကြည့်သေးလား"

"သမီးကြည့်တယ်မေမေ. . သူ အဲ့ဒီထဲဝင်ဆော့တတ်လို့ သမီးဖွင့်ရှာတာ. . မရှိဘူး"

တစ်လမ်းလုံးရွှင်မြူးလာသော မနှင်းဖွေး၏မျက်နှာမှာ သမီးဇောနှင့် ရုတ်ခြည်းဆိုသလို ဖြူရော်ရော်ဖြစ်ကာ မျက်ရည်များပါဝဲလာ၍ ဖိုးအောင်က. . .

"ဘာမှမဖြစ်နိုင်ပါဘူး. . မနှင်းဖွေး အရမ်းမစိုးရိမ်ပါနဲ့"

ထိုအခိုက် အိမ်ကြီး၏အနောက်ဘက်ဆီမှ ဘော်ဘီ၏ ဝူးဝူးဝါးဝါးဟောင်သံကြောင့် ဖိုးအောင် ထိုနေရာသို့သွားကြည့်ရန် တဟုန်ထိုးပြေးထွက်သွားသဖြင့် မနှင်းဖွေးတို့သားအမိတွေပါ ပြေးလိုက်လာခဲ့ကြလေသည်။

ဖိုးအောင်တို့ အိမ်ကြီး၏ဘေးဘက်သို့အရောက် အိမ်နောက်ဘက်မှပတ်၍ပြေးထွက်လာသော ဒေါ်အေးမေနှင့်သူကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒေါ်အေးမေက မောကြီးပန်းကြီးအသံနှင့် မီးစက်ဂိုဒေါင် ဆီလက်ညှိုးထိုးပြရင်း. .

"စန္ဒီ. . စန္ဒီလေးအသံ အဲ့ဒီအထဲကကြားတယ်. . ကျွန်. . ကျွန်မသွားချောင်းကြည့်တာ အထဲကဘာသံကြီးမှန်းမသိလို့ ထွက် . . ထွက်ပြေးလာတာ. . "

"နေဦး. . စက်ခန်းသော့သွားယူရမယ်"

"သော့. . သော့က အဲ့ဒီမှာတန်းလန်းကြီး"

"ဟင်. . ဘယ်သူယူဖွင့်တာလဲ"

ဖိုးအောင်မေးရင် မျက်လုံးအကြည့်တွေ ရောဘတ်ထူးတို့ ဖက်ရောက်သွား၍ ရောဘတ်ထူးက ပြာပြာသလဲခေါင်းခါပြသည်။ ဟန်နီကလည်းငြင်းလေသည်။

"သမီးမဖွင့်ဘူးဦးလေး"

ထို့နောက် ဖိုးအောင် မီးစက်ဂိုဒေါင်ဆီအပြေးရောက်သွားကာ သော့တန်းလန်းဖြစ်နေသော ဂိုဒေါင်တံခါးနှစ်ချပ်ကိုဆွဲကာ ဖွင့်ချပစ်လိုက်သည်။

"ဟာ. . ဟိုမှာစန္ဒီ. . "

အားလုံး ဂိုဒေါင်အဝဆီရောက်လာပြီးကြည့်လိုက်တော့ စန္ဒီကို မီးစက်အင်ဂျင်ကြီးပေါ်တွင် ဘိုမရုပ်ကလေးပိုက်လျက် ထိုင်နေတာကိုတွေ့လိုက်ကြရလေ၏။

"စန္ဒီ. . စန္ဒီရေ. . သမီးလေး. . "

"စန္ဒီရေ. . စန္ဒီ"

ဖိုးအောင်ရော မနှင်းဖွေးပါ ရေငတ်သလိုအော်ခေါ်ပြီး အနားရောက်သွားသည့်တိုင် အရုပ်တစ်ရုပ်လိုငြိမ်ကာ တစ်နေရာ





ထဲကိုစူးစိုက်ကြည့်နေ၍ ဖိုးအောင် ကလေးကိုလှမ်းယူပွေ့ချီထား လိုက်သည်။

"ဘုရားရေ. . တစ်ကိုယ်လုံးအေးစက်နေတာပါလား"

"အို. . ဟုတ်ပါရဲ့. . သမီး. . သမီး စန္ဒီ. . "

မနှင်းဖွေးခေါ်ရင်း မေးစပ်မှကိုင်ကာလှုပ်မှ မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်ဖြစ်လာပြီး. .

"ဟော. . မေမေပြန်လာပြီ. . မေမေ သမီးအတွက် ချော ကလက်မုန့်ပါလားဟင်"

ဒီတော့မှပင် မနှင်းဖွေးစိတ်လျှော့လိုက်၍ ပျော့ခွေသွား သလိုမျိုး ခြေပစ်လက်ပစ်ထိုင်ကာကျသွားတော့သည်။

ဖိုးအောင်က. . .

"အထူး. . ဂိုဒေါင်ကိုသော့ခတ်ပြီး သော့ကိုဦးလေးဆီလာ ပေး. . "

ရောဘတ်ထူးဂိုဒေါင်တံခါးသွားပိတ်သဖြင့် ဖိုးအောင် စိတ် မချနိုင်သလိုလှမ်းကြည့်နေမိသည်။ ထို့နောက် ရောဘတ်ထူးသော့ ခတ်ပြီး သော့တံသူ့ထံလာပေးမှ သက်ပြင်းချကာ. .

"ကဲ. . ဧည့်ခန်းထဲသွားရအောင်. . ဒေါ်အေးမေရေ မနှင်း ဖွေးကိုတွဲပါဦး အထူး မင်းအမေကိုဝင်တွဲဦး. . "

သို့နှင့် ဧည့်ခန်းထဲသို့ရောက်ကြပြီး ကလေးလည်းပြန်တွေ့ ပြီဖြစ်ကာ စိတ်မောလူမောနှင့် ထိုင်နေကြစဉ် မရန်းသီးတို့ပြန် ရောက်လာကြကာ မနှင်းဖွေးရင်ခွင်ထဲ စန္ဒီကိုတွေ့မှ သူတို့လည်း သက်မမောတွေနှင့်ထိုင်ကုန်ကြတော့သည်။

ခဏကြာမှ ဖိုးအောင်က ကားထဲကပစ္စည်းတွေကို မရန်း



www.burmeseclassic.com

www.burmeseclassic.com



သီးအားသွားယူခိုင်းလိုက်ပြီး စန္ဒီကို ချော့ကလက်တစ်တောင့်ပေး
ကာ. . .

"ဦးလေးမေးတာဖြေပါဦး သမီးရယ်. . သမီးကို အဲ့ဒီနေရာဘယ်သူခေါ်သွားတာလဲ. ."

"မစ်ကီခေါ်သွားတာ. ."

"ဟုတ်ပြီ. . သော့ကရော ဘယ်သူဖွင့်တာလဲ"

"မစ်ကီကပြောတယ် သူ့မမက ဂိုဒေါင်ဖွင့်ထားတယ်တဲ့ အဲ့ဒီထဲမှာသွားကစားကြမယ်ဆိုလို့ သမီးလိုက်သွားတာ"

"အို. . သမီးလေးရယ်"

မနှင်းဖွေး ငိုသံပါကြီးနှင့်မြည်တပြီး ကလေးကိုတင်းကြပ်စွာပွေ့ဖက်ထားလိုက်သည်။ ထိုအခိုက်မှာပင် ဒေါ်အေးမေက. .

"မမလေးကို ကျွန်မ ခွင့်တောင်းပါရစေ. ."

"အင်း. . ပြောပါ ဒေါ်အေးမေ. ."

"ကျွန်. . ကျွန်မ ဒီအိမ်ကြီးမှာ အလုပ်မလုပ်ရဲတော့လို့ မနက်ဖြန်အလုပ်ထွက်. . ထွက်ခွင့်ပေးပါ. ."

"အို. . ဒေါ်အေးမေရယ်. . ဒီတစ်လလောက်တော့ နေသွားပေးပါ ကျွန်မ လစာတိုးပေးပါ့မယ်. ."

"ဟီး. . အီး. . အစ်. . မမလေးတိုးပေးတဲ့လစာကို ကျွန်မ မစားရခင် လိပ်ပြာလွင့်ပြီးသေသွားလိမ့်မယ် ဟီး. . . ရှုတ်. ."

ထိုအခါ ဟန်နီက. .

"မေမေ သမီးတို့ အရင်အိမ်မှာပဲပြန်နေကြရအောင်နော်"

"ဟုတ်တယ် ဒေါ်နှင်း ကျွန်တော်လည်း ပထမတော့ ဒီအိမ်ကိုကြိုက်တယ်၊ အော်ဒီတို့ ဂျိဘီတို့အိမ်တွေထက်သာသွားပြီ





ဆိုပြီးတော့ပေ့ါ၊ အခု မကြိုက်တော့ဘူး ကျွန်တော့်ကို ညတိုင်းကလိလာလာထိုးနေတယ်. . အိပ်လို့မရဘူး"

ရောဘတ်ထူးစကားပြတ်သွားသည်နှင့် မရန်းသီးကပါဝင်ပြောလာပါသည်။

"ဟုတ်တယ်မမလေး. . မရန်းသီးအလုပ်ပြုတ်မှာ ကြောက်လို့မပြောရဲတာ၊ ည. . ည. . နော် မရန်းသီးတို့ခြေရင်းက မီးစက်ဂိုဒေါင်မှာ အရမ်းငိုတာပဲ အခုနော်. . မရန်းသီးနဲ့ ဒလဝမ်ကြီးတို့ တစ်ခန်းတည်းနေပြီး တစ်ညလုံးဖက်အိပ်တာ. . မိုးချုပ်လေ ဒုက္ခရောက်လေပဲ မမလေး. . တကယ်ပြောတာ. ."

ဖိုးအောင်နှင့် မနှင်းဖွေးတို့ တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ကြခိုက်. . မနှင်းဖွေးရင်ခွင်ထဲငြိမ်နေသော စန္ဒီက. . .

"သမီးဒီမှာပဲနေချင်တယ် မေမေ၊ မစ်ကီနဲ့ကစားရတာပျော်တယ်"

"အို. . သမီးလေး. . မစ်ကီဆိုတာ တကယ်မရှိဘူးလေ"

"ရှိတယ်မေမေ. . သူက သမီးနားမှာပဲအမြဲနေတာ"

"ကဲ. . ကလေးနဲ့ပြိုင်ငြင်းမနေပါနဲ့တော့မနှင်းဖွေး၊ ဒီကိစ္စကို ထုံးတမ်းစဉ်လာအတိုင်းစီစဉ်လိုက်ကြတာ ပိုကောင်းမယ်၊ ကျွန်တော်တို့အားလုံး ဗုဒ္ဓဘာသာတွေပဲဗျာ၊ ဆရာတော်ကြီးတွေ ပင့်ဖိတ်ပြီး အိမ်တက်ဆွမ်းကပ်ရင်း၊ ပရိတ်တရားနာလိုက်ရင်. ."

"ဝုန်း. . ဒုံး. . ဝေါ. . ဖရော"

ဖိုးအောင်စကားမဆုံးခင် အပေါ်ထပ်ဆီမှ တစ်ယောက်ယောက်အမြင့်မှခုန်ချလိုက်သလိုမျိုး တစ်ခုခုပြုတ်ကျသျှောတိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားသလိုမျိုးအသံကြီးကြောင့် အားလုံးထိပ်ပြာသွားကာ လှေခါးဆီသို့ကြောက်လန့်တကြားလှည့်ကြည့်ကြသည်။

ထိုစဉ် မနှင်းဖွေးရင်ခွင်ထဲမှစန္ဒီမှာ မျက်ဖြူလန်တတ်သွားပြီး အသံသြသြကြီးဖြင့်. . .

"နင်တို့အားလုံး ဒုက္ခရောက်သွားချင်လို့လား၊ ဒီအိမ်မှာ ဘုန်းကြီးတွေ ခေါ်ပြီး ပရိတ်မရွတ်ပါနဲ့"

ပြောပြီး ဟန်နီပြန်ငြိမ်ကျသွားသည်။

ထို့အခိုက် ခြံစောင့်ဦးကြီးက. .

"အဲ့ဒီကိစ္စဆက်မပြောနဲ့တော့ မောင်ဖိုးအောင် သူတို့မကြိုက်ဘူး၊ လက်မခံဘူးဆိုတာကိုပြတာပဲ၊ ငါထင်တယ်. . ငါကြုံဖူးသမျှတော့ ဒီအိမ်ကြီး အရမ်းဆိုးတယ်ကွာ. ."

ဖိုးအောင် အံကိုတင်းတင်းကြိတ်လိုက်ပြီး၊

"ကျွန်တော်သိသလောက်တော့ လောကမှာအဆိုးသွမ်းဆုံးဟာ လူပဲဗျ၊ လူထက်ပိုပြီးဆိုးတာ ဘာမှမရှိဘူး၊ ဒီနေ့ကစပြီး ဒီကောင်တွေထက် ကျုပ်ကဘယ်လောက်ပိုဆိုးတယ်ဆိုတာ ပြပေးရမယ်၊ အားလုံး ဒီရက်ပိုင်းတော့ သည်းခံပြီးနေပေးကြပါ၊ ဒီကောင်တွေကို ကျုပ်ရင်ဆိုင်မယ်. ."

"ဖြစ်ပါ့မလား ကိုဖိုးအောင်. . အန္တရာယ်ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်မတို့. . ."

"မလိုဘူးမနှင်းဖွေး. . ကျွန်တော်ရှင်းမယ်၊ တစ်ခုပဲ တောင်းဆိုချင်တယ် တချို့အဆောက်အဦးနေရာတွေ ပျက်စီးသွားတာမျိုးရှိရင်သာ နားလည်ပေးပါ"

"အဲ့ဒါက ပြဿနာမရှိပါဘူး၊ အခု မိုးချုပ်ပြီ ကျွန်မတို့ ဘယ်





လိုအိပ်ကြမလဲ"

"ဒေါ်အေးမေကို မနှင်းဖွေးနဲ့အတူခေါ်သိပ်ပါ၊ ဦးကြီးနဲ့မရန်းသီးလည်း ကျွန်တော့်အခန်းမှာလာပေါင်းအိပ်ပါ အတူ မင်းလည်း. ."

"ကျွန်တော် အပေါ်မှာပဲအိပ်မယ်. . ဒေါ်နှင်းတို့က မိန်းမသားချည်းပဲဆိုတော့ ကျွန်တော်ရှိမှဖြစ်မယ်"

သူမွေးထားသော ခွေးလေးတစ်ကောင်လောက်ပဲ အသက်ရှိတယ်ထင်သော ရောဘတ်ထူးထံမှ ထိုသို့စကားမျိုးထွက်ပေါ်လာ၍ မနှင်းဖွေးရင်ထဲအတော်ပင်ပီတိဖြစ်သွားသည်။

စန္ဒီလေးထထွက်သွားပြီး ရောဘတ်ထူးဘေးမှာဝင်ထိုင်ကာ လက်ခြင်းဆုပ်ထားလေသည်။ ရောဘတ်ထူးက စန္ဒီ့ခေါင်းကို ပုတ်ဖွလျက် လေသံနှင့်. . .

"ဘာမှမကြောက်နဲ့ ကိုထူးတစ်ယောက်လုံးရှိတယ် ကြားလား"

"အင်း. ."

မနှင်းဖွေးစိတ်ထဲမှာတော့ တစ္ဆေသရဲခြောက်မှုပဲ မောင်နှမတွေ စည်းစည်းလုံးလုံးဖြစ်သွားတော့တယ် ဟုတွေးကာ စိတ်ဒုက္ခတစ်လှေကြီးထဲက စိတ်ချမ်းသာစရာ ရွက်တစ်တိုင်စာလေးတွေ့ရှိလိုက်ခြင်းဖြစ်လေသည်။

ထိုညအဖို့ အိမ်သားအားလုံး တစည်းတလုံးတည်းဖြစ်ကာ ထမင်းအတူတူစားကြသည်။ ထမင်းစားပြီးဧည့်ခန်းမှာ ခဏတဖြုတ်ထိုင်စကားပြောကြကာ အိပ်ရာဝင်ကြလေတော့သည်။

ဖိုးအောင် အိပ်လို့မရသဖြင့် စာကြည့်ခန်းထဲဝင်ကာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးနှင့်အတူကျန်ရှိနေသေးသည့် စာအုပ်ဟောင်း လေးငါးခြောက်အုပ်ထဲမှ ကောင်းနိုးရာရာစာအုပ်တစ်အုပ်ရှာဖွေပြီး အောက်လင်းဓါတ်မီး လေထပ်ဖြည့်၍ မီးရောင်မြှင့်ကာဖတ်လေသည်။

စာအုပ်မှာ လက်တင်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ပြန်ဆိုထားပြီး စာအုပ်နာမည်ကို 'ထာဝရရှင်သန်ခြင်း' ဟုအမည်ပေးထားသည်။ ဘာသာပြန်ဆိုသူမှာ စတိမ်းဝဲလ်ဖြစ်၍ သူဖတ်ဖူးသော စာရေးဆရာများထဲကလားဟု တစ်ချက်တွေးကြည့်သည်။ အတွေးမပေါ်သဖြင့် သိပ်ပြီးစိတ်မဝင်စားသလို ဟိုဒီလှန်လောကြည့်လိုက်သည်။ ထိုသို့မြည်းစမ်းဖတ်ရင်းက စိတ်ဝင်စားလာကာ သဲကြီးမဲကြီးဖတ်ဖြစ်လေတော့၏။

အကြောင်းအရာကား အလွန်ရှေးကျသော လူမျိုးစုတစ်စု၏ လူသားယဉ်ကျေးမှုစတင်တူးဖော်ရာမှ တွေ့ရှိလာသော အယူဝါဒဆိုင်ရာထင်မြင်ယူဆချက်များဖြစ်သည်။

များစွာသောအယူအဆများအား စာမျက်နှာငါးဆယ်ခန့်ဖော်ပြပြီးနောက် ထိုလူမျိုးစုထဲမှ ပညာဉာဏ်အကြီးဆုံး 'မာယု'၏ ထာဝရအသက်ရှင်နေထိုင်ခြင်းသြဝါဒကို အကျယ်တဝင့်ဖော်ပြထားသည်။

လူသည် ဓါတ်ကြီးလေးပါးနှင့်ဖွဲ့စည်းထားသည့်အနက် ရေဓါတ်သည် လူ၏အသက်ရှင်မှုကို များစွာအထောက်အပံ့ပြုသော ဓါတ်ဖြစ်သည်။ ထိုယူဆချက်အား အခိုင်အမာ အထောက်အပံ့ပြုရန်အလို့ငှာ လူဆယ်ယောက်ကို အသားကျွေးလျက် ရေမသောက်စေဘဲထားရှိပြီး၊ အခြားလူဆယ်ယောက်အား ရေတစ်မျိုးတည်းသာလျှင်တိုက်ကျွေး၍ထားရှိစမ်းသပ်ကြည့်ကြသည်။





အသားသာလျှင်စားနေရသော လူဆယ်ယောက်မှာ ငါးရက်မြောက်သောအခါ တစ်ယောက်မကျန်သေဆုံးကုန်ကြပြီး ရေသောက်ရသောလူများမှာ ရက်ပေါင်းနှစ်ဆယ်ခန့်အသက်ရှင်နေကြလျက် တစ်ချို့ တစ်လခန့်နေထိုင်သွားကြသည်။

ထို့ကြောင့် မာယုသည် အသက်၏အထောက်အပံ့ဖြစ်သော ရေဓါတ်ကို ဆက်လက်လေ့လာရာ လူနှစ်ဆယ်ခန့်ထပ်မံစတေးပြီးနောက် လူ၏ခန္ဓာကိုယ်ထဲလှည့်လည်စီးဆင်းလေ့ရှိသော အနီရောင်အဆင်းရှိသွေးသည်သာ အသက်၏အထောက်အပံ့အစစ်ဖြစ်ကြောင်း တွေ့ရှိလေတော့သည်။

ထိုအချိန်မှစ၍ မာယုအတွေးဖြစ်သည်မှာ သူသည် လူသားအပေါင်းတို့၏ကံကြမ္မာကို ဖတ်ရှုနိုင်သူဖြစ်သည်။ လောက၏မာယာကို လျှို့ဝှက်စွာနားလည်သဘောပေါက်သော ကဝိမဟော်ဖြစ်သည်။ ယုတ်စွအဆုံး အစာအတွက် ရေနှင့်အသားရရှိရေးကိုမြော်မြင်တွေးဆပေးနိုင်သူဖြစ်သည်။

ထို့ကြောင့် လူသားတို့၏ဘဝရပ်တည်မှုအတွက် ဘယ်သူတွေ သေလွန်သော်မှ သူကားသေခွင့်မရှိ၊ လူသားတို့အတွက် သူ့အသက်ထာဝရရှင်သန်နေရမည်။ ဤကား မြေနတ်၊ မိုးနတ်၊ ထာဝရတန်ခိုးရှင်နတ်မင်းကြီးတို့၏ အလိုဆန္ဒပင်ဖြစ်ရမည်။

(အို. . လောကဖန်တီးရှင်နတ်မင်းကြီးများ ကျွန်ုပ်ကို ထာဝရအသက်ရှင်ရန်စောင့်ရှောက်ပါလေ့. . )

ထို့နောက် မာယုသည် သူ၏အယူအဆအတိုင်း အသက်ရှင်ရပ်တည်ရေးအတွက် လူ၏သွေးအား အာဟာရအဖြစ် နေ့စဉ်သုံးဆောင်လေတော့သည်။ သွေးတို့ကိုသုံးဆောင်ရာ၌ လည်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



၍ ပန်းထွက်လာသောသွေးကိုသာလျှင် သုံးလေသည်။

သာမန်စိမ့်ထွက်လာသောသွေးအရည်ကြည်ထက်၊ ခုန်ပျံ ပန်းထွက်လာသောသွေးတို့က စွမ်းအားအမြင့်ဆုံးဟူသတတ်။ ဤသို့ အသက်ရှည်အောင်နေထိုင်ဖို့ လူသားတို့အား တစ်နေ့တစ်ယောက် သတ်ဖြတ်သောက်သုံးရင်း သူ၏အတွေးအခေါ် အယူအဆများအား ဆက်လက်စူးစမ်းရှာဖွေလာခဲ့သည်။

တစ်ညသော် မာယုတစ်ယောက်ထဲ ကျောက်တုံးကြီးပေါ် ထိုင်၍ တွေးတောဆင်ခြင်နေခိုက် သူ တစ်နေ့တစ်ယောက်သတ် ဖြတ်ခဲ့သောသူများကို အစုအဝေးဖြင့် သူ၏ရှေ့မှောက်၌ရောက်ရှိ နေကြောင်းကို မြင်တွေ့ရတော့သည်။

သေဆုံးသွားသောထိုသူတို့မှာ မသေဆုံးဘဲရှိနေကြောင်း တွေ့ရသဖြင့် ထိုသူတို့အားခေါ် ယူတွေ့ဆုံလေသည်။ အံ့ဖွယ်ကောင်း ပေစွ၊ အကောင်အထည်ကိုမြင်ရပြီး ထိတွေ့ကိုင်တွယ်လို့မရ၊ အသံ ကိုကြားရပြီး ဘယ်နေရာကထွက်လာသည်ကို မသိ၊ လူတို့မောပန်း စွာ တွယ်တက်ရသောကျောက်တောင်ကြီးများပေါ် သို့ ထိုသူတို့ အေးဆေးစွာ သွားရောက်နိုင်ကြသည်။

ဤတွင် မာယုသည် အောင်ပြီဟု ကြွေးကြော်လေတော့ ၏။ သူ နှစ်ပေါင်းများစွာရှာဖွေခဲ့ရသော ထာဝရရှင်သန်ခြင်းကို တွေ့ရှိပြီဟု ဝမ်းသာအားရကြွေးကြော်၏။ နတ်ဘုရားတို့၏သွန်သင် ပြသမှုဟုလည်း ယုံကြည်၏။ ထို့နောက် မာယုသည် သူ၏အသက် အထောက်အပံ့အတွက် နောက်ဆုံးသွေးတစ်ခွက်ကို အားပါးတရ သောက်သုံးပြီး သူ၏လည်တိုင်အား သူကိုယ်တိုင်လှီးဖြတ်ကာ ဝေါက်ဝေါက်ဖြာထွာလာသော သွေးတို့ဖြင့် နတ်ဘုရားတို့ကိုပူဇော်





ရင်း ထာဝရရှင်သန်းခြင်းဘဝသို့ ပျော်ရွှင်စွာကူးပြောင်းသွားခဲ့ လေတော့၏။

မာယုကား ယခုတိုင်အသက်ရှင်လျက်နေသူတည်း။ ယခု တိုင် လူသားတို့ဘဝကို ဝိညာဉ်တော်မှနေ၍ အဆုံးအမပြုနေဆဲ တည်း။ သင်တို့အားလုံး မာယု၏ဝိညာဉ်တော်ကိုဖက်တွယ်ကြလော့။

ဖိုးအောင် စာအုပ်ကို စိတ်ဝင်တစားဖတ်ပြီးမှ စိတ်ရှိလက် ရှိကိုင်ပေါက်ပစ်လိုက်စဉ် ကျားဟိန်းသံကြီးကဲ့သို့ မြည်ဟိန်းသံကြီး ဝေါင်းခနဲကြားလိုက်ရကာ လေမတိုက်၊ မိုးမရွာဘဲ လျှပ်စီးများဝင်း ဝင်းတောက်၍ အခန်းတံခါးရွက်များ တဝုန်းဝုန်းရုန်းထ ဖွင့်ပိတ် ကုန်ကြတော့သည်။

ရုတ်တရက်မို့ ဖိုးအောင် ကြက်သေသေကာ ထိပ်ပြာတုန် လှုပ်သွားပြီး ထို့နောက်မှ အသိအာရုံကို အံကြိတ်စုစည်းလျက် စာကြည့်ခန်းထဲမှပြေးထွက်လာခဲ့သည်။

နှုတ်မှလည်း အိမ်မက်ယောင်သူပမာ တတွတ်တွတ်မြည် တမ်းလာလေသည်။

“အရူးတွေ. . ဒီအရူးစာအုပ်ကို ဘယ်အရူးက တရိုတသေ သိမ်းခဲ့မှန်းမသိကျန်နေတာ”

ဖိုးအောင် ဒေါသတကြီးနှင့် အိတ်တစ်လုံးရှာပြီး စာကြည့် ခန်းသို့တစ်ခေါက်ပြန်ဝင်ကာ စာအုပ်စင်မှစာအုပ်များနှင့် သူကိုင် ပေါက်ပစ်လိုက်သောစာအုပ်ကိုပြန်ကောက်၍ အိတ်ထဲထည့်လိုက် ၏။ ထိုအခိုက်မှာပင် စာအုပ်ကြားမှထွက်ကျသွားဟန်ရှိသော ဓါတ်ပုံတစ်ပုံကိုတွေ့လိုက်ရ၍ ကောက်ယူကာကြည့်၏။

ဓါတ်ပုံမှာ ပို့စကတ်ဆိုဒ်ဖြစ်ပြီး မျက်နှာဖြူမိသားစုဓာတ်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ကူးထားသောပုံဖြစ်သည်။ သူကြည့်နေရင်းက ဓါတ်ပုံထဲမှမိသားစုဝင်များ ရယ်လိုက်ပြုံးလိုက်ဖြစ်လာပြီး၊ ထို့နောက် မဲ့ရွဲ့လာကာ သွားစွယ်ဖွေးဖွေးနှင့်မာန်ဖီနေသော ခွေးဆိုးကြီးများသဖွယ် သူ့အားထွက်၍ ကိုက်ဖဲ့တော့မည်အလား ခြောက်လှန့်နေကြ၍ ဖိုးအောင်ဓါတ်ပုံကိုပစ်ချကာ ဖနောင့်နှင့်လှိမ့်ပေါက်ပစ်တော့၏။

"သေစမ်း. . သေစမ်း. . ခွေးမသားတွေ. ."

ထို့နောက် စာအုပ်အထုပ်ကိုထမ်းကာ အိမ်ကြီးအပြင်သို့ ထွက်လာလေသည်။ သိပ်သည်းလှသောအမှောင်ထုထဲ ကြယ်ရောင်နှင့် ရေးရေးလေးမြင်နေရသည့် ထင်းခွဲခြမ်းလှန်းသော မြေကွက်တလင်းပြင်ဆီလျှောက်သွားသည်။ ထို့နောက် စာအုပ်အထုပ်ကြီးကို သွန်ချကာ မီးရှို့ပစ်တော့၏။

"ဟူး. . ဟူး. . ဟော. . ဟော. . ဝေါ. . ဖရော. ."

(ဘာသံတွေလဲဟ. . )

မီးတောက်မီးလျှံများမြင့်တက်လာသည်နှင့်အမျှ ဟူးဟူးဟောဟောမြည်သံကြီးမှာ ပို၍ကျယ်လောင်လာသဖြင့် ဖိုးအောင် သွေးများဆူလာပြီး သစ်မြစ်ဆုံပေါ် စိုက်ပေါက်ထားသည့် ပုဆိန်ကြီးအား ဆွဲကာနုတ်ယူထားလိုက်သည်။

"လာစမ်း. . မကောင်းဆိုးဝါးတွေ မင်းတို့ကို ဒီည ပုဆိန်စာကျွေးပစ်မယ်"

ထိုစဉ် အိမ်ကြီးဆီမှဟောင်သံပေးပြီး ပြေးထွက်လာသော ဘော်ဘီကို သူလှမ်းမြင်လိုက်ရပြီး သိပ်မကြာခင်၊ ခွေးပုမျိုးလေး ဘော်ဘီမှာ တစ်မဟုတ်ချင်းခါးစောင်းခန့်ကြီးမြင့်လာပြီး သူ့အား ကျားတစ်ကောင်လိုခုန်အုပ်တော့သဖြင့် ဖိုးအောင် ကိုယ်ကိုနောက်





လှန်ချ၍ ပုဆိန်နှင့်ဖြတ်ပိုင်းချပစ်လိုက်သည်။

"ဂိန်. . ဂဲ. . ဝေါင်း. . ဝေါင်း. . "

"ဟာ. ."

သူခုတ်ပိုင်းလိုက်သောပုဆိန်ချက်ကြောင့် ခွေးဝမ်းဗိုက်ပိုင်းပွင့်ထွက်သွားပြီး အူခွေများထွက်ကျလာသည့်တိုင် ခွေးက လဲကျမသွား။ ခါးအနည်းငယ်ညွတ်သွားသည်မှအပ သူ့အား တကျော့ပြန်ခဲရန်မာန်ဖီကာ ချောင်းမြောင်းနေသေးသဖြင့် ဖိုးအောင် လူးလဲထကာ ရင်ဆိုင်လိုက်သည်။ သူ၏မျက်နှာနှင့် ခန္ဓာကိုယ် အနှံ့တွင် ခွေး၏သွေးများစင်ထားကာ ညှီဟောက်နေလေသည်။

"ဝေါင်း. . ."

ထိုအခိုက်မှာပင် ခွေးကြီးသည် သူ၏မျက်နှာဆီ ထိုးဟပ်တော့၍ ဖိုးအောင်နောက်ဆုတ်ရှောင်တိမ်းရင်း ပုဆိန်ဖြင့် ခုတ်ထစ်ပစ်သည်။

"ဝေါင်း. . . ဂဲ. ."

"ရော့. . သေစမ်း. ."

"ဝေါင်း. ."

"ကဲကွာ. ."

တစ်ကြိမ် ကိုယ်ကိုယ်ို့ကိုင်းပြီး ခွေး၏ခါးအထက်ပိုင်းဆီ အားကုန်လွှဲခုတ်ပစ်လိုက်သဖြင့် ခွေးကြီးနှစ်ပိုင်းပြတ်ကာ မြေပေါ် ဘုံးဘုံးကျသွားသည်။ သို့သော် ဦးခေါင်းပိုင်းမှာ ရှေ့လက်အားကိုးနှင့် တရွတ်ဆွဲကိုက်ရန်ထလာသဖြင့် ဖိုးအောင် စိတ်ရှိလက်ရှိထုရိုက် ခုတ်ထစ်ပစ်တော့၏။

ခွေးတစ်ကောင်လုံး ဟင်းတုံးများသဖွယ် မွမွစင်းသွားမှ



www.burmeseclassic.com

www.burmeseclassic.com



သူလည်းလက်ပန်းကျကာ ပုဆိန်ကို မြေပေါ်ထောက်လျက် ဖင်ထိုင်ကျသွားသည်။ မောပန်းလွန်းသဖြင့် လည်ချောင်းတစ်လျှောက် ပူလောင်စပ်ဖျင်းကာ အသက်ရှူနေရသည်။

သူ၏တစ်ကိုယ်လုံး သွေးတို့ဖြင့်ညှီလောင်နေသောကြောင့် သည်းမခံနိုင်တော့ဘဲ ရေတွင်းသို့သွားကာ စက်သီးပုံးနှင့်ရေဆွဲတင်၍ ခေါင်းပေါ်ကနေလောင်းချပစ်လိုက်သည်။ ရေသုံးလေးပုံးခန့်လောင်းပြီးမှ အမောပြေသလိုလိုရှိလာကာ သေချာဆေးကြောသုတ်သင်ရင်း ရောဘတ်ထူးကိုသတိရသွားသည်။ ခွေးကိစ္စသာသိလျှင် သူ့ကိုအမုန်းကြီးမုန်းတော့မည်။

အခြေအနေကိုရှင်းပြလည်း ယုံချင်စရာအကြောင်းမရှိသဖြင့် ခွေးသေကိုဖျောက်ဖျက်ပစ်ရန် ဆုံးဖြတ်လိုက်သည်။ ထို့နောက် ခွေးသေရှိရာသို့ တစ်ခေါက်ပြန်သွားက စာအုပ်ထည့်ယူလာသောအိတ်နှင့်ပင် အသားတစ်များအား ကောက်ထည့်သည်။ မီးရှို့ထားသောအပုံမှာ မီးညွန့်ကျိုးတော့မည်ဖြစ်၍ မွမွစင်နေသောအသားတစ်များကို ကဗျာကသီလိုက်သိမ်းဆည်းကာ အိတ်ထဲထည့်ထုပ်၍ တောစပ်ကုန်းစောင်းအထိ ဆွဲယူလာခဲ့သည်။ ခုတော့လည်း အရာရာအားလုံးတိတ်ဆိတ်ငြိမ်းချမ်းကာ ဘာမှမဖြစ်သလိုပင်။

ဖိုးအောင် အသားတစ်အထုပ်အား ကုန်းစောင်းမှပစ်ချကာ အိမ်ကြီးဆီပြန်လျှောက်လာခဲ့၏။ လျှောက်လာရင်းနှင့် အတွေးဖြစ်သည်မှာ ဒီအိမ်တွင်မူလနေထိုင်ခဲ့သောအိမ်သားများ ဤအိမ်တွင် အသက်ရှင်လျက်ထွက်ခွာသွားနိုင်ပါ့မလားဟူသော အတွေးမျိုးဖြစ်၍ ဖိုးအောင်ရင်ထဲမောအောင့်လာကာ ပင့်သက်ရှိုက်ရင်း အမှောင်ထုထဲ ဧရာမ မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ထိုင်





နေသည့်သဖွယ် ကြယ်ရောင်နှင့်လှမ်းမြင်နေရသည့်အိမ်ကြီးအား စိတ်ပျက်စွာလှမ်းကြည့်မိတော့၏။

အမှန်စင်စစ် သူ၏စိတ်ကို မကောင်းဆိုးဝါးများက လှည့်စားပြီး ဘော်ဘီလေးကို သရဲသဘက်ခွေးကြီးတစ်ကောင်အသွင် အမြင်ရောက်စေခဲ့ခြင်းကိုတော့ ဖိုးအောင်ခမျာ မသိနိုင်ခဲ့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၂)

ပိုး အောင် မိုးလင်းပိုင်းမှအိပ်ရာထဲရောက်၍ မီးစက်အင်ဂျင်ပြင်သည့်အဖွဲ့ရောက်လာချိန်တိုင်အောင် မနိုးသေးသဖြင့် မနှင်းဖွေး ထွက်ကာတွေ့ရသည်။ စက်ပြင်ကုလားအဖွဲ့လည်း အိမ်ရှေ့ကားရပ်ပြီး အိမ်ထဲမဝင်ရဲဘဲ ကျီးကြည့်ကြောင်ကြည့်ဖြစ်ကာ တစ်စုံတစ်ခုအပေါ်မှာလည်း စိုးရိမ်ကြောင့်ကျမှုရှိနေသော မျက်လုံးတွေကြောင့် မနှင်းဖွေးက လိုအပ်သည်ထက်ပို၍ ဖော်ရွေပျူငှာစွာ ခရီးဦးကြိုပြုလေသည်။

"ဆရာတို့အဖွဲ့ ဧည့်ခန်းထဲကြွကြပါရှင်၊ လာရတဲ့ခရီးက ဝေးလွန်းတော့ ပင်ပန်းမှာပဲ . . ကော်ဖီလေးသောက်ပြီး နားကြဦး"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အဖွဲ့ခေါင်းဆောင်ဖြစ်ဟန်တူသူက. .

"အစ်မကြီးနော်. . ကုလား နည်းနည်းမေးချင်တယ်"

"ဩော်. . မေးပါရှင်. ."

"အစ်မကြီးဒီအိမ်ကို ဝယ်လိုက်တာလား"

"ဟုတ်ပါတယ်ရှင်. . ကျွန်မဝယ်လိုက်တာမှ ဘာကြာသေးလို့လဲ"

ဒီတော့မှ သူတို့အဖွဲ့သဘောပေါက်သလိုရှိသွားပြီး အချင်းချင်း သူတို့ဘာသာစကားနှင့် တတွတ်တွတ်ပြောကြကာ မနှင်းဖွေး၏ ဖိတ်ခေါ်ဧည့်ခံမှုကို လက်ခံလိုက်ကြ၏။ သို့တိုင် သူတို့အမူအရာတွေက မဝံ့မရဲရှိနေသေးသဖြင့် မနှင်းဖွေးက ကော်ဖီနှင့်မုန့်များချပေး၍ ဧည့်ခံရင်း. . .

"ဆရာတို့ကြည့်ရတာ တစ်ခုခုစိုးရိမ်မကင်းဖြစ်နေသလိုပဲနော်. ."

ထိုအခါ ခေါင်းဆောင်ကုလားကြီးက. .

"မှန်ပါတယ် အစ်မကြီး၊ အမှန်အတိုင်းပြောရရင် ကုလားတို့အဖွဲ့ ဒီအိမ်ကြီးကို ပထမပိုင်ရှင်တွေတုန်းက တစ်ကြိမ်ရောက်ဖူးပါတယ်"

"ဟုတ်လား မီးစက်လာပြင်တာပဲလား. ."

ထိုစဉ် ဖိုးအောင်အိပ်ရာမှနိုးလာပြီး မျက်နှာတောင် မသစ်နိုင်ဘဲ ဧည့်ခန်းထဲဝင်လာကာ ထိုင်လေသည်။ ထိုင်ရင်းနှင့်.

"ဆက်ပြောပါဦးခင်ဗျာ. . အရင်အိမ်ရှင်တွေတုန်းက လာဖူးတယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပဲဆရာ. . အဲ့ဒီတုန်းကလည်း ခုလိုမီးစက်ပျက်လို့





ခေါ်ပြင်တာပါ၊ ကုလားတို့အဖွဲ့ သေသေချာချာပြင်ဆင်ပေးပြီးမှ ပြန်တာပါ၊ အင်း. . ကြာတော့ အတော်ကြာသွားပြီး လွန်ခဲ့သော (၃)နှစ်ဝန်းကျင်လောက်ကဖြစ်မယ်၊ အိမ်ရှင်ရဲ့သားအကြီးဆုံးဖြစ်တဲ့ မစ္စတာအဲဖရက်ဝီလျံမွန်းဟာ အင်မတန်သဘောကောင်းပါတယ်၊ ကုလားတို့ကို အများကြီးကြည့်ရှုစောင့်ရှောက်တယ်. ."

အဲဖရက်ဝီလျံမွန်းဆိုသောနာမည်ကို ဖိုးအောင်ကြားဖူး နေသဖြင့် မျက်မှောင်ကျုံ့ကာစဉ်းစားသည်။ စဉ်းစားရင်း အင်းစိန်စီအိုင်ဒီရုံးခန်းမှာတုန်းက အိုင်ပီအုပ်စုပြောဆိုနေသံကိုကြားယောင်ကာ ထိပ်ထိပ်ပြာပြာဖြစ်သွားပြီး. . .

"နေ. . နေပါဦး ဆရာတို့ကျုပ်တစ်ခုလောက်မေးပါရစေ"

"မေးပါ. . ဆပ်. ."

"မစ္စတာ အဲဖရက်ဝီလျံမွန်းဆိုတာ မိသားစုတစ်လုံးကို ပြန်သတ်တဲ့အမှုနဲ့တရားစွဲခံရပြီး ဘုံဘေကိုလွှဲလိုက်တဲ့ တရားခံမဟုတ်လား. ."

"ဟုတ်ပါတယ် ဆပ်. . ဒီအိမ်ကြီးမှာပဲ အဲ့ဒီအမှုတွေဖြစ်သွားတာပါ၊ ကုလားကြားသိရသလောက်ပြောရရင် ဒီအိမ်ကြီးထဲက ထူးဆန်းစကားသံကိုကြားရပြီး မစ္စတာအဲဖရက်ဝီလျံမွန်းဟာ သူ့ညီမောင်မွေးထားတဲ့ခွေးကို စသတ်တယ်၊ အဲ့ဒီနောက် သူ့မိသားစုကိုအိပ်ပျော်နေတဲ့အချိန် အိပ်ရာထဲမှာလိုက်သတ်ပစ်တယ်လို့ ဆိုတယ်. . ဆပ်. . ."

ကုလားလူကြီးစကားကြောင့် ဖိုးအောင်စိတ်ထဲ မနေ့ညက ကိစ္စကို ထင့်ခနဲ့ ဖြစ်သွားပြီး. . .

"ခဏလေးဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ဖိုးအောင်ဧည့်ခန်းထဲမှ စာကြည့်ခန်းရှိရာသို့အပြေးထွက်သွားကာ တစ်ခဏချင်းမှာပင် လက်ထဲမှာ ဓါတ်ပုံတစ်ပုံကိုကိုင်ဆောင်၍ ပြန်ရောက်လာလေသည်။ ထို့နောက် ဓါတ်ပုံအား ကုလားလူကြီးကိုလှမ်းပေးပြီး. . .

"ခင်ဗျား. . သူတို့ကိုသိမလား"

ကုလားလူကြီးက ဓါတ်ပုံကိုကြည့်ပြီးမှ ကတုန်ကယင်ဖြစ်ကာ သူ့နဖူးသူတဖတ်ဖတ်ပြန်ရိုက်ပြီး. .

"အိုး. . ဆပ်. . ဒီပုံကိုဘယ်ကရတာလဲဆပ်"

"စာကြည့်ခန်းထဲက စာအုပ်ကြားထဲကပါ"

"အားရိုးရိုး. . သူတို့အားလုံး ဒီအိမ်ကြီးပေါ်သေခဲ့ရတဲ့မိသားစုပါဆပ်၊ အဲ့ဒီထဲကဟောဒီတစ်ယောက်ပဲ ဘိလပ်ပြန်ရောက်တာပါ၊ သူဟာ ကုလားပြောတဲ့ အဲဖရက်ဝီလျံမွန်းဆိုတာပေါ့"

မနှင်းဖွေး နားထောင်ရင်းက အာခေါင်တွေခြောက်လာပြီး ခြေဖျားလက်ဖျားတွေပါ အေးစက်ချင်လာကာ ဆက်ပြီးနားမထောင်ချင်တော့၍ လားမဆိုနိုင်။

"ကဲ. . စကားလည်းကောင်းပါရဲ့၊ သွားရပြန်ရတာဝေးတော့လေ ဆရာတို့အလုပ်ကိစ္စနှောင့်နှေးနေပါ့မယ်၊ အလုပ်ကလေးစလိုက်ကြရအောင်. . "

သို့နှင့် စက်ပြင်ကုလားအဖွဲ့ထ၍ထွက်ကြသဖြင့် ဖိုးအောင်က. . .

"ကျွန်တော် သော့ယူပြီးလိုက်သွားမှဖြစ်မယ်. . "

မနှင်းဖွေးက ဖိုးအောင်လက်ကိုလှမ်းဆွဲပြီး. . .

"ရှင်ညတုန်းက. . "





ဖိုးအောင်က နှုတ်ခမ်းပေါ်လက်ညှိုးကန့်လန့်တင်၍ နှုတ်ပိတ်စေပြီးလေသံနှင့်. . .

"ကျွန်တော် အဆုံးစွန်အထိရင်ဆိုင်ဖို့ဆုံးဖြတ်ထားတယ်၊ သူတို့ဘယ်လောက်ကြမ်းနိုင်မလဲ၊ သူတို့ထက်ကျွန်တော်ပိုကြမ်းမယ်မနှင်းဖွေး. . "

ထို့နောက် ဖိုးအောင် သူမအနီးမှထွက်လာ၍ မီးစက်ဂိုဒေါင်သော့ယူကာ စက်ပြင်အဖွဲ့နောက်လိုက်သွားတော့သည်။ သို့သော် သူဂိုဒေါင်သို့ရောက်သွားသောအခါ စက်ပြင်အဖွဲ့မှာ ဂိုဒေါင်ထဲပင်ရောက်ရှိနေလေပြီ။

"ဟာ. . တံခါးကဖွင့်ထားတာလား"

"ဟုတ်တယ်. . ဆပ်၊ သော့ခလောက်ကချိတ်ရုံပဲချိတ်ထားတာ. . ဆပ်"

မနေ့က ရောဘတ်ထူးသော့ခတ်တာ မသေချာလို့ပဲဟုစိတ်ထဲမှတ်ယူသည့်ကြားက သံသယဖြစ်စရာအတွေးများ ထင်ကျန်နေလေသည်။ ဤသို့ဖြင့် စိတ်ညစ်ညူးစရာအတွေးတို့အား ဖယ်ထုတ်ပစ်ပြီး စက်ပြင်ကုလားများ အင်ဂျင်စစ်ဆေးပြုပြင်မှုကိုသာအာရုံစိုက်ထားပစ်လိုက်၏။

စက်ပြင်ကုလားများ တစ်နာရီနီးပါး စစ်ဆေးပြုပြင်ပြီးနောက် အင်ဂျင်စက်ကြီးအား ဆီဖြည့်တင်းပြီးစတင်နှိုးကြည့်ရာကောင်းမွန်စွာလည်ပတ်၍ ဖိုးအောင်အတိုင်းမသိဝမ်းသာမိတော့သည်၊ ဤမျှဆိုးဝါးသောအိမ်ကြီးအတွင်း အလင်းရောင်သာ ကောင်းမွန်စွာရလျှင် ဒီမိစ္ဆာကောင်တွေကို သူကောင်းကောင်းရင်ဆိုင် နိုင်မှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် စက်ပြင်ကုလားအဖွဲ့၏ ကုလားလူကြီးက. .

"အင်ဂျင်နိုးပြီဆပ်၊ မီးလည်းထွက်ပြီ. . ဒါပေမယ့် ပန့်နော်ဇယ် သိပ်မကောင်းဘူးဆပ်. . ၊ ဒါကိုလဲပစ်မှစိတ်ချနိုင်မယ်"

"ကောင်းပြီ. . ရန်ကုန်မှာပြန်ဝယ်မလား"

"အာရေ. . ဆပ်. . ရန်ကုန်မှာပြန်ဝယ်ရင် နောက်နေ့မှပဲ ပြန်ရောက်တော့မယ်. . ၊ ဒီလိုလုပ်ပါဆပ်. . ပထမတစ်ခါ လာပြင်တုန်းက မီးစက်အင်ဂျင်အပိုပစ္စည်းတွေ မြေအောက်ခန်းထဲမှာ သိမ်းပေးပါဆိုလို့ ကုလားတို့အဖွဲ့ လှေခါးမကြီးအောက်က မြေအောက်ခန်းထဲသွားထည့်ပေးခဲ့ရတယ်၊ အဲ့ဒီထဲမှာ ပန့်နော်ဇယ် အကောင်းတွေပါတယ်၊ ရှိဦးမလားလို့ရှာကြည့်ချင်တယ်. . ရှိရင် ဒီနေ့အပြီးသတ်ပြင်နိုင်မယ်. ."

"အိုခေ. . ဒါဆို ခင်ဗျားလိုက်ခဲ့လေ၊ ကျုပ်တို့ မြေအောက်ခန်းထဲဆင်းကြမယ်"

"ကောင်းပြီဆပ်. . ကုလားအလုပ်ပြီးချင်လို့သာ ဒီလိုအကြံပေးရတာ မြေအောက်ခန်းထဲဝင်ရမှာကြောက်မိတယ်ဆပ်"

"ဗျာ. . ဘာဖြစ်လို့လဲဗျ. ."

"ပထမနော်. . ကုလားတို့အဖွဲ့ ပစ္စည်းတွေသယ်ပြီး မြေတိုက်ထဲဆင်းသွားတာ တစ်ခါတည်း မြေတိုက်တံခါးပိတ်သွားတာ ဖွင့်မရတော့ဘူးဆပ်"

"ဟင်. . အဲ့ဒါ ဘယ်လိုပြန်ပွင့်သွားသလဲ"

"ပြောပြမယ်. . ကုလားတို့အကြီးအကျယ် ဒုက္ခရောက်ပြီဆိုပြီး အလာရှင်မြတ်ကို အော်အော်ပြီးတိုင်တည်တာ ဘာပြောကောင်းမလဲ ကုလားတပည့်သုံးယောက် တစ်ပြိုင်တည်းခေါင်းတွေ နဲ့ဆောင့် ပုခုံးတွေနဲ့ဆောင့်ဖွင့်တာ အလာကယ်လို့ပွင့်သွားတယ်ဆပ်. . ၊ တပည့်တွေလည်း ခေါင်းကွဲကုန်တယ်. ."





"ကျွတ်. . ကျွတ်. . စိတ်မကောင်းစရာပဲဗျာ၊ ကျုပ်တို့ အဲ့သလိုမဖြစ်ရအောင် အံ့ဖုံးဖွင့်ကတည်းက ဒေါက်သေချာထောက်ပြီး ကြမ်းတုံးပါကြိုခုထားမယ်ဗျာနော်. ."

"ကောင်းတယ်ဆပ်. . သိပ်ကောင်းတယ်"

သူတို့နှစ်ယောက် စကားတပြောပြောနှင့်လျှောက်လာကြခိုက် အိမ်ရှေ့ဆင်ဝင်အောက်သို့အရောက် ရောဘတ်ထူးက. .

"ဦးလေး. . ကျွန်တော့်ဘော်ဘီကိုမတွေ့ဘူးလား"

ဖိုးအောင်စိတ်ထဲထင့်ခနဲဖြစ်သွားပြီးမှ မျက်နှာကိုခပ်တင်းတင်းလုပ်ထားကာ. . .

"အရေးထဲမှ မင်းခွေးကဘာအရေးကြီးသလဲ. . သွား မီးစက်နိုးထားတယ် အိပ်ခန်းတွေမီးလိုက်ဖွင့်ကြည့်စမ်း၊ အပေါ်ထပ်က ဘုရားခန်းလုပ်မယ့်အဆောင်ပါဖွင့်. ."

ပြောပြီး ဖိုးအောင် အထဲကိုအလျင်စလိုဝင်လာခဲ့သည်။

ထို့နောက် ညကတည်းက သူနှင့်အတူပါလာပြီး ခုတင်အောက်ထိုးထည့်ထားသောပုဆိန်ကြီးကိုယူလာကာ လှေခါးမကြီးနောက်ဖက်ပတ်ဝင်လာခဲ့သည်။

သူနှင့်အတူကုလားလူကြီးလည်း လိုက်လာပြီး. .

"သော့မရှိဘူးလားဆပ်. ."

"မရှိဘူးဗျ. . ကျုပ်တို့ပြောင်းလာကတည်းက ဒီအတိုင်းသော့ခတ်လျက်သားပဲ. . ."

ဖိုးအောင် ထိုသို့ပြောဆိုပြီးသည်နှင့် ကုလားလူကြီးအား



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်ဘေးရှောင်နေစေကာ မြေအောက်ခန်းသော့ခလောက်ကြီးအား ပုဆိန်ကြီး၏အနှောင့်ဖြင့် အားကုန်လွှဲရိုက်လိုက်၏။

"ဂျောင်း. . ."

"အားရိုးရိုး. . ဆပ် သော့ကွင်းပါပြုတ်ထွက်သွားပါရော့လား"

"ပြုတ်ပါစေဗျာ. . ဖွင့်စရာသော့တံမှမရှိတာ. ."

ထို့နောက် ဖိုးအောင် မြေတိုက်ခန်းအံဖုံးအားဆွဲဖွင့်မည်အပြု ကုလားလူကြီးက. . .

"ခဏလေးဆပ်. . ဟောဒီမှာ မြေအောက်ခန်းမီးခလုတ်"

ကုလားလူကြီး မီးခလုတ်အား ချောက်ခနဲဖွင့်လိုက်သည်နှင့် အဖုံးပတ်ပတ်လည်ရှိ လက်သည်းခွံခန့်ဟနေသောမြောင်းကြားလေးမှ အလင်းရောင်ထွက်လာသည်ကိုမြင်ရလေသည်။ ဖိုးအောင်လည်း အံဖုံးအား စောလျင်စွာဆွဲဖွင့်လိုက်တော့၏။

"ကျွီ. . . အီ. . ."

အံဖုံးဆွဲမလိုက်သည်နှင့် အဖုံးမျက်နှာပြင်အောက်ဖက်ဘောင်အစပ်၌ ပတ္တာနှင့်တွဲထားသော တံခါးဒေါက်ချောင်းပါ တွဲလောင်းပါလာသဖြင့် ဖိုးအောင်ပုဆိန်ကိုလက်ကချပြီး ဒေါက်ယူထောက်လိုက်သည်။ ထိုအခိုက်မှာပင် မြေအောက်ခန်းထဲမှလွင့်တက်လာသော အောက်သိုးသိုးအနံ့အသက်များကြောင့် ဖိုးအောင်နှာခေါင်းရှုံ့ကာ မျက်နှာလွှဲရင်း ကုလားလူကြီးကို အောက်ဆင်းရန်မေးဆတ်ပြလေသည်။

"ဆပ်. . အံဖုံးပြန်ကျရင် ဖွင့်လို့ရအောင် ကြမ်းတုံးခုမယ်ဆို. ."





"ဟုတ်သားပဲ. . မပူနဲ့ဗျာ. . ဟောဒီပုဆိန်ကြီးကို ဟောသလိုခုထားလိုက်ရင်. . . ကျနိုင်ဦးမတဲ့လား"

ပြောပြောဆိုဆို ဖိုးအောင်က အံဖုံးဘောင်၏ပတ္တာတွဲထားရာဟနေသောဘောင်ကြားထဲ ပုဆိန်ကြီး၏အသွားဖက်ကနေ ထိုးထည့်၍အရိုးဖက်အား ကွန်ကရစ်အခင်းဖက် ကလန့်ထားလိုက်၏။

"ကိုင်း. . ဆင်းကြမယ်ဗျာ. ."

ထို့နောက် ဖိုးအောင်ကိုယ်တိုင် ရှေ့မှစတင်ဆင်းနှင့်သဖြင့် ကုလားလူကြီးလည်း တွန့်ဆုတ်မနေတော့ဘဲ လိုက်ဆင်းတော့သည်။ ဖိုးအောင် လှေခါးအောက်ခြေအထိဆင်းမိပြီးမှ ဒီအခန်းထဲရောက်ဖူးသလိုလိုခံစားမိကာ ခြေလှမ်းတုန့်သွားသည်။ ဖိုးအောင် တုံ့ဆိုင်းသွား၍ ကုလားလူကြီးလည်း ရှေ့မတိုးရဲတော့ဘဲ. . .

"ဘာ. . ဘာဖြစ်လို့လဲဆပ်"

"ဩော်. . ဘာမှမဟုတ်ပါဘူးဗျာ၊ ကဲ. . ခင်ဗျားပစ္စည်းတွေဘယ်မှာတုန်း"

"ဟိုးဘက်လျှောက်သွားပြီး နံရံထောင့်ကိုကွေ့လိုက်ရင် အဲ့ဒီထောင့်နားလောက်မှာပါဆပ်. . ."

"မှောင်တယ်ဗျ. . အဲ့ဒီဘက်အလင်းသိပ်မရောက်ဘူး"

"ဒီမှာ မီးခလုတ်ဆပ်. . ကုလားဖွင့်လိုက်မယ်"

"ချောက်. ."

"ဟင်. . ."

ဖြတ်ခနဲလင်းပွင့်သွားသော ဝါကျင့်ကျင့်မီးသီးများ အမိုးခင်းတစ်လျှောက် လင်းဖြာသွားသည်နှင့်တစ်ပြိုင်နက် နံရံများဆီမှဖောက်သွင်းကာ တွဲလဲချထားသောသံကွင်းဆက်ကြိုးများ၊ ခြေချင်း



www.burmeseclassic.com

www.burmeseclassic.com



ခတ်နိုင်သော သံကွင်းကြိုးများကိုမြင်လိုက်ရသဖြင့် ဖိုးအောင်ရင်ထဲ ဒိတ်ခနဲမြည်ဆောင့်ပြီး ပန်းခြံဘေးမှာ ညအိပ်ခဲ့စဉ်ကမက်ခဲ့ရသော အိပ်မက်ထဲပြန်ရောက်သွားသည့်နှယ် ဇောချွေးများပင်စို့ပျံလာတော့သည်။

တဆက်တည်းမှာပင် သူထွက်ပြေးခဲ့ရပုံ၊ ဤအိမ်၏ခန့်ညား ထည်ဝါလှသောလှေခါးမကြီးကို မြင်ရပုံ၊ ဤအိမ်ကြီး၏ချောက်ချား ဖွယ်ရာပုံစံကို အဝေးမှမြင်ရပုံတို့ပါ. . တစ်လှာချင်းတစ်ထပ်ချင်း မြင်လာကာ တဆတ်ဆတ်တုန်ယင်နေသော ခြေအစုံပေါ် သူ၏ခန္ဓာကိုယ်ကို ဆက်ပြီးထိန်းမထားနိုင်သည့်အလား ကြမ်းပြင်ပေါ် ထိုင်ချလိုက်ရတော့သည်။

"ဆပ်. ."

သို့သော် အသိစိတ်နှင့်ထိန်းချုပ်မှုကရှိနေသဖြင့် ကုလားလူကြီးအားလက်ကာပြကာ. . .

"ကျွန်တော်ဘာမှမဖြစ်ဘူး. . မာမူ၊ အနံ့အသက်တွေမကောင်းလို့ ခေါင်းမူးသွားတာ၊ ခင်ဗျားပစ္စည်းတွေယူမှာသာ သွားယူချေ. . ."

"ကောင်းပြီဆပ်. . ဒီမှာပဲခဏနားပြီးစောင့်ပါ။ ကုလားအမြန်ဆုံးယူပြီးပြန်လာခဲ့မယ်. ."

ဖိုးအောင် ခေါင်းညိတ်ပြပြီးနောက်. . ခဏမျှမျက်စိစုံမှိတ်ကာ ပျံ့လွင့်နေသောစိတ်အာရုံကိုစုစည်းသည်။ သို့သော်လည်း အိပ်မက်ဆိုးထဲက ဝတ်ရုံဖြူလူသတ်သမားများ သူ၏အနီးနားသို့ ခါးတဝင့်ဝင့်နှင့်ရောက်လာသကဲ့သို့ ခံစားမြင်မက်နေရသဖြင့် စေ့ပိတ်ထားသော မျက်လုံးအစုံကိုဖွင့်အကြည့်. . သူ၏ရှေ့နံရံမှ တွဲလွဲ





ကျနေသောသံကြိုးများ လှုပ်ခါလာပြီး သွေးသံတရဲရဲနှင့်ပြတ်ထွက်လုလုလည်တိုင်ကို စောင်းငဲ့ကာကြည့်နေသော တစ္ဆေတစ်ကောင်ကို မြင်လိုက်ရသောကြောင့် ဝုန်းခနဲထခုန်မိသွားသည်။ ထိုစဉ် နံရံထောင့်ကွေးဘက်ဆီမှ ကုလားလူကြီးငယ်သံပါအောင် အော်ကာပြေးထွက်လာလေသည်။

"အာရေ. . ဘာ. . ဘာ. . အလာ. . အလာကယ်ပါ။ အာရေ. . ဘာဘာ. ."

"ဟေ့လူ. . ဘာဖြစ်တာလဲ. . ဘာတွေ့လို့လဲ"

ဖိုးအောင်ဆီးကြိုပွေ့ဖက်၍ မေးမြန်းသော်လည်း ကုလားလူကြီးမဖြေနိုင်ရှာ၊ ပြူးထွက်နေသော မျက်လုံးတွေနှင့် တစ်ကိုယ်လုံးတုန်ခါအေးစက်နေပြီး ဖိုးအောင်လက်မှအတင်းရုန်းဖယ်ကာ တက်ပြေးလေတော့၏။

ဖိုးအောင်လည်း ခဏတော့မှင်တက်မိသလိုကြောင်အနေပြီးမှ အံကိုတင်းတင်းကြိတ်ကာ လှေခါးအတိုင်းပြန်တက်သွားပြီး အံဖုံးကြားမှ ပုဆိန်ကြီးကိုဆွဲထုတ်ယူလိုက်သည်။ ပြီးမှ ပုဆိန်ရိုးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လျက် မြေအောက်ခန်းထဲပြန်ဆင်းသွားတော့၏။

ဖိုးအောင် မြေအောက်ခန်းကြမ်းပြင်သို့ ခြေအချ မြေအောက်ခန်းအံဖုံးကြီးမှာလည်း အလိုအလျောက်ပိတ်သွားလေတော့၏။

"ဂျိမ်း. . ."

ၵ ၵ ၵ ၵ



www.burmeseclassic.com

www.burmeseclassic.com



**အော**က်သံဟစ်သံဆူညံသံများကြောင့် မနှင်းဖွေးအပေါ် ထပ်မှပြေးဆင်းလာကာ မြေအောက်ခန်းဘက်သွားကြည့်သည်။ အံ့ဖုံးတံခါးကြီးပိတ်ထားသဖြင့် ညှိခန်းမကြီးကိုဖြတ်ပြေးကာ အပြင်သို့ ပြေးထွက်လေသည်။

အပြင်သို့ရောက်သောအခါ ကုလားလူကြီးက သူ၏တပည့်များအား ကုလားလိုအော်ခေါ်၍ ကားစက်နှိုးလေသည်။ သူ၏ကုလားလေးများကားပေါ်သို့ အစုံအလင်ရောက်သောအခါ တစ်ချိုးတည်းမောင်းပြေးလေတော့၏။

"အို. . ဘုရား. . ဘုရား. . ဘာတွေဖြစ်ကုန်တာလဲ"

သူမ တစ်ယောက်တည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်နေခိုက် ရောဘတ်ထူးရောက်လာပြီး. . .

"ကျွန်တော့်အထင်ပြောရရင် ဦးလေးနဲ့အဲ့ဒီကုလားကြီး





မြေအောက်ခန်းထဲမှာ ပြဿနာဖြစ်ကြပြီ. . ."

"ဟဲ့. . ဖြစ်စရာလား"

"ဖြစ်နိုင်တယ်ဒေါ်နှင်း. . ဦးလေးစိတ်တွေ ပုံမှန်မဟုတ်တော့ဘူး"

"အိုး. . မင်းအဓိပ္ပါယ်မရှိတာ. . သူဟာ အင်မတန်စိတ်ထားကောင်းတဲ့လူပါကွယ်. ."

"စိတ်ကောင်းရှိတဲ့လူက အပြစ်မဲ့တဲ့ကျွန်တော့်ခွေးကို ပုဆိန်နဲ့ခုတ်သတ်ပါ့မလားဒေါ်နှင်း. ."

မနှင်းဖွေး အထိတ်တလန့်မအော်မိခင် ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာလိုက်ရသည်။

"မင်း. . မင်းကိုဘယ်သူပြောလဲ"

"ထင်းခွဲတဲ့နေရာမှာ အသားတုံးတွေရော သွေးတွေပါတွေ့တယ်. . . သွားကြည့်လေ၊ ပုဆိန်ကလည်း သူ့ဆီမှာ. ."

"ဒါ. . ဒါ. . တ. . တခြား"

"ကျွန်တော့်ကိုမညာပါနဲ့တော့ ဒေါ်နှင်း. . ကျွန်တော်က ဒေါ်နှင်းရဲ့မိသားစုအရင်းကြီးပါ၊ ဒီလူက လူစိမ်း၊ ဒီလူစိတ်မမှန်တော့တာ ကျွန်တော်သတိထားမိနေပြီး မကြာခင် ကျွန်တော်တို့မိသားစုကို ဒုက္ခပေးတော့မယ်. .၊ ပထမနေ့သွားတဲ့လူတွေလည်း အဲ့သလိုဒုက္ခရောက်တာပဲ"

"အထူး. . မင်းမဟုတ်တာတွေမပြောနဲ့နော်"

"ဖြစ်နိုင်တာကိုပြောတာ. . ဟိုကုလားကြီး ပြောသွားတာ ဒေါ်နှင်းနားထောင်ခဲ့တာပဲ၊ လူသတ်သမားက ပထမဦးဆုံး ခွေးကိုသတ်တယ်၊ ပြီးတော့ သူ့မိသားစုကို အိပ်ပျော်နေတုန်းသတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . အခု ဒီလူ ကျွန်တော့်ခွေးကိုသတ်လိုက်ပြီ. . ဒီညတော့ ကျွန်တော်တို့ကိုသတ်မလားပဲ"

"တိတ်စမ်း. . မင်းသွားတော့. ."

"အား. . အား. . မေမေ. . အား"

"ဟော. . ညီမလေးတွေအော်သံဗျ. ."

"အို. . ဘုရား. ."

အပေါ်ထပ်ဆီမှ ကလေးနှစ်ယောက်ပြိုင်တူအော်လိုက်ကြသော ငယ်သံပါအောင်အော်လိုက်သံတွေကြောင့် ဒေါ်နှင်းနှင့် ရောဘတ်ထူးတို့ လှေခါးအတိုင်း တစ်ဟုန်ထိုးတက်ပြေးကြတော့သည်။

"သမီး. . သမီးတို့ရေ. ."

"ညီမလေး. . ဟန်နီ. . စန္ဒီ. ."

"အား. . အား. . ."

မနှင်းဖွေးတို့ အပေါ်ထပ်သို့ရောက်လာပြီး ရေချိုးခန်းဘက်ဆီမှအော်သံတွေလွင့်ထွက်လာ၍ စင်္ကြံလမ်းအတိုင်း ရေချိုးခန်းဆီစုန်ကာပြေးကြသည်။ မီးစက်မောင်းထားသဖြင့် မီးရပြီဖြစ်ကာ အပေါ်သို့ရေစက်မောင်းတင်ထားခဲ့သည်။ ရေမရောက်တာကြာပြီဖြစ်သော ရေပိုက်လိုင်းတွေထဲက အကောင်ဗလောင်တွေများထွက်လာလို့လား။ စောစောက ညီအစ်မတွေ ရေချိုးတော့မယ်ချည်းလုပ်နေ၍ အော်ဝေါ်ကာတားထားရသေးသည်။

ဘုရား ကယ်ပါ. . ၊

သူတို့နှစ်ယောက် ရေချိုးခန်းဆီရောက်သွားချိန်မှာ ကလေးမနှစ်ယောက် ကိုယ်ဗလာနှင့်သတိလစ်ကာ မေ့မြောနေချေပြီ။ ထို့ပြင် ရေပန်းခေါင်းဆီမှဖြာဆင်းကျနေသော သွေးများကြောင့် ရေချိုးခန်းတစ်ခန်းလုံးနီရဲကာ ညှီစို့နံစော်နေတော့သဖြင့် မနှင်းဖွေး မိုက်ခနဲဖြစ်ကာ ပုံပုံကျသွားသည်။

"ဒေါ်နှင်း. . ."

"ငါ. . ငါဘာမှမဖြစ်ဘူး. . မင်း. . . မင်းညီမကို ခေါ် . . ခေါ်နော်. ."

ထို့နောက် ရောဘတ်ထူးကအကြီးမကိုပွေ့သဖြင့် မနှင်းဖွေးလည်း မိခင်စိတ်နှင့်မာန်တင်းကာ ဒယီးဒယိုင်ထပြီး အငယ်မကိုကောက်ချီလေသည်။ ထိုအခိုက်မှာပင် ရေချိုးခန်းနံရံအပေါက်အပြများဆီမှ ယင်မည်းကြီးများ တဝေါဝေါပျံထွက်လာကြသဖြင့် သူမကြောက်လန့်တကြားပြေးထွက်ကာ ရေချိုးခန်းတံခါးကို ဆောင့်ပိတ်လိုက်လေတော့သည်။

"ဝုန်း. . ."

၅ ၅ ၅ ၅







www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မြေအောက်ခန်းထဲတွင်ကား ဖိုးအောင်အတွက် အရှင်လတ်လတ် ငရဲခန်းထဲရောက်သွားသည့်နှယ် သွေးပျက်ဖွယ်ရာ ကောင်းလှသည်။

ပုဆိန်တစ်လက်နှင့် မည်းမည်းမြင်ရာခုတ်ထစ်နေသော ဖိုးအောင်မှာ သတိရော အသိစိတ်ပါ ကင်းလွတ်နေချေပြီ။ သူ၏ အမြင်အာရုံထဲ၌ ဝတ်ရုံဖြူမိစ္ဆာကြီးများ ခါးကောက်တရမ်းရမ်းနှင့် သူ့အားဝိုင်းဝန်းခုတ်ထစ်သတ်ဖြတ်နေကြသဖြင့် ပုဆိန်နှင့်ခုခံကာ တိုက်ခိုက်နေရသည်။ ထိုသို့ ခုခံတိုက်ခိုက်နေစဉ် ဝတ်ရုံမည်းနှင့်လူမှာ နံရံ၏တစ်ဖက်စွန်း၌ရပ်လျက် အသံနက်ကြီးနှင့် အော်ဟစ်အမိန့်ပေးနေလေသည်။

"သူ့ကိုဖမ်း. . . သူကိုသတ်. . . သူ့ကိုဖမ်းကြ၊ သူ့ကိုသတ်ကြ"





ထို့ပြင် နံရံတစ်လျှောက် သံကြိုးများနှင့်ထုးခတ်ခံထားရသော တစ္ဆေကောင်များကလည်း အသံမျိုးစုံအောင် အော်ဟစ်ညည်းတွားကာ တွန့်လိမ်ပြနေတော့၍ ဖိုးအောင်ဘာကိုမှမရှောင်၊ မည်းမည်းမြင်ရာ ခုတ်ထစ်ပိုင်းလေတော့သည်။

"ယား. . ."

"ခွမ်း. . ချလွမ်း. ."

"ဟီးဟီးဟီး. . ဟားဟားဟားဟား. . ."

"အီး. . ဟင့်. . ဟင့်. ."

"ဟိုင်းယား. . ."

"ဝုန်း. . ."

သူ၏ ခွန်အားကောင်းလှသော ပုဆိန်သွားများကား အရာရောက်လှသည်။ သူ့အားဝိုင်းဝန်းတိုက်ခိုက်ကြသော ဝတ်ရုံဖြူ မိစ္ဆာကောင်တို့အား စိတ်ရှိသရွေ့သုတ်သင်ပစ်ရင်း အဆုံး၌ သူ့အားကျောခိုင်းကာရပ်နေသည့် ဝတ်ရုံမည်းနှင့်မိစ္ဆာကြီးဆီရောက်သွားလေတော့သည်။

"မင်းလည်း သေပေတော့. ."

ထိုစဉ် ဝတ်ရုံမည်းကြီးထဲမှ လက်တစ်ဖက်မြောက်တက်လာပြီး တားဆီးကာ ဦးခေါင်းတစ်လုံးတည်းသာလျှင် ဆုံလည် ကုလားထိုင်ကဲ့သို့တစ်ပတ်လည်လာကာ ဖိုးအောင်အား သွေးနီမျှင်များသမ်းနေသောမျက်လုံးတောက်တောက်ကြီးများနှင့် ကြည့်လေသည်။ ဖိုးအောင်မှာ စိတ်ညို့ခံထားရသူပမာ တဒင်္ဂငြိမ်သက်သွားခိုက်. . .

"အို. . လူသား ကျွန်ုပ်ဟာ ထာဝရရှင်သန်နေရသူသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်. . ၊ ကျွန်ုပ်ရဲ့ဝိညာဉ်တော်မှာ အားလုံးခိုလှုံကြတယ်၊ ကျွန်ုပ်က လူသားတွေရဲ့အသက်သွေးပိုင်ရှင်အစစ်ဖြစ်တယ်၊ သင်ကား. . သွေးသော်မှလည်းကောင်း၊ နှလုံးသည်းပွတ်သော်မှလည်းကောင်း ကြံ့ခိုင်ထက်မြတ်သူဖြစ်တယ်. . ဒီအတွက် သင်၏နှလုံးသွေးအား ကျွန်ုပ်၏ဝိညာဉ်တော်မှစုတ်ယူပါစေလော့. . "

"ဘာ. . "

ထိုအခါမှပင် ဖိုးအောင်သတိဝင်ကာ သွေးများပြန်လည်ဆူပွက်လာပြီး သူ၏ပုဆိန်ကြီးဖြင့် မိစ္ဆာကောင်၏လည်ပင်းကို ခုတ်ပိုင်းချလိုက်လေတော့၏။

၅ ၅ ၅ ၅





အိမ်ကြီးပေါ်၌ကား မနှင်းဖွေးနှင့်အိမ်သားများစုစည်းမိကာ စန္ဒီနှင့်ဟန်နီလည်း သတိကောင်းစွာရနေပြီဖြစ်သဖြင့် ဤအိမ်ကြီးအားစွန့်ခွာရန် ဝိုင်းဝန်းတိုက်တွန်းနေကြလေသည်။

"ဟုတ်တယ် မေမေ. . သမီးလည်းမနေချင်တော့ဘူး၊ သမီးသူငယ်ချင်းမစ်ကီလည်း အစွယ်ကြီးတွေထွက်လာလို့ သမီး ကြောက်လာပြီ. . သူ့အရုပ်ကိုတောင်လွှင့်ပစ်လိုက်ပြီ. . "

အငယ်ဆုံးသမီးလေးဟန်နီကပါ သွေးဆုတ်ဖြူရော်နေသောမျက်နှာနှင့်ပြောလာ၍ မနှင်းဖွေးပြောင်းရွှေ့ရန် ဆုံးဖြတ်ရတော့၏။

"ကဲ. . ဒေါ်အေးမေ. . အရေးကြီးတဲ့ပစ္စည်းတွေပဲ သယ်ထုတ်ပြီး မြင်းလှည်းပေါ်တင်. . မရန်းသီး မြင်းလှည်းအဆင်သင့်ပြင်စမ်း၊ ဦးကြီးက ဒေါ်အေးမေနဲ့အဖော်လုပ်ပေး၊ သမီးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကသွားထိုင်စောင့်နေကြ”

“ဟုတ်. . မေမေ. . လာ. . ညီမလေး”

“အထူးက. . အမေ့ကိုပစ္စည်းအိတ်တွေကူသယ်ပေး”

သို့နှင့်အားလုံးသွက်သွက်လက်လက်ပင် လှုပ်ရှားလုပ်ကိုင်ကြသဖြင့် တစ်နာရီအတွင်းမှာပင် အိမ်ကြီးဆီမှထွက်ခွာရန်အသင့်ဖြစ်သွားသည်။ သို့သော် ဖိုးအောင်ကိုမတွေ့ရသဖြင့် သူမစိတ်ထဲနောက်ဆံတင်းကာ. .

“အထူးရေ. . မင်းဦးလေးဘယ်ကိုထွက်သွားတာ တွေ့မိလဲဟင်. .”

“မသိဘူး. . . ဒေါ်နှင်း. .”

အမှန်တော့ ရောဘတ်ထူးသိပါသည်။ မြေအောက်ခန်းထဲက ကုလားလူကြီးအော်ပြီးတက်လာကတည်းက ဖိုးအောင်ပါမလာ။ သူချောင်းကြည့်နေခိုက် ဖိုးအောင်တက်လာပြီး ပုဆိန်နှုတ်ယူကာ ပြန်ဆင်းသွားသဖြင့် သူကိုယ်တိုင် အံ့ဖုံးဒေါက်ကိုသွားရောက်ဖြုတ်ချပစ်လိုက်ခြင်းဖြစ်လေသည်။

ဝန်ခံရလျှင် ဒေါ်နှင်းဘေးမှာ ဖိုးအောင်ရှိနေတာ သူ လုံးဝသဘောမကျပါ။ သူ၏ဖခင်သဘောမကျနိုင်သော အခြေအနေမျိုးဖြစ်၍ လွန်လေပြီးသောဖခင်အတွက် သူလုပ်ပေးနိုင်သလောက် လုပ်ပေးခြင်းပင်။ ပြီးတော့ သူအလွန်ချစ်သော ဘော်ဘီ။

ဘော်ဘီလေးက ဖခင်ကိုယ်တိုင် သူ၏မွေးနေ့လက်ဆောင်ဖြစ်သောကြောင့် သူအလွန်မြတ်နိုးချစ်ခင်ရသော ခွေးပုလေး။ ဒါကိုမှ အစိတ်စိတ်အမွှာမွှာဖြစ်အောင် ခုတ်ထစ်သတ်ဖြတ်ရက်လေခြင်း။





ရောဘတ်ထူး တွေးကြည့်လေ စိတ်နာလေလေဖြစ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုတ်ကာထားမိသည်။

“သား. . အထူး. . အမေ့ကိုပြောပါ မင်းဦးလေးကိုတွေ့မိသလား”

ရောဘတ်ထူး မျက်ထောင့်နီကြီးနှင့် နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ခေါင်းကိုခါရမ်းပြလိုက်သည်။

ထိုအခါ မနှင်းဖွေးက. .

“ပြောပါသားရယ်. . သူမပါဘဲ အမေတို့ဘယ်လိုခရီးဆက်မှာလဲ. . ဒီကားကိုဘယ်သူမောင်းမှာလဲ”

ဒီတော့မှ ရောဘတ်ထူးမျက်နှာပေါ် မချိတင်ကဲဖြစ်လာကာ မျက်ရည်များဝဲလာပြီး. .

“သူကို. . မြေအောက်ခန်းထဲမှာ ပိတ်ထားခဲ့တယ်”

“ဘာ. .”

ရောဘတ်ထူးစကားကြောင့် မနှင်းဖွေးမျက်နှာတစ်ခုလုံးပြာတက်သွားပြီး အိမ်မကြီးထဲပြေးဝင်သွားလေသည်။ ထိုအခိုက်မှာပင် သွေးသံရဲရဲနှင့် ပုဆိန်ကြီးကိုင်လျှက် မြေအောက်ခန်းထဲမှတက်လာသောဖိုးအောင်ကိုတွေ့လိုက်ရသဖြင့် သူမ အံ့အားသင့်ကာ ရပ်တန့်သွားစဉ်. . ဖိုးအောင်အနီးနားအထိ တိုးကပ်လာကာ စားတော့ဝါးတော့မလိုကြည့်လိုက်သည်။

ဖိုးအောင်၏မြင်ကွင်းထဲ အစွယ်ဖွေးဖွေး အမွေးဖားလျားနှင့် မိစ္ဆာကောင်တွေသာမြင်နေတော့သဖြင့်. . သူ၏ပုဆိန်ကြီး ဆွဲမြှောက်ကာ ခုတ်မည်အပြု. .

“ကို. . ကိုဖိုးအောင်၊ ကျွန်မ. . ကျွန်မ. . နှင်းဖွေးပါ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မိစ္ဆာတွေ၊ တစ်အိမ်လုံးမိစ္ဆာကောင်တွေနဲ့ ပြည့်နေတာ. ."

"ကိုဖိုးအောင်. . ကိုဖိုးအောင်. . သတိရပါဦး၊ ကျွန်မ. ."

ထိုစဉ်အတွင်း အိမ်နောက်ဘက်မှပတ်ဝင်လာဟန်ရှိသော ရောဘတ်ထူးက ဖိုးအောင်နောက်မှထွက်ပေါ်လာပြီး. . ဖိုးအောင် ခေါင်းကို ထင်းပိုင်းနှင့်ရိုက်ချလိုက်လေတော့၏။

"ခွပ်. ."

"အ. ."

"ဝုန်း. . ချွမ်းဂလောင်"

"အထူး. . မလုပ်နဲ့"

ဖိုးအောင်မှာ စိတ်ရောလူပါပင်ပန်းထားသည့်ဒဏ်နှင့် ရောဘတ်ထူး၏ရိုက်ချက်တစ်ချက်တည်းနှင့်ပင် ကြမ်းပြင်ပေါ် အရုပ်ကြိုး ပြတ်ပစ်ကျကာ ပုဆိန်ကြီးပါလက်ကထွက်သွားစဉ် ရောဘတ်ထူး ပြေးကောက်၍ခုတ်မည်အပြု မနှင်းဖွေးအတင်းဝင်လုံးကာ ဝင်လု လေသည်။

"ဒေါ်နှင်း. . လွှတ်. . လွှတ်ဗျာ၊ ဒီလူ ကိုကျွန်တော်မသတ်ရင် ကျွန်တော်တို့အားလုံးကို သူသတ်တော့မယ်ဗျ. ."

"မဟုတ်ဘူးသား. . အမေပြောတာနားထောင်ပါ၊ အခြေအနေအားလုံးကို အမေနားလည်တယ်. . သူမြေတိုက်အထဲမှာ ဘယ်လောက် တောင်ပင်ပန်းပြီးမှ အပေါ်တက်လာခဲ့ရတယ်ဆိုတာ အမေတွေးသိနိုင်တယ်. . အမေ့စကားကိုနားထောင်ပါ. . သွားပါ လူလေးရယ်၊ အမေ့ကိုချစ်ရင် ညီမလေးတွေနဲ့ ကားပေါ်မှာ သွားစောင့်နေ"





"မဖြစ်ဘူးဗျ. . သူထလာပြီး ဒေါ်နှင်းကိုတစ်ခုခုလုပ်ရင်"

"စိတ်ချပါ. . အထူး. . ဦးလေးဘာမှမလုပ်ဘူးလို့ ကတိပေးတယ်. . အား. . ကျွတ်. . ကျွတ်. ."

"ဟင်. ."

"ဟင်. . ကိုဖိုးအောင်. . ကိုဖိုးအောင် ရှင်သတိရလာပြီနော်၊ အိုး. . ခေါင်းမှာသွေးတွေ. . သွေးတွေ. ."

"ရတယ်. . ကျွန်တော်ဘာမှမဖြစ်ဘူး ကျွန်တော်နိုင်ခဲ့တယ်၊ ကျွန်တော်သရဲ မိစ္ဆာကောင်တွေအားလုံးကိုသတ်ပုတ်နိုင်ခဲ့တယ် မနှင်းဖွေး. ."

"ဒါပေမယ့် ကျွန်မတို့ ဒီကလောလောဆယ်ထွက်သွားမှ ဖြစ်မယ်၊ ကလေးတွေလုံးဝကိုမနေရဲတော့တာ. . အားလုံးလည်း ကားပေါ်ရောက်နေကြပြီ၊ ပစ္စည်းတွေနဲ့ ရထားလုံးလည်းထွက်နှင့်ပြီ၊ ကိုဖိုးအောင်. . ကျွန်မတို့သားအမိတွေပဲကျန်တော့တယ်"

ဖိုးအောင် အခြေအနေအားလုံးအပေါ် နားလည်လက်ခံသွားကာ မနှင်းဖွေးလက်ထဲကပုဆိန်ကိုဆွဲယူ၍ ရောဘတ်ထူးလက်ထဲထည့်ပေးလိုက်လေသည်။

"အဲ့ဒါသားယူထား. . ဒီပုဆိန်နဲ့မိစ္ဆာအားလုံးကို ဦးလေး တိုက်နိုင်ခဲ့တာ. . ဒါကြီးကိုမြင်တာနဲ့ မိစ္ဆာသရဲတွေကြောက်မှာ အသေအချာပဲကွ. . ကဲ. . ကျွန်တော်တို့သွားရအောင်"

ထို့နောက် ဖိုးအောင် ထိုင်နေရာမှထ၍ မနှင်းဖွေးကို ပခုံးဖက်ကာ ရှေ့မှထွက်နှင့်တော့၏။

"ခွမ်. . ဂလောင်. ."

"ဟင်. ."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်ကအသံကြောင့် ဖိုးအောင်တို့လှည့်ကြည့်လိုက်စဉ် ရောဘတ်ထူးက သူ့လက်ထဲမှလွှင့်ပစ်လိုက်သော ပုဆိန်ကိုနာကြည်းစွာ လှမ်းကြည့်လျက်. . .

"တခွေလာရင် နပမ်းဖက်လုံးမယ်ဗျာ၊ ကျွန်တော့်ခွေးကို ခုတ်သတ်ထားတဲ့ပုဆိန်ကြီးကိုတော့ အလေးခံပြီးမသယ်ချင်ဘူး"


သို့နှင့် သူတို့အားလုံးလည်း ထိုအိမ်ဝန်းကြီးထဲ၌ ဆက်၍ မနေဝံ့ကြတော့ပေ။ ကလေးနှစ်ယောက်မှာတော့ ကားထဲမှသူတို့ အလာကို မျက်လုံးလေးများပြူးလျှက်စောင့်နေကြသည်။

ထို့နောက်တွင် ဖိယက်ကားကလေးသည် မြေနီလမ်းကလေးအတိုင်း ပြည်လမ်းမဆီ ဦးတည်မောင်းနှင်နေလေပြီ။ နောက်တွင်ကျန်ခဲ့သောအိမ်ကြီးကို ဖိုးအောင် ကားမောင်းရင်း နောက်ကြည့်မှန်မှတဆင့် ကြည့်လိုက်ရာ. . အိမ်ကြီးတစ်ခုလုံး ခေါင်မိုး၊ နံရံ ပေါ်ကအစ ခြံဝန်းထဲရှိ နေရာလပ်မကျန်အောင် သရဲမိစ္ဆာများဖြင့် ပြည့်နှက်နေသည်ကို တွေ့လိုက်ရလေသည်။

ထိုမိစ္ဆာသရဲများသည် နောင်ရောက်လာဦးမည့် အိမ်ပိုင်ရှင်အသစ်ကို ဆက်လက်ဒုက္ခပေးရန် စောင့်နေကြမည့်မှာ ကေန်အမှန်ပင် ဖြစ်ပေတော့သတည်း။ ။

မေဝတာ






BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com